ကတည္တော ဓတံ မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်၊ ၂၀၀၄ ခုနှစ်၊ မေ ၂၃ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၀၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ နိုင်ငံတကာအဆင့်မီကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

စတုတ္ထအကြိမ်ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကိုနိုင်ငံတကာညီလာခံအင်္ဂါရပ်များနှင့်အညီကျင်းပ ဩဝါဒတော်များ မြန်မာနိုင်ငံ၏အေးချမ်းသာယာမှု၊ သဘာဝပတ်ဝန်းကျင်မပျက်မယွင်းရှိနေမှု ခံစားမိရေးဆောင်ရွက်

ရန်ကုန် မေ ၂၂

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ နိုင်ငံတကာအဆင့်မီကျင်းပနိုင်ရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဗဟိုဆောင်အစည်းအဝေးခန်းမ၌ကျင်းပရာ စတုတ္ထအကြိမ်ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့

အ ဖ ဝ င

ဝန်ကြီးများ၊ရန်ကုန်မြို့တော်ဝန်၊ဒုတိယဝန်ကြီးများ၊နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် တာဝန်ရှိသူများ၊ ညီလာခံကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီများမှ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ နိုင်ငံတကာအဆင့်မီကျင်းပနိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးအပြီးတွင် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓ ဘာသာ ထိပ်သီးညီလာခံအခမ်းအနားတွင် အသုံးပြုမည့် ထေရဝါဒဗုဒ္ဓဘာသာ သာသနာတော်ဆိုင်ရာ စာအုပ်များ၊ ယပ်များ၊ ရင်ထိုးတံဆိပ်နှင့်အမှတ်တရလက်ဆွဲအိတ်တို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

နိုင်ငံတော်၏အနာဂတ် ခေတ်မီရှင်သန်ရေး စက်မှုကဏ္ဍ အမြန်ဖွံ့ဖြိုးတိုးတက်လာစေရေးကြိုးပမ်း

မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေသည် ပထမကာလတို လေးနှစ်စီမံကိန်းကာလ (၁၉၉၂-၉၃ မှ ၁၉၉၅-၉၆)အတွင်း စက်မှုကဏ္ဍသည် တစ်နှစ်ပျမ်းမျှ ၉ ရာခိုင်နှုန်းခန့်၊ ဒုတိယကာလတို ငါးနှစ်စီမံကိန်းကာလ (၁၉၉၆-၉၇ မှ ၂၀၀၀-၂၀၀၁)အတွင်း တစ်နှစ်ပျမ်းမျှ ၁၀ ဒသမ ၇ ရာခိုင်နှုန်းခန့် အသီးသီးတိုးတက်ခဲ့ပြီး လက်ရှိတတိယကာလတို ငါးနှစ်စီမံကိန်းကာလတွင် ၂၀၀၁-၂၀၀၂ ခုနှစ်၌ ၂၁ဒသမ၈ရာခိုင်နှုန်း၊ ၂၀၀၂-၂၀၀၃ခုနှစ်၌ ၂၆ ဒသမ ၈ရာခိုင်နှုန်း၊ ၂၀၀၃-၂၀၀၄ခုနှစ်၌ ၂၂ ဒသမ ၆ ရာခိုင်နှုန်းခန့် တိုးတက်လာနေသည်ကို တွေ့ရသည်။ တစ်နည်းအားဖြင့် စက်မှုကဏ္ဍသည် အရှိန်အဟုန်မြင့်မြင့်မားမား တိုးတက်လျက်ရှိသည်။

ထို့အပြင် လယ်ယာကဏ္ဍပြီးလျှင် တိုင်းပြည်၏ ကုန်ထုတ်လုပ်မှုအပိုင်း၌ စက်မှုကဏ္ဍသည် ဒုတိယမြောက် တန်ဖိုးပမာဏအများဆုံး နေရာယူထားသည့် စီးပွားရေးကဏ္ဍဖြစ်သည်။ စက်မှုကဏ္ဍ၌ ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံ စုစုပေါင်းတစ်သိန်းကျော်ရှိပြီး အကြမ်းဖျင်းအားဖြင့် လုပ်သားအင်အားနှစ်သန်းကျော် ပါဝင်လုပ်ကိုင်လျက်ရှိသည်။ ယင်းပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံများ၌လည်း အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများသည် ၉၀ ရာခိုင်နှုန်းကျော် ပါဝင်နေရာယူလျက်ရှိသည်။

ထို့ကြောင့် ပုဂ္ဂလိကအသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများကို မြှင့်တင်ပေးနိုင်မည်ဆိုပါက စက်မှုကဏ္ဍ ကုန်ထုတ်လုပ်မှုသည် သိသိသာသာ တိုးတက်လာမည်ဖြစ်သည်။ ယင်းသို့ တိုးတက်မှုလည်း အမျိုးသားစီးပွားရေးတန်ဖိုး(ဂျီဒီပီ)တွင် စက်မှုကဏ္ဍ၏ပါဝင်မှုအချိုးအစားသည် လက်ရှိ၁၃ ရာခိုင်နှုန်းခန့် ရှိသည့်အဆင့်မှ တစ်နှစ်ထက်တစ်နှစ် တိုးတက်ဖြစ်ပေါ်လာရမည်ဖြစ်သည်။ သို့မှလည်း နိုင်ငံတော်သည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံအဆင့်မှ စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုနိုင်ငံအဆင့်၊ ထိုမှတစ်ဆင့် ခေတ်မီစက်မှုနိုင်ငံအဆင့်ကို ပြည့်ပြည့်ဝဝ မြန်မြန်ဆန်ဆန် ကူးပြောင်းနိုင်မည်ဖြစ်ပေသည်။

ဧပြီလ ၂၀ရက်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန သင်တန်းခန်းမ၌ကျင်းပသော မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၀၆)တွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာ၌-

"နိုင်ငံတော်အကြီးအကဲကိုယ်တိုင် စဉ်ဆက်မပြတ် အားပေးမှု၊ လမ်းညွှန်ပေးမှုနှင့်အတူ စက်မှုဖွံ့ဖြိုးရေးကော်မတီအဆင့်ဆင့်နှင့် စက်မှုဇုန်တာဝန်ခံများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ အနီးကပ်ကွပ်ကဲ ပံ့ပိုးမှုများကြောင့် စက်မှုဇုန်များမှာ တိုတောင်းသော ရှစ်နှစ်ကျော်၊ ကိုးနှစ်ကျော် ကာလအတွင်း၌ သိသိသာသာ တိုးတက်လာသည်မှာ မှန်သော်လည်း စက်မှုဇုန်များ၏ အနာဂတ်ကို ယခုထက်ခိုင်မာအောင် ကြိုးပမ်းရမှာဖြစ်ကြောင်း"

ပြောကြားသွားသည်။

စက်မှုဇုန်များ၏အနာဂတ်ကို ခိုင်မာစေရန် ကြိုးပမ်းရာတွင် လယ်ယာသုံးစက်ကိရိယာထုတ်လုပ်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းသုံး စက်ကိရိယာထုတ်လုပ်ရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးယာဉ် ထုတ်လုပ်ရေးလုပ်ငန်း၊ သွင်းကုန်အစားထိုးစက်မှုလုပ်ငန်းတို့ကို အလေးထားပြီး ဖွံ့ဖြိုးတိုးတက်လာစေရေး အာရုံစိုက်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအခါ တစ်နိုင်ငံလုံးတွင် ပုဂ္ဂလိကစက်မှုဇုန် ၁၉ ဇုန်အထိ စုစုစည်းစည်း တိုးတက်ဖြစ်ပေါ်လာသကဲ့သို့ နိုင်ငံတော်၏ စက်မှုကဏ္ဍသည်လည်း ထပ်ဆင့်မြှင့်တင် ပြောင်းလဲတိုးတက်ရန် အချိန်အခါရောက်ရှိနေပြီဖြစ်သည်။ ထို့ကြောင့်လည်း ၂၀၀၄-၂၀၀၅ခုနှစ်မှစပြီး စက်မှုကဏ္ဍ အရှိန်အဟုန်ဖြင့် စတင်တိုးတက်ဖြစ်ထွန်းစေရန် နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ မျက်မှောက်ကမ္ဘာတွင် အတတ်ပညာနည်းပညာ မြင့်မားသည့်၊ အရည်အသွေးကောင်းသည့် ပစ္စည်းများကို ယှဉ်ပြိုင်ထုတ်လုပ်နေသည့် အချိန်ကာလတွင် နိုင်ငံတော်၏အနာဂတ် ခေတ်မီရှင်သန်ရေး အတွက် စက်မှုကဏ္ဍကို အကြီးမားဆုံးနှုန်းနှင့် အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ~~တိုက်တွန်းရေးသားလိုက်ရပါသည်။~~

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အသံမစဲပဋ္ဌာန်းပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂၂

ကြည့်မြင်တိုင်မြို့နယ် ဘောဂ ရပ်ကွက် ဘောဂလမ်း အမှတ် ၅၄ စေတနာသမ္ဘာရဝတ်အသင်းကြီးဓမ္မာရုံကြီး၌ ကိန်းဝပ်စံပယ်သော ပြည်လုံးချမ်းသာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့် (၂၄)ကြိမ်မြောက် အသံမစဲပဋ္ဌာန်းပွဲကို ဧပြီ၂၄ရက်မှ ၂၉ ရက်ထိ ကျင်းပ၍ မေ၁ရက်ညပိုင်းတွင် ဘောဂရပ်ကွက်နှင့် ဈေးကလေး ရပ်ကွက်များတွင် အန္တရာယ်ကင်း ပရိတ်တရားများ ရွတ်ဖတ်ပူဇော်မည် ဖြစ်သည်။ **(က-ပ)**

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် ဧပြီ ၂၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိုက်ထွန်းအား ယင်းဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

ပုဇွန်တောင်မြို့နယ် (၂၁)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်ပွဲကို ဧပြီ ၂၂ရက်က မြသိန်းတန်ကျောင်း ပရိယတ္တိစာသင်တိုက်၌ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောသလ က သြဝါဒကထာမြွက်ကြားစဉ်။(၃၅၂)

မင်္ဂလာဒုံတပ်နယ် သစ်ပင်ပျိုးပွဲတော်ကျင်းပ
တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေတက်ရောက် ပျိုးထောင်စိုက်ပျိုးပေး

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ စီစဉ်ဆောင်ရွက်မှုဖြင့် မင်္ဂလာဒုံတပ်နယ် သစ်ပင်ပျိုးပွဲတော်အခမ်းအနားကို ဧပြီ ၂၀ရက် နံနက်၇နာရီခွဲက မင်္ဂလာဒုံမြို့နယ် နယ်မြေခံတပ်၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားသို့ မင်္ဂလာဒုံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ အမှတ်(၁)စစ်ဒေသမှူး ဗိုလ်မှူးကြီးထွန်းကြည်၊ တပ်နယ်မှူးများ၊ မင်္ဂလာဒုံတပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့မှူးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ယခုအခါ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင်မိုင် ၃၀ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်တပ်ရင်း/တပ်ဖွဲ့များ၌ မြေလွတ်မြေလပ်များ မရှိစေရေး၊ စီးပွားရေးအထောက်အကူပြုအပင်များ၊ ရတနာတန်းဝင်အပင်များကို စနစ်တကျ အကွက်ချပြီး တပ်နယ်များ၏အနီးကပ်ကြီးကြပ်မှုဖြင့် တစ်အုပ်တစ်မ စိုက်ပျိုးရေး၊ စိုက်ပျိုးပြီးသစ်ပင်များ ရှင်သန်ဖြစ်ထွန်းစေရေးအတွက် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများကို အလေးထား ဆောင်ရွက်ရေး၊ ဒေသခံပြည်သူများပါ သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းကို စိတ်ပါဝင်စားလာစေရန် သစ်ပင်ပျိုးပွဲတော်များ၊ သစ်ပင်စိုက်ပွဲတော်များ တပ်နယ် အလိုက်ကျင်းပဆောင်ရွက်ကြရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မင်္ဂလာဒုံတပ်နယ်မှူး ဗိုလ်မှူးကြီးဝင်းနောင်က မင်္ဂလာဒုံတပ်နယ်အတွင်း သစ်ပင်ပျိုးပွဲတော်ကျင်းပနိုင်ရေး ဆောင်ရွက်ခဲ့မှုနှင့် တပ်ရင်း၊ တပ်ဖွဲ့များအလိုက် သစ်ပင်ပျိုးထောင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်း သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးသန်းမြင့်က သစ်စေ့မှပျိုးထောင်နည်းအဆင့်ဆင့်နှင့် ပျိုးထောင်ပြီးအပင်များ ရှင်သန်ကြီးထွားစေရန် စနစ်တကျ စိုက်ပျိုးရေးနှင့် ပြုစုထိန်းသိမ်းရေး လုပ်ငန်းများအဆင့်ဆင့် ဆောင်ရွက်ရမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပျိုးထောင်စိုက်ပျိုး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့နှင့်အဖွဲ့သည် သစ်တောဦးစီးဌာနနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့၏ ပြခန်းများကို ကြည့်ရှုစစ်ဆေးပြီး ကျွန်းစေ့နှင့် ခရေစေ့များကို ပျိုးအိတ်များအတွင်း စနစ်တကျ ပျိုးထောင်ပေးပြီး ကျွန်းပင်ပေါက်နှင့် ခရေပင်ပေါက်များကို ပျိုးအိတ်များအတွင်း ပျိုးထောင်စိုက်ပျိုးပေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့နှင့်အဖွဲ့သည် ငရုတ်ကောင်း စိုက်ပျိုးထားရှိမှု အခြေအနေများကို လည်းကောင်း၊ မင်္ဂလာဒုံတပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ တပျော်တပါး သစ်ပင်ပျိုးထောင်နေမှု အခြေအနေများကို လည်းကောင်း၊ ပျိုးထောင်ပြီး ပျိုးပင်များထိန်းသိမ်းနေမှု အခြေအနေများကို လည်းကောင်း လိုက်လံကြည့်ရှုအားပေးကြသည်။

အမှတ်တရစိုက်ပျိုးပေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ဌေးတို့နှင့်အဖွဲ့သည် မင်္ဂလာဒုံတပ်နယ် သစ်ပင်ပျိုးပွဲတော် အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်နှင့် ခရေပင်များကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

မင်္ဂလာဒုံတပ်နယ် အနေဖြင့် ယခုနှစ်သစ်ပင်ပျိုးပွဲတော်တွင် တမာ၊ မန်ကျည်း၊ ထန်း၊ သစ်ဆိမ့်၊ ကျွန်း၊ ပျဉ်းကတိုး၊ ခရေ၊ မအူ၊ ကုက္ကို အစရှိသည့် ပျိုးပင်ပေါင်း ၆၀၄၀၅ ပင် ပျိုးထောင်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၃-၄-၂၀၀၆
(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
၄:၃၅ ၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Introduction to Economics (စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား၊ ပြည်သူ့ရေးရာ)
၅:၃၀ ၁၀။ ပညာခေတ်
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသ သတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဝင်းပပလှသူလေးရယ်"** (အပိုင်း-၁)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း-၁၀)

သွေးဆေးကန်ဆရာတော် မိုးကုတ်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယဖြစ်သော ဘဒ္ဒန္တတေဇိန္ဒ (B.Sc, Phy) သည် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားမြို့ စွယ်တော်ကျောင်း မိုးကုတ်ရိပ်သာ၌ မေ၄ရက်မှ ၁၀ရက် ကဆုန်လပြည့်ကျော် ၁ရက်မှ ၇ရက်ထိ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်ပုဂ္ဂိုလ်များအား ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် ဂုဏ်ပြုလွှာနှင့်ဂုဏ်ပြုငွေများချီးမြှင့်

ရန်ကုန် ဧပြီ ၂၂

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက် ၉ နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ ကျင်းပသော ၂၀၀၄ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၀၄)နှင့်(၅/၂၀၀၄)တို့အရ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသည့် ပုဂ္ဂိုလ်များအား ဂုဏ်ပြုချီးမြှင့်သည့်အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ဂုဏ်ပြုလွှာနှင့်ဂုဏ်ပြုငွေများ ချီးမြှင့်သည်။

အခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစား အဖွဲ့ချုပ် ဦးဆောင်နာယက အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဂုဏ်ပြုစကား

အခမ်းအနားတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၄ခုနှစ် ဇန်နဝါရီ ၄ ရက် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ချီးမြှင့်ခြင်းခံရသည့် လူမှုထူးချွန်ပထမဆင့်ရရှိသူနှစ်ဦး၊ ဒုတိယဆင့်ရရှိသူ ၁၀ ဦး၊ စီမံထူးချွန် တတိယဆင့်ရရှိသူခြောက်ဦး၊ လူမှုထူးချွန်တတိယဆင့်ရရှိသူ ၇၀ နှင့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူ ၂၅ ဦး စုစုပေါင်း ၁၁၃ ဦးတို့အား ဂုဏ်ပြုလွှာနှင့်ဂုဏ်ပြုငွေများ အသီးသီးပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက်ဝန်ကြီးသည်နံနက်ပိုင်းတွင် အောင်ဆန်းအားကစားပြိုင်ဝင်းမိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပသော ၂၀၀၄ခုနှစ် (၁၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများ အားကစားကွင်းအတွင်း သတ်မှတ်နေရာ၌ နေရာယူကြပြီး ယမန်နှစ်ချန်ပီယံ ရန်ကုန်တိုင်းအမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့က ချန်ပီယံဒိုင်းဆုကြီးများကို ပြန်လည်အပ်နှံကြရာ ဝန်ကြီးက လက်ခံပြီး အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

သစ္စာအဓိဋ္ဌာန်ရွတ်ဆို

ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများကအားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး အားကစားပြိုင်ကွင်း အတွင်းမှ ပြန်လည်ထွက်ခွာသွားကြသည်။

ထို့နောက် ဖွင့်ပွဲနေ့ပြိုင်ပွဲကို စတင်ကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ဧပြီ ၂၂ရက်က မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ၂၀၀၄ ခုနှစ် (၁၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ် ပြိုင်ပွဲဖွင့်ပွဲတွင် ယမန်နှစ်ချန်ပီယံ ရန်ကုန်တိုင်းအမျိုးသား၊ အမျိုးသမီးအသင်းက ချန်ပီယံဒိုင်းဆုကြီးအား ပေးအပ်နေစဉ်။

(အား/ကာ)

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့သည့် အာရှလူထုဆက်သွယ်ရေး ထိပ်သီးညီလာခံ (၂၀၀၄) ခုနှစ်သို့ တက်ရောက်ခဲ့သော မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိရာ ကြိုဆိုသူများနှင့်အတူတွေ့ရစဉ်။

(သတင်းစဉ်)

အာရှလူထုဆက်သွယ်ရေးထိပ်သီးညီလာခံမှ မြန်မာကိုယ်စားလှယ်အဖွဲ့ပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့သည့် အာရှလူထု ဆက်သွယ်ရေးထိပ်သီးညီလာခံ ၂၀၀၄ (The Asia Media Summit 2004) သို့ တက်ရောက်ခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ်ဦးခင်မောင်ဌေးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။

ကြိုဆိုနှုတ်ဆက်

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိဦးစီးဌာန လုပ်ငန်းများမှညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မိသားစုများကပါ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါသွားသော မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဒုတိယညွှန်ကြားရေးမှူး(သံစုံတီးဝိုင်း)ဦးဝင်းအောင်နှင့် ဦးစီးအရာရှိ(ထုတ်လွှင့်) ဒေါ်ဆန်းဆန်းဦးတို့လည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဦးဖေသန်း သိမ်ဖြူသင်္ဘောကျင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၂

ပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းသည် ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သိမ်ဖြူသင်္ဘောကျင်းသို့ ရောက်ရှိရာ သိမ်ဖြူသင်္ဘောကျင်း ရှင်းလင်းဆောင်၌ ဒုတိယအထွေထွေမန်နေဂျာ(စက်မှု) ဦးမြင့်သောင်းက ပြင်ဆင်ဆဲရေယာဉ်များ၊ အသစ်တည်ဆောက်လျက်ရှိသောရေယာဉ်များနှင့် အသစ်တည်ဆောက်ရန် ဇရာခင်းဆဲ ရေယာဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ဒုတိယဝန်ကြီးက ရေယာဉ်ဒီဇိုင်းပုံစံ လိုအပ်ချက်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေး အတည်ပြုပြီး ရေယာဉ်ပြင်ဆင်မှု၊ အသစ်တည်ဆောက်မှုများကို အရည်အသွေးပြည့်မီစွာနှင့် သတ်မှတ်ချိန်ထက်စော၍ ပြီးစီးစေရန်၊ စက်မှုကုန်ထုတ်လုပ်မှုအား ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် မှာကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် လုပ်ငန်းခွင်တွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုပေါင်းစပ်ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧည့်လမ်းညွှန်အခြေခံသင်တန်းတက်ရောက်နိုင်

ရန်ကုန် ဧပြီ ၂၂

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဌာနသည် ဧည့်လမ်းညွှန်အခြေခံသင်တန်းအမှတ်စဉ်(၃၂)ကို ဧပြီ ၂၇ ရက်တွင် ဖွင့်လှစ်ရန်စီစဉ်လျက်ရှိသည်။

အဆိုပါသင်တန်းသို့တက်ရောက်ရန် အင်္ဂလိပ်စာအခြေခံ ရေးဖြေဆန်းစစ်ခြင်းစာမေးပွဲ အောင်မြင်ပြီး သင်တန်းသို့ တက်ရောက်ခွင့်ရရှိသူများစာရင်းကို အမှတ်(၄၀)ဗိုလ်ဆွန်ပက်လမ်း ပန်းဘဲတန်းမြို့နယ်ရှိဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန သင်တန်းကျောင်း၌ ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။ သင်တန်းတက်ရောက်မည့်သူများသည် ဧပြီ ၉ရက်မှစ၍ ဧပြီ၂၆ ရက် နောက်ဆုံးထားပြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၌စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး ညှိနှိုင်းစည်းဝေး ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်း အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၂၂

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ဘုရင့်နောင်လမ်းမ သစ်တောဦးစီးဌာန တော်ဝင်ခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ (အောက်ပုံ)

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အထူးအရာရှိများ၊ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းတွင် အဓိကပါဝင်မည့် ခရိုင် ရှစ်ခရိုင်နှင့် မြို့နယ် ၃၁မြို့နယ်မှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း၊ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး စီမံကိန်းညွှန်ကြားရေးမှူးက ခရိုင်နှင့်မြို့နယ်များအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစီမံချက်ကိုလည်းကောင်း၊ သက်ဆိုင်ရာခရိုင်လက်ထောက်ညွှန်ကြားရေးမှူးများက ခရိုင်အလိုက်ဆောင်ရွက်ရမည့်လုပ်ငန်းစီမံချက်အသေးစိတ်ကိုလည်းကောင်း ညှိနှိုင်းရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်ရှိ ထိုင်းတပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရလျှင် တပ်ရုပ်သိမ်းမည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် ပြောကြား

ဗန်ကောက် ဧပြီ ၂၁

ထိုင်းနိုင်ငံသည် အီရတ်၌ရှိနေသော ဆေးဘက်ဆိုင်ရာနှင့် အင်ဂျင်နီယာတပ်ဖွဲ့ဝင် ၄၅၁ဦး အကယ်၍ အတိုက်ခံရလျှင် အီရတ်နိုင်ငံမှ ပြန်ရုပ်သိမ်းမည်ဖြစ်ကြောင်း အီရတ်နိုင်ငံ၌ ပြန်ပေးဆွဲမှုများနှင့် တိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီးနောက် အင်္ဂါနေ့၌ ဝန်ကြီးချုပ် သက်ဆင်ရှီနာဝါထရာက ပြောကြားလိုက်သည်။

လွန်ခဲ့သည့်နှစ်တွင် အီရတ်နိုင်ငံတောင်ပိုင်း ကာဘာလာ၌ လူသားချင်းစာနာသည့်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေလွှတ်ထားခဲ့သော ထိုင်းတပ်ဖွဲ့ဝင်များကို ရုပ်သိမ်းရေးတောင်းဆိုမှုများနှင့် ဝန်ကြီးချုပ် သက်ဆင်၏ အစိုးရ ကြုံတွေ့နေရသည်။

ရုပ်သိမ်းမည်

အကယ်၍ မိမိတို့လူများ ထိခိုက်နာကျင်မှုရှိလျှင်လည်းကောင်း၊ အသတ်ခံရလျှင်လည်းကောင်း သူတို့ကိုအီရတ်၌ ထားမည်မဟုတ်ကြောင်း စပိန်နိုင်ငံက အီရတ်မှတပ်များ ရုပ်သိမ်းမည်ဖြစ်ကြောင်းကြေညာခဲ့သည့်အတိုင်း ဟွန်ဒူးရပ်စ်နိုင်ငံက လိုက်ပြီးကြေညာခဲ့ပြီးနောက် တစ်နေ့တွင် သက်ဆင်က သတင်းထောက်များကို ပြောကြားခဲ့သည်။

အီရတ်ကို တပ်ဖွဲ့ဝင်များ စေလွှတ်သည်ကို လက်တုံ့ပြန် ဂလဲ့စားချေရာတွင် မက်ဒရစ်၌ ရထားဗုံးခွဲမှုမျိုးကဲ့သို့ အရှေ့တောင်အာရှနိုင်ငံများကိုလည်း တိုက်ခိုက်မည်ဖြစ်ကြောင်း ခြိမ်းခြောက်စာအား ဆီွဒင်ရှိ ထိုင်းသံရုံးက ရရှိခဲ့ပြီးနောက် သက်ဆင်၏ဝေဖန်ချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

မိမိတို့သည် မိမိတို့၏တပ်ဖွဲ့ဝင်များကို ထောင်ထဲရောက်ရန်သက်သက်၊ အသတ်ခံရရန်သက်သက် အီရတ်သို့ ပို့ခဲ့သလိုဖြစ်ခဲ့ကြောင်း၊ သူတို့ဘာမျှမဖြစ်မီ ယခုအခါ အိမ်သို့ပြန်ခေါ်သည်က ပိုကောင်းမည်မဟုတ်လောဟု အထက်လွှတ်တော်အမတ် ကရန်ဆိုင်ကမ်က လွှတ်တော်၌ မေးမြန်းခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

ဧပြီ ၂၁ ရက်က ဘဂ္ဂဒက်မြို့ အနောက်ဘက်တွင် ကင်းလှည့်ပျံသန်းနေသော အမေရိကန်ဘလက်ဟော့ခ် စစ်ရဟတ်ယာဉ်တစ်စင်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်မှ ထိုင်းတပ်များရုပ်သိမ်းရေး ထိုင်းအထက်လွှတ်တော်၌ စတင်ဆွေးနွေး

ဗန်ကောက် ဧပြီ ၂၁

အီရတ်နိုင်ငံ၌ တိုက်ခိုက်မှုများကြောင့် အခြေအနေများပိုမို ဆိုးရွားလာလျက်ရှိရာ အီရတ်မှ ထိုင်းတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးကိစ္စကို ထိုင်းအထက်လွှတ်တော်၌ အင်္ဂါနေ့ နံနက်တွင် စတင်ဆွေးနွေးကြောင်း ဆင်ဟွာသတင်းများက ဆိုသည်။

အဆိုပါလွှတ်တော်က တနင်္လာနေ့တွင် အီရတ်မှ ထိုင်းတပ်များ ရုပ်သိမ်းရေးဆွေးနွေးရန်အတွက် ၆၄မဲ မဲ ၄၀ဖြင့် အတည်ပြုခဲ့ပြီး အရေးပေါ် ဆောင်ရွက်မှုတစ်ရပ်ကို သဘောတူညီခဲ့သည်။

လုံခြုံရေးအခြေအနေ စိုးရိမ်ရပြီး အကန့်အသတ်ဖြင့် သွားလာနေကြရမှုများကြောင့် အီရတ်နိုင်ငံတောင်ပိုင်း ကာဘာလာမြို့မှ ထိုင်းတပ်ဖွဲ့ဝင် ၄၄၇ ဦးအား ပြန်လည်ရုပ်သိမ်းရမည့် အချိန်ကျရောက်ပြီဟု ယုံကြည်မိကြောင်း အထက်လွှတ်တော်အမတ်များက အဆိုပါ သဘောတူညီချက်ကို ထောက်ခံဆွေးနွေးခဲ့ကြသည်။

ထိုင်းတပ်ဖွဲ့ဝင်များ၏ အကြီးအကဲတစ်ဦးက မိမိသတင်းပေးခဲ့ရာတွင် အီရတ်ရောက် ထိုင်းတပ်ဖွဲ့ဝင်များသည် အကျဉ်းသားများနှင့်တူကြောင်း၊ အဘယ်ကြောင့်ဆိုသော် သွားလိုရာ နေရာတိုင်းကို သွားခွင့်မပြုခြင်းကြောင့်ဖြစ်ကြောင်း လွှတ်တော်အမတ် ကာရမ်ဆိုင်ဂမ်က ပြောကြားသည်ကို ဗန်ကော့ပို့စ်က ကိုးကားဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်ရေနံမှ ပိုလျှံငွေ ဖွံ့ဖြိုးရေးသို့ လွှဲပြောင်းပေးအပ်

ကုလသမဂ္ဂ ဧပြီ ၂၀

ကုသမဂ္ဂသည် ယခုအခါ ဖျက်သိမ်းထားပြီဖြစ်သော အစားအစာအတွက်ရေနံအစီအစဉ်မှ ပိုလျှံငွေ ဒေါ်လာသန်း ၅၀၀ကို အီရတ်ဖွံ့ဖြိုးရေးရန်ပုံငွေသို့မကြာသေးမီကလွှဲပြောင်းပေးခဲ့ကြောင်း တနင်္လာနေ့ကပြောကြားသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၁၄၈၃ အရ ကုလသမဂ္ဂ ဒေါ်လာသန်း ၅၀၀ ကို အီရတ်ဖွံ့ဖြိုးရေးရန်ပုံငွေသို့ လွှဲပြောင်းပေးခြင်းဖြစ်သည်။ အဆိုပါလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၁၄၈၃ သည် ကုလသမဂ္ဂက ထိန်းချုပ်ဆောင်ရွက်သော အစားအစာအတွက် ရေနံအစီအစဉ်မှ လက်ကျန်ငွေကို ဖွံ့ဖြိုးရေးရန်ပုံငွေသို့ ကုလသမဂ္ဂကလွှဲပြောင်းပေးအပ်ရန် ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အုပ်ချုပ်ရေးလွှဲပြောင်းမှုအာမခံမည့် ကုလဆုံးဖြတ်ချက်လိုအပ်ကြောင်း ပြင်သစ်နှင့်ရုရှား နှစ်နိုင်ငံပြောကြား

ဘဂ္ဂဒက် ဧပြီ ၂၀

အီရတ်နိုင်ငံအရေးကိစ္စ၌ အဓိကကျသော အခန်းကဏ္ဍတစ်ရပ်အနေဖြင့် ကုလသမဂ္ဂ ပါဝင်ဆောင်ရွက်ရန်အတွက် ရုရှားနှင့် ပြင်သစ်နိုင်ငံက ထောက်ခံကြောင်း ပြောကြားခဲ့သည်။ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များ ကျူးကျော်သိမ်းပိုက်မှု လာမည့် ဇွန် ၃၀ ရက်တွင် အဆုံးသတ်သည့်အခါ အီရတ်တို့ထံ အုပ်ချုပ်ရေးလွှဲပြောင်းမှုကို အာမခံပေးမည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်လိုအပ်ကြောင်း နှစ်နိုင်ငံစလုံးက ပြောကြားခဲ့သည်။

အီတလီနိုင်ငံသားတစ်ဦး အီရတ်နိုင်ငံ၌ ပြန်ပေးဆွဲထားခြင်းခံနေခြင်းကြောင့် အီရတ်အရေးကိစ္စ၌ ကုလသမဂ္ဂမှ ပါဝင်ဆောင်ရွက်ရေးကို အီတလီနိုင်ငံက လိုလားလျက် ရှိနေသည်။ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မစ်ရှယ်လ်ဘာနီယာနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်တို့ ရုရှားနိုင်ငံမော်စကိုမြို့၌ တွေ့ဆုံခဲ့ကြပြီး အီရတ်အရေးကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ရာ အနည်းဆုံးကုလသမဂ္ဂဆုံးဖြတ်ချက်နှစ်ရပ်ပါဝင်ပြီး အဓိကကျသော ညီလာခံတစ်ရပ်ကျင်းပရန် ပါဝင်သည့် အစီအစဉ်လိုအပ်ကြောင်း နှစ်နိုင်ငံခေါင်းဆောင်များက ပြောကြားခဲ့သည်။

လွန်ခဲ့သော တနင်္ဂနွေနေ့ကလည်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးနှင့် အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် လက်ခ်ဒါဘရာဟီမီတို့ တွေ့ဆုံခဲ့ကြပြီး အီရတ်နိုင်ငံရေးအုပ်စုဝင်များ စုစည်းပြီး ညီလာခံတစ်ရပ် ကျင်းပရေး အဆိုပြုချက်ကို လက်ခ်ဒါဘရာဟီမီက ထောက်ခံကြောင်းပြောကြားခဲ့သည်။

ပြီးခဲ့သော သီးတင်းပတ်က အီတလီနိုင်ငံသား လေးဦးကို အီရတ် လက်နက်ကိုင်များက ပြန်ပေးဆွဲခဲ့ပြီး အီရတ်နိုင်ငံရှိ အီတလီတပ်ဖွဲ့ဝင်များ ရုတ်သိမ်းရေးကို တောင်းဆိုခဲ့ကြကြောင်း သိရသည်။ **(စီစီတီဗွီ)**

ဧပြီ ၂၁ ရက်က ဖော်လူဂျာမြို့ အဝေးပြေးလမ်းမကြီးတစ်ခုပေါ်တွင် လုံခြုံရေးအတွက် သွပ်ဆူးကြိုးများ ချနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

ကနေဒါနိုင်ငံသားတစ်ဦး ပြန်ပေးဆွဲခံရပြန်

အော့တဝါ ဧပြီ ၂၁

အီရတ်နိုင်ငံတွင် ဒုတိယမြောက် ကနေဒါနိုင်ငံသားတစ်ဦး ပြန်ပေးအဆွဲခံရပြန်ကြောင်း ကနေဒါနိုင်ငံခြားရေးဌာနက ကြာသပတေးနေ့၌ အတည်ပြုပြောကြားသည်။

ရီဖက်မိုဟမ်မက်ရီဖက်သည် ဧပြီ ၈ရက်နေ့ကတည်းက ပျောက်ဆုံးနေကြောင်း ၎င်းသည် ကနေဒါနိုင်ငံသားဖြစ်ပြီး ပြန်ပေးအဆွဲခံထားရခြင်းဖြစ်သည်ဟု ကနေဒါအစိုးရအဖွဲ့က အတည်ပြု ပြောဆိုသည်။ ၎င်းသည် အသက်ရှင်လျက်ရှိနေပြီး မည်သူပြန်ပေးဆွဲသွားပြီး မည်သည့်နေရာတွင် မည်သည့် အဖွဲ့အစည်းက ထိန်းသိမ်းထားသည်ကို မသိကြောင်း ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားသည်။

နိုင်ငံခြားရေးဌာနက ပြန်ပေးသမားများ ၎င်းအားပြန်လွှတ်ပေးရန် တောင်းဆိုထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ထောက်ပံ့ယာဉ်တန်းတိုက်ခိုက်ခံရ၍ ဟာလီဘာတန်ကုမ္ပဏီမှ ဝန်ထမ်းသုံးဦးသေဆုံး

ဝါရှင်တန် ဧပြီ ၂၁

အီရတ်နိုင်ငံတွင် ထောက်ပံ့ရေး ယာဉ်တန်းတိုက်ခိုက်ခံရပြီးနောက် သေဆုံးသူလေးဦးအနက် သုံးဦးမှာ ဟာလီဘာတန် ကုမ္ပဏီမှအလုပ်သမားများဖြစ်ကြောင်း တက္ကဆက်မြို့အခြေစိုက် ယင်းကုမ္ပဏီက ကြာသပတေးနေ့တွင် ပြောကြားသည်။

မိမိတို့၏ လုပ်ဖော်ကိုင်ဖက်အလုပ်သမားများ ယခုလို ရုတ်တရက်သေဆုံးရခြင်းအတွက် ဝမ်းနည်းကြောင်း သေဆုံးသူမိသားစုဝင်များအား ဟာလီဘာတန်ကုမ္ပဏီက ပြောကြားသည်ဟု ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။

၎င်းကုမ္ပဏီသည် အဓိကအားဖြင့် အမေရိကန်တပ်ဖွဲ့များအတွက် ထောက်ပံ့ရေးပစ္စည်းများ ဖြည့်တင်းပေးခြင်းအပြင် အီရတ်နိုင်ငံ၏ ပျက်စီးနေသော၊ ရေနံထုတ်လုပ်မှုနှင့် ပတ်သက်သော အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးတွင် လိုအပ်သောပစ္စည်းများကို ထောက်ပံ့ဖြည့်ဆည်းပေးလျက်ရှိသည်။ တိုက်ခိုက်မှု ပိုမိုတိုးပွားလျက်ရှိသဖြင့် အီရတ်နှင့် ကူဝိတ်နယ်စပ်ဒေသတွင် အလုပ်လုပ်နေသော ဟာလီဘာတန်၏ အမှုထမ်းနှင့် ကန်ထရိုက်တာ ၃၃ ဦး ပျောက်ဆုံးခဲ့ရသည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

နှစ်လအတွင်း ဟွန်ဒူးရပ်စ်တပ်ဖွဲ့ဝင်များရုပ်သိမ်းမည် ကာကွယ်ရေးဝန်ကြီး ဗီဒါရီကိုဘာရိဗ် ပြောကြား

တေဂူစီဂါပါ ဧပြီ ၂၁

အီရတ်၌ရှိသော ဟွန်ဒူးရပ်စ်တပ်ဖွဲ့ဝင် ၃၇၀ ကို နှစ်လအတွင်း ရုပ်သိမ်းမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ဗီဒါရီကိုဘာရိဗ်က အင်္ဂါနေ့၌ ပြောကြားလိုက်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များကို ထိုးနှက်ရာတွင် အီရတ်ရှိ စပိန်တပ်ဖွဲ့ဝင်များရုပ်သိမ်းရန် စပိန်နိုင်ငံက မကြာသေးမီ၌ ဆုံးဖြတ်ခဲ့ပြီးနောက် တိုက်ခိုက်မှုများနှင့် ဖိအားပေးမှုများ ပိုဖြစ်လာခြင်းကြောင့် ဟွန်ဒူးရပ်စ်တပ်ဖွဲ့များကို အီရတ်မှရုပ်သိမ်းမည်ဖြစ်ကြောင်း ဟွန်ဒူးရပ်စ်နိုင်ငံက တနင်္လာနေ့၌ ကြေညာခဲ့သည်။

မျှော်လင့်

မိမိတို့၏တပ်ဖွဲ့ဝင်များ လာမည့်ခြောက်လမှ ရှစ်လအတွင်း ပြန်ရောက်မည်ဟု မျှော်လင့်ထားကြောင်း၊ စစ်ဦးစီးချုပ်များကို လမ်းညွှန်ချက်များပေးထားပြီးဖြစ်ကြောင်း ဘာရိဗ်က ပြောကြားသည်။ အမေရိကန်ပြည်ထောင်စု၏ ရင်းနှီးသော အပေါင်းပါနိုင်ငံဖြစ်သည့် ဟွန်ဒူးရပ်စ်နိုင်ငံသည် ငြိမ်းချမ်းရေးထိန်းသိမ်းသူများအဖြစ် ဟွန်ဒူးရပ်စ်တပ်ဖွဲ့ဝင်များကို အီရတ်သို့ ပို့လွှတ်ထားခဲ့ပြီး ၎င်းတို့သည် မိုင်းရှင်းခြင်းနှင့် အီရတ်အလယ်ပိုင်း၌ ဆေးကုသရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ရုပ်သိမ်းမည်

ဟွန်ဒူးရပ်စ်တပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ သက်တမ်းကုန်ဆုံးမည့် ဇူလိုင်လ၌ အီရတ်မှ ထွက်ခွာဖို့ရှိသော်လည်း နောက်ထပ်တပ်ဖွဲ့စေလွှတ်မည် မလွှတ်မည်မှာ မသေချာဘဲရှိသည်။ နောက်ဆုံးကြေညာချက်အရ တပ်ဖွဲ့သစ်အစားထိုးခြင်းမရှိဘဲ ဇွန်လ၌ ဟွန်ဒူးရပ်စ်တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းမည်ဟု သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

အမေရိကန်တို့ကို အာရပ်တို့ကမုန်းတီးမှု ယခင်ထက်ပိုမိုလာဟု အီဂျစ်သမ္မတ ပြောကြား

ပါရီ ဧပြီ ၂၁

အီရတ်နိုင်ငံကို အမေရိကန်ပြည်ထောင်စုက ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ဟားမာ့စ်ခေါင်းဆောင်နှစ်ဦးကို အစ္စရေးက လုပ်ကြံသတ်ဖြတ်ခဲ့ပြီးနောက်ပိုင်းတွင် အရှေ့အလယ်ပိုင်းရှိ အာရပ်တို့သည် အမေရိကန်ပြည်ထောင်စုအား ယခင်ထက် ပိုမုန်းတီးခဲ့ကြသည်ဟု အီဂျစ်သမ္မတ ဟို့စ်နီမူဘာရက်က အင်္ဂါနေ့တွင် ဝေဖန်ပြောကြားလိုက်သည်။

လွန်ခဲ့သည့် သီတင်းပတ်၌ အမေရိကန်ပြည်ထောင်စုသို့ သွားရောက်လည်ပတ်ခဲ့သော မူဘာရက်သည် အမေရိကန်ပြည်ထောင်စု၏ လုပ်ဆောင်ချက်သည် စိတ်ပျက်ဖွယ်ကောင်းကြောင်း၊ အချည်းနှီးဖြစ်ရကြောင်းနှင့် အာရပ်ကမ္ဘာ၌ တရားမျှတမှုမဖြစ်စေကြောင်း ပြင်သစ်သတင်းစာ လီမွန်ဒီကို ပြောကြားသည်။

ဆွေးနွေး

ယနေ့ဒေသတွင်း၌ အမေရိကန်တို့ကို မုန်းတီးမှုသည် ခါတိုင်းနှင့် မတူကြောင်း ပြင်သစ်၌ရှိစဉ် တွေ့ဆုံမေးမြန်းရာ၌ သမ္မတမူဘာရက်က ပြောကြားသည်။ ၎င်းသည် ပြင်သစ်သမ္မတ ဂျက်ရှီရက်နှင့် တနင်္လာနေ့က တွေ့ဆုံဆွေးနွေးခဲ့သည်။

မုန်းတီးခဲ့

အစပိုင်း၌ အာရပ်တို့သည် အမေရိကန်တို့က ၎င်းတို့အားကူညီသည်ဟုစဉ်းစားခဲ့ကြောင်း အီရတ်၌ အဖြစ်အပျက်များ ပေါ်ပေါက်ခဲ့ပြီးနောက်ပိုင်း၌ အမေရိကန်တို့အပေါ် မကြုံစဖူးမုန်းတီးခဲ့ကြောင်းနှင့် ယင်းသို့ မုန်းတီးကြောင်းကို အမေရိကန်တို့သိကြောင်း မူဘာရက်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ဧပြီ ၂၁ ရက်က ဘာဆာရာမြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သော အရပ်သားတစ်ဦးကို အီရတ်တို့ သယ်ဆောင်လာသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဒိုမီနီကန်တပ်များအီရတ်မှ ပြန်လည်ရုပ်သိမ်းမည်

မက္ကဆီကို ဧပြီ ၂၁

ဒိုမီနီကန်တပ်ဖွဲ့ဝင် ၃၀၂ ဦးအား အီရတ်မှပြန်လည်ရုပ်သိမ်းမည်ဟု ဒိုမီနီကန် လက်နက်ကိုင်တပ်များဝန်ကြီး ဂျို့မီဂေါလ်ဆိုကိုဂျင်မီနပ်ဇ်က ကြာသပတေးနေ့က ပြောကြားသည်။

သမ္မတနှင့် လက်နက်ကိုင်တပ်များဝန်ကြီးတို့နှစ်ဦး ဆွေးနွေးပြီး နောက်တစ်ပတ်သို့မဟုတ် လာမည့်အပတ်တွင် ဒိုမီနီကန်တပ်ဖွဲ့ဝင်များအား ပြန်လည်ရုပ်သိမ်းမည်ဟု ဂျင်မီနပ်ဇ်က ဆန်တိုဒိုမင်ဂိုမြို့တွင် ကြေညာခဲ့သည်။

၎င်းကြေညာချက်သည် စပိန်ဝန်ကြီးချုပ်သစ်က ၎င်းတပ်များအား အီရတ်နိုင်ငံမှ ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း ကြေညာပြီးနောက် ထွက်ပေါ်လာခဲ့သည်။

စပိန်တပ်များ ရုပ်သိမ်းသွားပြီးနောက် ဟွန်ဒူးရပ်စ်တပ်ဖွဲ့ဝင် ၃၇၀ အားလည်း အီရတ်နိုင်ငံမှ ပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ်ထားပြီး ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘောဒီးယားဝန်ကြီးချုပ် တရုတ်နိုင်ငံသို့ရောက်ရှိ

ရှန်ဟဲ ဧပြီ ၂၁

ကမ္ဘောဒီးယားနိုင်ငံသည် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုနှင့် ကမ္ဘာလှည့်ခရီးသည်များ ပိုမိုရရှိရေးကို မျှော်လင့်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က ရှန်ဟဲမြို့တွင် ပြောသည်။

ဟွန်ဆန်သည် တရုတ်နိုင်ငံသို့ ခြောက်ရက်ကြာ တရားဝင် အလည်အပတ်ခရီး စတင်ခြင်းအဖြစ် ရှန်ဟဲမြို့သို့ တနင်္လာနေ့ မွန်းလွဲပိုင်းတွင် ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ကမ္ဘောဒီးယားနှင့် ရှန်ဟဲတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် နှစ်နိုင်ငံလိုက်ဖက်ညီကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုအတွက် ကြီးမားသည့် အလားအလာရှိကြောင်း ဟွန်ဆန်က ရှန်ဟဲမြို့တော်ဝန် ဟန်ဇန်နှင့်တွေ့ဆုံရာတွင် ပြောသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်အရေး ကုလဆုံးဖြတ်လျှင် ပြည်သူများ၏ ထင်မြင်ယူဆချက်များ စဉ်းစားသင့်ကြောင်း တရုတ် ပြောကြား

ပေကျင်း ဧပြီ ၂၁

အီရတ်အရေးကိစ္စနှင့်ပတ်သတ်၍ ဆုံးဖြတ်ချက်ချလျှင် အီရတ်ပြည်သူများ၏ ထင်မြင်ယူဆချက်များကို ကုလသမဂ္ဂအနေဖြင့် ထည့်သွင်းစဉ်းစားလုပ်ဆောင်သင့်ကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

အီရတ်တွင်ဖြစ်ပျက်နေသည့် အခြေအနေများအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ အစီရင်ခံစာတစ်ရပ်တင်သွင်းရေး ဆောင်ရွက်ရန်အတွက် ကုလသမဂ္ဂသံတမန် လက်ခ်ဒါရာဟီမီ အီရတ်သို့ အလည်အပတ်ရောက်ရှိနေကြောင်း ပုံမှန်သတင်းစာရှင်းလင်းပွဲတစ်ပွဲ၌ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ် ကောင်ကျွမ်က ပြောကြားခဲ့သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သော တရုတ်နိုင်ငံအနေဖြင့် အီရတ်နိုင်ငံနှင့်ပတ်သက်၍ များစွာစိုးရိမ်ပူပန်မှုဖြစ်ရကြောင်း မစ္စတာကောင်က ဆက်လက်ပြောကြားသည်။ ထို့ပြင် အီရတ်နိုင်ငံတွင် လုံခြုံရေးအခြေအနေများနှင့်ပတ်သက်၍လည်း စိုးရိမ်ပူပန်မှုဖြစ်ကြောင်းနှင့် သက်ဆိုင်ရာနိုင်ငံများနှင့်အတူ နီးနီးကပ်ကပ်ဆက်သွယ်ဆောင်ရွက်ကာ ထိန်းသိမ်းသွားမည်ဟု ကတိပေးကြောင်း မစ္စတာကောင်က ပြောကြားသွားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဧပြီ ၂၀ ရက်က အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အိုးထရက်ဖို့ဒ်ကွင်း၌ ကစားသည့် မန်ချက်စတာယူနိုက်တက်နှင့် ချာလ်တန်အသင်းတို့ပွဲတွင် မန်ချက်စတာယူနိုက်တက်မှ ဂေရီနေဗီးလ်က ချာလ်တန်အသင်းမှ ခရစ်ပိုဝဲလ်၏ထိုးဖောက်မှုကို ဟန့်တားစဉ်။ (ယင်းပွဲတွင် မန်ယူက နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။) (ဓာတ်ပုံ–အင်တာနက်)

ထိုင်းနှစ်ကူးပွဲတော်ကာလ ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူ ၆၅၄ ဦးရှိ

ဗန်ကောက် ဧပြီ ၂၁

ဆွန်ကရမ်ပွဲတော်ရက်များအတွင်း ဗန်ကောက်မြို့၌ ယာဉ်မတော်တဆ ထိခိုက်မှုများလျှော့ချရန် မော်တော်ယာဉ်များ လုံခြုံဘေးကင်းစွာမောင်းနှင်ရေးအစီအစဉ်ကို ဗန်ကောက်မြို့တော်အုပ်ချုပ်ရေးအဖွဲ့(ဘီအမ်အေ)က စီစဉ်ထားပြီးဖြစ်ကြောင်း ဗန်ကောက်မြို့ မှတ်တမ်းအရာရှိ နန်သာနွန်က အင်္ဂါနေ့က ပြောကြားသည်။

ဘီအမ်အေ၏ မော်တော်ယာဉ်နှင့် ပို့ဆောင်ရေးဦးစီးဌာနသည် မြို့တော်၌ ယာဉ်မတော်တဆမှုနှင့် လျော့ကျရေးသို့မဟုတ် တားဆီးကာကွယ်ရေးအတွက် မော်တော်ယာဉ်မောင်းများအကြား လုံခြုံရေးနှင့်စည်းကမ်းချက်အသစ်တစ်ရပ် ပြဋ္ဌာန်းရန် အဖွဲ့အစည်းများ ဖွဲ့စည်းမည်ဖြစ်ကြောင်း နန်သာနွန်၏ပြောဆိုချက်ကို ထိုင်းသတင်းဌာနတွင် ကိုးကားဖော်ပြသည်။ အဆိုပါ ယာဉ်တိုက်မှုလျော့ကျရေးအစီအစဉ်ကို အောက်တိုဘာလ ဗုဒ္ဓဘာသာအသင်းဝင်များ၏ ဥပုသ်သီလအထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယာဉ်စည်းကမ်းစာစောင်များဖြစ်သည့် လက်ကမ်းစာစောင်များ၊ စတစ်ကာများနှင့် ပိုစတာများကို ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သူမက ထပ်လောင်းပြောကြားသည်။

ကလေးသူငယ်များနှင့် လူငယ်များလေ့ကျင့်ရေးစခန်းများသည် လမ်းလုံခြုံရေးတွင် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သူမက ပြောသည်။ ပြီးခဲ့သောသီတင်းပတ်က ထိုင်းနှစ်သစ်ကူးပွဲတော်ကာလအတွင်း ယာဉ်မတော်တဆ ထိခိုက်မှုကြောင့် သေဆုံးသူ ၆၅၄ ဦးရှိပြီး ဒဏ်ရာရသူ ၃၆၆၃၂ ဦးရှိကြောင်းသိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

၂၀၀၄ခုနှစ် ဇန်နဝါရီ ၂၈ရက်က ဘဂ္ဂဒက်မြို့ရှိ ရှယ်ရတန်ဟိုတယ်ကို အီရတ်ပြောက်ကျားတို့တိုက်ခိုက်ခံရပြီးနောက် ပျက်စီးနေသည်ကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၂၁ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် နေအိမ်များပျက်စီးခဲ့ရသည့် မိသားစုများက အမေရိကန်တပ်ဖွဲ့ကို ကန့်ကွက်ဆန္ဒပြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း အီရတ်မြင်ကွင်း

၂၀၀၄ခုနှစ် ဧပြီ ၄ ရက်က ဘာဆာရာတောင်ပိုင်း၌ ရေနံပိုက်လိုင်း မီးလောင်မှုဖြစ်ပွားနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

၂၀၀၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်က မိုဆူးလ်မြို့ရှိ အုပ်ချုပ်ရေး အဆောက်အအုံတစ်ခု အီရတ်ပြောက်ကျားတို့၏ တိုက်ခိုက်ခံရပြီးနောက် မီးလောင်ကျွမ်းနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

၂၀၀၄ခုနှစ် မတ် ၂၈ရက်က ဘဂ္ဂဒက်မြို့၌ ကျောင်းတစ်ကျောင်းအနီး တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် လမ်းများ ပျက်စီးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့၌ စစ်ပွဲအတွင်းက ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ပျက်စီးနေသော သတ္တုစက်ရုံကို ၂၀၀၄ခုနှစ် ဇန်နဝါရီ ၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးက တာဝန်ယူတည်ဆောက်ပြီးစီးသွားသော စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် မုံရွာ–ယာကြီး–ကလေးဝလမ်းသစ်ပေါ်ရှိ မြို့မတံတားကို တွေ့ရစဉ်။



တိန်းတံတား

စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးက တာဝန်ယူတည်ဆောက်ပြီးစီးသွားသော စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် မုံရွာ–ယာကြီး–ကလေးဝလမ်းသစ်ပေါ်ရှိ တိန်းတံတားကို တွေ့ရစဉ်။

ပေါင်းလင်း(ငမိုးရိပ်ရေကူ)ရေလှောင်တမံ

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်တွင် ရေဧကပေ ၁၂၀၀၀၀ သိုလှောင်ထားနိုင်ပြီး စိုက်ပျိုးရေသာမက သောက်သုံးရေပါ ပေးဝေနိုင်သည့် ပေါင်းလင်း(ငမိုးရိပ်ရေကူ) ရေလှောင်တမံကို ဝေဟင်မှတွေ့မြင်ရစဉ်။

ကညင်ရေလှောင်တမံ

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ်တွင် တည်ဆောက်လျက်ရှိသည့် ကညင်ရေလှောင်တမံ စီမံကိန်းသည် အင်္ဂပူမြို့နယ်အတွင်းရှိ စိုက်ပျိုးမြေဧက ၂၅၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည့် စီမံကိန်းဖြစ်သည်။

ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း

စစ်ကိုင်းတိုင်း မုံရွာမြို့ မြောက်ဘက်မိုင် ၂၀ ခန့်အကွာ ဘုတလင်မြို့နယ်ရှိ ရွှေစာရေး မြစ်ကျဉ်းတွင် ကျောက်ဖြည့်တမံအဖြစ်တည်ဆောက်မည့် ရွှေစာရေး ရေလှောင်တမံနှင့် ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်ကို တွေ့ရစဉ်။ (စီမံကိန်းပြီးစီးပါက ရေအားလျှပ်စစ်မဂ္ဂါဝပ် ၆၆၀ ရရှိပြီး စိုက်ပျိုးမြေဧက ၁၅၀၀၀၀ ခန့်ကိုရေပေးဝေ နိုင်မည်ဖြစ်သည်။)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

၂၀၀၄–၂၀၀၅ခုနှစ်မှစ၍ မြန်မာ့စက်မှုလက်မှုအရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်ရမည် ဟူသည့်ရည်မှန်းချက်ကို မျက်ခြည်မပြတ်စေဘဲသွက်လက်ထက်မြက်စွာလုပ်ကိုင်

✡ လယ်ယာသုံးမှ

လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပထမနေ့တွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းတက်ရောက်၍အဖွင့်အမှာစကားပြောကြားပြီး အစည်းအဝေးဒုတိယနေ့တွင်လည်း စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

အစည်းအဝေးရက်များတွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအလိုက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များက ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများအလိုက် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာသုံးစက်ကိရိယာများ တိုးချဲ့ထုတ်လုပ်ရေး၊ သတ်မှတ်ထားသော ဒီဇိုင်းများနှင့် အညီ မော်တော်ယာဉ်ထုတ်လုပ်ရေးတို့ကို ဆွေးနွေးခဲ့ကြပြီး စက်မှုလက်မှုလုပ်ငန်းရှင်များကလည်း လယ်ယာသုံး စက်ကိရိယာများ တိုးချဲ့ထုတ်လုပ်နိုင်ရေးအတွက် စက်မှုဇုန်အလိုက်ဖြစ်ပေါ်နေမှုအခြေအနေများ၊ အင်ဂျင်နှင့်ဂီယာအုံထုတ်လုပ်ရေးအတွက် ပြင်ဆင်နေမှုများ၊ မော်တော်ယာဉ်ထုတ်လုပ်ရေးအတွက် ပြင်ဆင်နေမှုများ၊ မော်တော်ယာဉ်ထုတ်လုပ်ရေး၌ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းကြသည်။

စက်မှုဇုန်ဖွံ့ဖြိုးရေး

နောက်ဆုံးနေ့အဖြစ် ယနေ့ကျင်းပသည့် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး(၁/၂၀၀၄)တတိယနေ့တွင်လည်း စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ပြီး ဆွေးနွေးမှာကြားရာ၌ မန္တလေး၊ မုံရွာနှင့် အေးသာယာစက်မှုဇုန်တို့၌ ခေတ်မီသံရည်ကျိုပုံလောင်း၊ ပုံထောင်းစက်မှုလက်မှုလုပ်ငန်းပေါ်ထွက်လာတော့မည်ဖြစ်၍ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှည့်အပြောင်းဖြစ်တော့မှာဖြစ်ကြောင်း။

စုစည်းအားယူ

ယင်းသံရည်ကျို စက်မှုလုပ်ငန်းထူထောင်ရာ၌လည်း နိုင်ငံတော်အပိုင်း၏ ကူညီပံ့ပိုးမှုနှင့် အရင်းအနှီးရှိသော ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အရင်းအနှီးများကို စုစည်းအားယူ၍ ထူထောင်ရခြင်းဖြစ်ကြောင်း။

ထိုနည်းတူစွာပင် ပြည်သူအများစုဖြစ်သော တောင်သူလယ်သမားများ အသုံးများသည့် လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်သည့် စက်မှုလုပ်ငန်းကိုလည်း စုစည်းပေါင်းစပ်ထူထောင်ရန်လိုကြောင်း၊ လုပ်ကိုင်နိုင်စွမ်းရှိသူများ၊ အရင်းအနှီးရှိသူများကိုဖော်ဆောင်စုစည်းရမှာဖြစ်ကြောင်း။

ပုံပေါ်လာပြီ

ယခုဆိုလျှင် မော်တော်ယာဉ်ထုတ်လုပ်သည့် စက်မှုလုပ်ငန်း၌ ပုဂ္ဂလိကများ၏ အရင်းအနှီးစုစည်းမှု၊ အတတ်ပညာစုစည်းမှုတို့သည် ပုံပေါ်လာနေပြီဖြစ်ကြောင်း။

ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လုပ်ကိုင်နိုင်စွမ်းရှိပြီး အရင်းအနှီးရှိသူများ၏ ပူးပေါင်းအားထုတ်မှုအားဖြင့် စက်မှုကဏ္ဍ၏ ကုန်ထုတ်လုပ်မှုကို တိုးမြှင့်နိုင်မှသာရေရှည်ခိုင်မာဖွံ့ဖြိုးမှာဖြစ်ကြောင်း။

ပူးပေါင်းအလုပ်လုပ်

သုံးစွဲသူများ အတွက်လည်းအကျိုးရှိ၊ ထုတ်လုပ်သူများအတွက်လည်းအကျိုးဖြစ်၊ နိုင်ငံတော်၏ စက်မှုလုပ်ငန်းလည်း ဖွံ့ဖြိုးတိုးတက်စေမည့်လမ်းကြောင်းကို နိုင်ငံတော်အပိုင်းက ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပံ့ပိုးကူညီပံ့ဖော်လိုကြောင်း၊ ဥပမာ–လက်တွန်းထွန်စက်များ ထုတ်လုပ်ရာ၌ လိုအပ်သည့် အင်ဂျင်နှင့် ဂီယာအုံများအပါအဝင် စက်ပစ္စည်းကိရိယာအများစုကို ပြည်တွင်းမှပင်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းရာ၌ ထိုက်ထိုက်တန်တန် ပံ့ပိုးကူညီပေါင်းစပ်ပေးလိုကြောင်း၊ အရေးကြီးသည်မှာ တီထွင်ကြံဆမှု၊ အားထုတ်ကြိုးပမ်းမှု၊ ညီညီညွတ်ညွတ်ပူးပေါင်းမှုတို့ဖြင့် စက်မှုဇုန်အလိုက် အလုပ်လုပ်ကြရန်ဖြစ်ကြောင်း။

ခေတ်မီဖွံ့ဖြိုးလာမည်

၂၀၀၄–၂၀၀၅ခုနှစ်မှစ၍ မြန်မာ့စက်မှုလက်မှုအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့် ရည်မှန်းချက်ကို မျက်ခြည်မပြတ်စေဘဲ သွက်လက်ထက်မြက်စွာ လုပ်ရှားလုပ်ကိုင်သွားကြစေလိုကြောင်း၊ သို့မှသာ နိုင်ငံတော်၏ အနာဂတ်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်းဖြင့်မှာကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေး အပြီးတွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် တာဝန်ရှိသူများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေး မြန်မာ–တရုတ်နှစ်နိုင်ငံလုပ်ငန်းကော်မတီစည်းဝေး

ရန်ကုန် ဧပြီ ၂၂

မြန်မာ–တရုတ်နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ မြန်မာ–တရုတ်နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေး အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်ထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရှေးဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက မြန်မာ–တရုတ်နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ စာချုပ်ချုပ်ဆိုထားမှုများအပေါ် မြန်မြန်ဆန်ဆန် အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် အဖွင့်အမှာစကားပြောကြားပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်ထွန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူတို့က ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ကော်မတီဝင်များက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်း အစည်းအဝေး (၁/၂၀၀၄)အပြီးတွင် စက်မှုလက်မှု လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ဆေးခြောက်နှင့်ဘိန်းဖြူဖမ်းဆီးရမိ

ရန်ကုန် ဧပြီ ၂၂

နယ်မြေခံထောက်လှမ်းရေးတပ်မှ တပ်ဖွဲ့ဝင်များနှင့် မင်္ဂလာဒုံရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၄ ခုနှစ် မတ် ၂၃ ရက်တွင် သတင်းအရ မင်္ဂလာဒုံမြို့နယ် ဝိုင်ယာလက်ကားမှတ်တိုင်တွင် ကျိုက်ထိုနှင့် ရန်ကုန်ပြေးဆွဲနေသော ဝင်းရတနာ မှန်လုံ ယာဉ်အား စစ်ဆေးရာ ခရီးသည်လှထွန်း(ခ)ဆူးကြီး၏ ကျောပိုးအိတ်အတွင်းမှ ဆေးခြောက် ၁ ဒသမ ၄၆၉၇ ကီလိုဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ မင်္ဂလာဒုံမြို့နယ် အပိုင်း(၁၁)ပေါက်ကုန်း ကံ့ကော်လမ်း အမှတ် ၃၁ နေ ဦးအေးမောင်၏သား လှထွန်း(ခ)ဆူးကြီးအား မင်္ဂလာဒုံ ရဲစခန်းကမူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် ၃/၂၀၀၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၀ (က) အရ အမှုဖွင့် အရေးယူထားသည်။

အလားတူ နယ်မြေခံ ထောက်လှမ်းရေးတပ်မှတပ်ဖွဲ့ဝင်များနှင့်လားရှိုး မူးယစ်အထူးအဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၄ခုနှစ် မတ် ၂၄ ရက်တွင် သတင်းအရ လားရှိုးမြို့ ရပ်ကွက်(၂) ဗိုလ်ချုပ်လမ်းရှိ လက်ဖက်ရည်ဆိုင်၌ တွေ့ရှိရသူ ဒေါ်ရန်ကွေချီအားရှာဖွေရာ ၎င်းပိုင် ခေါက်ဆွဲခြောက်ထည့်ထားသည့် စက္ကူပုံး နှစ်ပုံးအတွင်းမှ ဘိန်းဖြူ ဆပ်ပြာခွက် ၄၀ စုစုပေါင်းအလေးချိန် ၆၆၉ဂရမ် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ လားရှိုးမြို့ ရပ်ကွက်(၅) နယ်မြေ ၁၈ နမ့်စမ်လမ်းနေ ဦးရန်ရှောက်ပေါက်၏ သမီး ဒေါ်ရန်ကွေချီနှင့် ကွင်းဆက်တရားခံ လားရှိုးမြို့ ရပ်ကွက် (၆) နယ်မြေ(၉)နေ ဦးလောင်ရှန်၏သား ယုန်ဖင့်တို့ နှစ်ဦးအား လားရှိုးမြို့ အမှတ်(၁) ရဲစခန်းက မူးယစ်ဆေးဝါးပထမသတင်းပေး တိုင်ချက်အမှတ် ၃၇/၂၀၀၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးကြွင်းမီးကျန်မရှိရန်

ကျင့်ကြံသတိ အမြဲရှိ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် လိုဏ်ဂူသိမ်တော်ကြီး မွမ်းမံပြင်ဆင်မှုလုပ်ငန်းကြည့်ရှုစစ်ဆေး ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကျင်းပမည့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လှပအောင် အလေးထားဆောင်ရွက်

❀ **ရှေ့ဖုံးမှ**

ရှေးဦးစွာ ညှိနှိုင်းအစည်းအဝေးကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ နိုင်ငံတကာအဆင့်မီ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပူးပေါင်းပါဝင်ပံ့ပိုးမည့် ဂျပန်နိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့နှင့် သွားရောက်ညှိနှိုင်းဆောင်ရွက်ခဲ့မှု အခြေအနေ၊ ဖွဲ့စည်းပြီးဖြစ်သည့် ကော်မတီနှင့် ဆပ်ကော်မတီများအလိုက်ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ တိုးတက်မှုအခြေအနေနှင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအမံများ အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက အခမ်းအနားပြင်ဆင်ရေး၊ စိမ်းလန်းစိုပြည်ရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး၊ ကြိုဆိုပို့ဆောင်ရေး၊ အစည်းအဝေးများကျင်းပရေး၊ပြန်ကြားရေးနှင့်သတင်းမှတ်တမ်းထုတ်ပြန်ရေး၊ ဘဏ္ဍာရေး၊ ကျန်းမာရေး လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်ဆွေးနွေး

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသူများက စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီး ညီလာခံ နိုင်ငံတကာအဆင့်မီကျင်းပရေးဆိုင်ရာ ကိစ္စရပ်များကို လုပ်ငန်းကဏ္ဍအလိုက် ဖြည့်စွက်ဆွေးနွေး တင်ပြကြသည်။

အလေးထားဆောင်ရွက်

ထို့နောက် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် စတုတ္ထအကြိမ်ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို နိုင်ငံတကာညီလာခံများ၏ အင်္ဂါရပ်များနှင့်အညီ ခေတ်မီစနစ်ကျစွာ ကျင်းပနိုင်ရေး၊ ညီလာခံကျင်းပမည့်နေရာနှင့် ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ် ခံ့ညားထည်ဝါပြီး စိမ်းလန်းစိုပြည်သာယာလှပစေရေးနှင့် ထေရဝါဒဗုဒ္ဓဘာသာ၏ အနှစ်သာရ ထုံးတမ်းအစဉ်အလာများနှင့် ညီညွတ်သည့် ဘာသာရေးအခမ်းအနားတစ်ရပ် ပီသရေး၊ ဧည့်သည်တော်များ၏ စိတ်နှလုံးတွင် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းသာယာမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ သဘာဝပတ်ဝန်း ကျင်မပျက်မယွင်း တည်ရှိနေမှုတို့ခံစားမိစေရေး အလေးထားစီမံဆောင်ရွက်သွားကြရန်မှာကြားသည်။

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ နိုင်ငံတကာအဆင့်မီ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ယင်းနောက် ညှိနှိုင်းအစည်းအဝေးကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ အခမ်းအနားတွင် အသုံးပြုမည့် ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာတော်ဆိုင်ရာ စာအုပ်စာတမ်းများ၊ ယပ်များ၊ စားပွဲ၊ ကုလားထိုင်စသည့် ပရိဘောဂအသုံးအဆောင်ပစ္စည်းများ၊ ညီလာခံ ရင်ထိုးတံဆိပ်နှင့် အမှတ်တရလက်ဆွဲ အိတ်နမူနာတို့ကို ကြည့်ရှုစစ်ဆေးသည်။

တာဝန်ရှိသူများအားမှာကြား

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေသို့ သွားရောက်၍ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး ပရဝုဏ် စိမ်းလန်းစိုပြည် သာယာလှပရေး လုပ်ငန်းနှင့် လိုဏ်ဂူသိမ်တော်ကြီး မွမ်းမံပြင်ဆင်မှုလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူတို့အားမှာကြားသည်။

(သတင်းစဉ်)

ဆုတောင်းပြည့် မင်းစေတီဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

ရန်ကုန် ဧပြီ ၂၂

အင်းစိန်ရွာမ အနောက်ရပ်ကွက် ဆုတောင်းပြည့် မင်းစေတီဘုရား အကြိမ် (၅၀)မြောက် ဗုဒ္ဓပူဇနိယပွဲနှင့် ဓမ္မပူဇာသဘင်ကို ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်း ၁ရက်နေ့) နံနက်က အဆိုပါ ဘုရားပရဝုဏ်အတွင်း ကျင်းပရာ ပင့်သံဃာအပါး ၃၀က ဗုဒ္ဓပူဇနိယ အနေကဇာတင်ကာ ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ပြီး ဈေးကုန်း ပရိယတ္တိစာသင်တိုက်ပဓာန နာယက ပျော်ဘွယ်ကြီး ဆရာတော် ဘဒ္ဒန္တ ကုသလ၊ ဓမ္မကထိက ဓမ္မာစရိယ အောင်သပြေ ဆရာတော် ဘဒ္ဒန္တ ဣန္ဒက၊ ညောင်ပင်သာကျောင်းတိုက်ပဓာန နာယက နယ်လှည့်ဓမ္မကထိက ဓမ္မာစရိယ မိုးကုတ် ဘဒ္ဒန္တ မာလာစာရတို့က ဧပြီ ၂၀ ရက်အထိ ညစဉ် နိဗ္ဗာန်ရောက်ကြောင်း တရားများ ဟောကြားရာ မင်းစေတီဘုရား ဂေါပက အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။ **(က-ပ)**

ပညာရေးသုတေသနအဖွဲ့ စံပြမူကြိုဆရာဖြစ်သင်တန်း အပတ်စဉ်(၅)ဖွင့်ပွဲ ပညာရေးဝန်ကြီးဦးသန်းအောင်တက်ရောက် သင်တန်းဖွင့်အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၂၂

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ စံပြမူကြိုဆရာဖြစ် သင်တန်းအပတ်စဉ်(၅)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ရုပ်ရှင်ခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် ဦးမျိုးညွန့်၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့်အဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဥက္ကဋ္ဌ၊ ရန်ကုန်ပညာရေးတက္ကသိုလ်ပါမောက္ခချုပ်နှင့် ပါမောက္ခ၊ ကထိကများ၊ ဖိတ်ကြားထားသူများ၊ စံပြမူကြိုဆရာဖြစ်သင်တန်း ကြီးကြပ်ရေးကော်မတီဝင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းကို ယနေ့မှစ၍ မေ ၁၅ ရက်အထိ ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၁၅ ဦးတက်ရောက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာဆက်ဆံရေး သင်တန်းဆင်းအခမ်းအနားကျင်းပ နယ်စပ်/စည်ပင်ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းအမှာစကားပြောကြား

ရန်ကုန် ဧပြီ ၂၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းသည် ယနေ့မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် ကမာရွတ်ဘူတာရုံလမ်းရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)၌ ကျင်းပသော နိုင်ငံတကာဆက်ဆံရေး သင်တန်းအမှတ်စဉ် (၁/၂၀၀၄) သင်တန်းဆင်းပွဲသို့ တက်ရောက်၍အမှာစကားပြောကြားသည်။

ယင်းသင်တန်းဆင်းပွဲသို့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင် သာယာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)မှ ကျောင်းအုပ်ကြီး၊ ဒုတိယ ကျောင်းအုပ်ကြီးနှင့် ဘာသာရပ်ဌာနမှူးများ၊ သင်တန်းနည်းပြဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အောင်လက်မှတ်ပေးအပ်

သင်တန်းဆင်းပွဲတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး နိုင်ငံတကာ ဆက်ဆံရေး (အဆင့်မြင့်) သင်တန်းတွင် ထူးချွန်ဆုရရှိသူ ဦးထိန်ဝင်း လက်ထောက် ညွှန်ကြားရေးမှူး ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနနှင့် နိုင်ငံတကာဆက်ဆံရေး(အလယ်တန်းအဆင့်) သင်တန်းတွင် ထူးချွန်ဆုရရှိသူ ဒေါ်ငြိမ်းငြိမ်းကျော် အကြီးတန်းစာရေး ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့အား ဆုများကိုချီးမြှင့်၍ သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသား ခေါင်းဆောင်သို့ ပေးအပ်သည်။

ဂုဏ်ပြုလက်ဆောင်ပေး

ဆက်လက်၍ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဝင်းက သင်တန်းတွင် သင်ကြားပို့ချပေးခဲ့ကြသော ဆရာ ဆရာမများအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်သည်။

နိုင်ငံတကာဆက်ဆံရေး (အဆင့်မြင့်)သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၁၄ဦးနှင့် နိုင်ငံတကာ ဆက်ဆံရေး (အလယ်တန်းအဆင့်) သင်တန်းတွင်သင်တန်းသား သင်တန်းသူ ၁၅ဦးတို့ တက်ရောက်အောင်မြင်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၀ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနက စဥ့်ငူရပ်ကွက်အတွင်းမှ နိုင်ငံသားအရည်အချင်းပြည့်မီသူ ၃၀၃ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဧပြီ၂၀ရက်က ရပ်ကွက်ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးရဲထွဋ်က တစ်ဦးချင်းပေးအပ်စဉ်။
(ဝ၄၆)

မိုးဦးကာလ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ် ရေယာဉ်များလုံခြုံရေး ရေလမ်းသတိပေးနှိုးဆော်

ရန်ကုန် ဧပြီ ၂၂

မိုးရာသီစတင်ရောက်ရှိတော့မည်ဖြစ်၍ မိုးဦးကာလများတွင် လေပြင်းတိုက်ခတ်ပြီး မြစ်ရေများမြင့်တက်လာမည်ဖြစ်သည်။မြစ်ရေမြင့်တက်လာခြင်းကြောင့် ရေနည်းချိန်ကာလတွင်ရှိသော သဲသောင်များ၊ ကျွန်းများ ရေမြုပ်၍ ရေမြှုပ်ပေါက်ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။

ဂရုပြုမောင်းနှင်

မြစ်ရေတက်လာမှုပေါ်မူတည်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ဦးစီးဌာနအနေဖြင့် ရေယာဉ် များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ကြစေရန် လိုအပ်သောရေလမ်းညွှန်အမှတ်အသားများကို ပြသ ထားမည်ဖြစ်၍ အလေးထားလိုက်နာကြရန်လိုအပ်သည်။ ရေများချိန်ကာလ၌ ရေစီးသန်ခြင်း၊ ဝဲလှည့်ခြင်းများဖြစ်ပေါ် လေ့ရှိသည်။ ရေအနက်မလုံလောက်သည့် ရေမြှုပ်ပေါက်ဖြတ်လမ်းများကို အသုံးပြု ခုတ်မောင်းခြင်းမပြုကြရန်နှင့်သတ်မှတ် ရေလမ်းအတိုင်း မိမိရေယာဉ်စက်အားနှင့် ရေစီးအားကိုချင့်ချိန်၍ ဂရုပြုမောင်းနှင်ကြရန်လိုအပ်သည်။

ညအချိန်မီးနီပြထား

မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အဝင်လမ်းကြောင်းများတွင် ရေယာဉ်များဝင်ရောက်ရမည့်အပေါက်၌ နေ့မြင်အမှတ်အသားအဖြစ် အစိမ်းရောင်တြိဂံပြသ၍ ညအချိန် မီးစိမ်းပြသထားသည်။ ရေယာဉ်များမဝင်ရမည့် အပေါက်များ၌ နေ့မြင်အမှတ်အသားအဖြစ် အနီရောင်ကြက်ခြေခတ်ပြသ၍ ညအချိန် မီးနီပြသထားသည်။ ရေများချိန်တွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေမည်ဖြစ်ပြီး ရေစီးသန်မည်ဖြစ်၍ ရေယာဉ်များ မြစ်ကူးတံတားကြီးများသို့ ဝင်ရောက်ဖြတ်သန်းရာတွင် လိုအပ်လုံလောက်သော ချဉ်းကပ်လမ်းကြောင်း မှန်ဖြင့် ဖြတ်သန်းကြရန်နှင့် တံတားအဝင်ရေလမ်းများ၌ ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန် လိုအပ်သည်။

အထူးသဖြင့် ယခုကာလတွင် ရာသီဥတုပြောင်းလဲမှုကြောင့် အညာဒေသ၊ မြစ်ဝကျွန်းပေါ်ဒေသနှင့် ကမ်းရိုးတန်းဒေသများတွင်ရုတ်ခြည်းလေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်နိုင်သဖြင့် ရေယာဉ်များဘေးအန္တရာယ်မဖြစ်စေရေး အတွက် အထူးဂရုပြုမောင်းနှင်ကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များလိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ အတိုင်း လိုက်နာဆောင် ရွက်သွားကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်း သတိပေးချက်ထုတ် ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ (၅၁)

"သြော်…လောကလောက ဩချစရာကောင်းပုံက အကြောင်းစုံဘာကမျှ မသိဘဲ ပြေူးက ပြိပြိသလို၊ သူရဲက ကမ္ဘဝါဖတ်၊ ညာတတ်မှလူလိမ္မာ၊ အိမ်တကာမှာ အတင်းပြော၊ အတွင်းသဘောက ကောက်ကျစ်၊ အညစ်တကာ့ထိပ်ခေါင်၊ အကြောင်းအကျားနဲ့ ဇယားရှုပ်၊ အမှားလုပ်သမျှကမ်းကုန်၊ ကြွံဖူးပေါင်သူတို့စရိုက်၊ လူမကြိုက် နတ်မကြိုက်၊ ဘယ်သူမှမကြိုက်တဲ့ လူ့သော့သွမ်းတွေကို (ရွာစားရေ) ငရဲလမ်းကပို့"

သို့ကလိုသော ပတ်တိုက် ဆိုင်းဆင့်အပြောနဲ့ နတ်သံနှောစရာ အကြောင်းရင်းက အခြားမဟုတ်ပါဘူးခင်ဗျာ။ ၂၀၀၄ခုနှစ် ဧပြီလ၁၀ရက်နေ့ နံနက်ဖြနာရီမှာ VOA အသံလွှင့်ဌာနက "မြန်မာနိုင်ငံ၌ စာနယ်ဇင်းလွတ်လပ်ခွင့်ပေးရန် RSFက မြန်မာအစိုးရကို တိုက်တွန်း"ဆိုတဲ့ သတင်းခေါင်းစဉ်နဲ့ ထုတ်လွှင့်သွားသဗျ။ သတင်းအချက်အလက်အနေနဲ့ လိုရင်းတိုရှင်းပြောရရင် ပြင်သစ်အခြေစိုက် RSF နယ်ခြားမဲ့ သတင်းထောက်များအဖွဲ့က နိုင်ငံရေးသတင်းတွေကို မနှစ်က စတင်ထုတ်ဝေခဲ့တဲ့ ရှမ်းမဂ္ဂဇင်းတစ်စောင် အပိတ်ခံရတယ်လို့ သိရှိပြီးတဲ့နောက် မြန်မာနိုင်ငံမှာ စာနယ်ဇင်းလွတ်လပ်ခွင့်ပေးဖို့ တောင်းဆိုလိုက်တဲ့အကြောင်း၊ မြန်မာလို သောင်းပြောင်းထွေလာ မဂ္ဂဇင်း၊ ရှမ်းလိုဆိုတော့ ရှန်ပိုင်မဂ္ဂဇင်းရဲ့ မနှစ် ဇူလိုင်လထုတ် စာစောင်ထဲမှာ သွေးစည်းညီညွတ်သော တိုင်းရင်းသားလူမျိုးစုအဖွဲ့ AUN နဲ့ ကုလသမဂ္ဂ အထူးသံတမန် ရာဇလီအစ္စမေးလ်တို့ တွေ့ဆုံဆွေးနွေးပွဲအကြောင်း ရေးသားထားတဲ့အတွက် အယ်ဒီတာကို ရုံးတင်စစ်ဆေးမယ်လို့ မြန်မာစစ်အစိုးရက ခြိမ်းခြောက်ခဲ့တဲ့ အကြောင်း အဲသလို ထုတ်လွှင့်သွားသဗျ။

ပြောရရင်တော့ စိတ်ပိန်ဖို့ကောင်းတယ်ဗျာ။ နယ်ခြားမဲ့ သတင်းထောက်များအဖွဲ့ဆိုတဲ့ နယ်မခြား စည်းမခြား ရမ်းကားတဲ့အပြင် စည်းမဲ့ကမ်းမဲ့ သိက္ခာမဲ့တဲ့ အလုပ်တွေ၊ အပြောတွေကို လုပ်နေပြောနေတာတွေလဲ များလှပြီဗျာ။ နိုင်ငံတကာ မီဒီယာအခွင့်အရေး စောင့်ကြည့်မှုအဖွဲ့ဆိုပြီး ဟိတ်ကြီးဟန်ကြီး တစ်ခွဲသားနဲ့ အလွဲလွဲ အမှားမှား ပြောနေ၊ လုပ်နေတာကလဲ ပေါက်စ အရမ်းအရမ်း သနားတယ်ဗျာ။

အခုလဲ လုပ်ချလိုက်ပုံက မြန်မာနိုင်ငံမှာ စာနယ်ဇင်းလွတ်လပ်ခွင့်ပေးဖို့ တိုက်တွန်းလိုက်သတဲ့ဗျာ။ ဘယ့်နှယ်ဗျာ၊ အပတ်စဉ်၊ လစဉ်ထုတ်နေတဲ့ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေဟာ ဘယ်ခေတ်ကာလကမျှ မရှိခဲ့ဘူးတဲ့ အမျိုးအမည်များစွာနဲ့ ရာချီရှိနေသလို ထောင်နဲ့သောင်းနဲ့ချီပြီး ထုတ်ဝေဖြန့်ချိနေကြတာကိုပဲ စာနယ်ဇင်း လွတ်လပ်ခွင့်ပေးပါဆိုတော့ အကြောင်းအကျားစကား ဖြစ်မနေဘူးလားဗျာ။

အဲသဟာအပြင် မြန်မာလို သောင်းပြောင်းမဂ္ဂဇင်းပြောပြော၊ ရှမ်းလို ရှန်ပိုင်မဂ္ဂဇင်းပဲဆိုဆို အဲဒီနာမည်မျိုးနဲ့ ရှမ်းမဂ္ဂဇင်း မြန်မာနိုင်ငံမှာ တစ်ခါမှ မပေါ်ပေါက်ခဲ့ပါဘူး ခင်ဗျာ။ တစ်ခုတော့ရှိတယ်ခင်ဗျ၊ ရှမ်းဘာသာနဲ့ ဂျာနယ် တစ်ခုတော့ ပေါ်ခဲ့ဖူးတယ်။ အဲဒီဂျာနယ်ကို သက်ဆိုင်ရာက ထုတ်ဝေခွင့် မပြုတာဟာ ဘာနိုင်ငံရေးသတင်းရေးလို့မှ မဟုတ်ဘူးခင်ဗျ။ နိုင်ငံရေးပါတီ ထုတ်ဝေခွင့်ကို နှစ်ပေါက်တစ်ပေါက်ရိုက်ပြီး ကလီကမာနဲ့ အလွဲသုံးစား လုပ်နေတာနဲ့ ပတ်သက်လို့ သက်ဆိုင်ရာက ထောက်ပြလိုက်တဲ့အတွက် အလိုက်သိသိ ရပ်တန်းက ရပ်သွားတာခင်ဗျ။ ဘာမှ အရေးမယူခဲ့ရသေးဘူးလို့ ပေါက်စ သိရတယ်။ အဲ့ဒီ အခြေအနေမှန်တွေကို ဘာမှမသိဘဲ ပြည်ပြေး၊ ဝရမ်းပြေးတွေ မြှောက်ပေးတိုင်း အော်ပေးနေရတဲ့ အသုံးချခံဘဝရောက်နေပြီဆိုတာ နယ်ခြားမဲ့ သတင်းထောက်အဖွဲ့ဆိုတဲ့ ပုဂ္ဂိုလ်အကောင်းစားကြီးများ သဘောပေါက်ထားသင့်သဗျ။

ရှင်းရှင်းလေးခင်ဗျ။ ရှမ်းဘာသာနဲ့ ထုတ်တဲ့ ရှန်ပိုင်ဆိုတဲ့ ဂျာနယ်ဟာ စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာနမှာ တရားဝင်ပုံနှိပ်ထုတ်ဝေခွင့်အတွက် မှတ်ပုံတင်ထားတဲ့ စာစောင်မဟုတ်ဘူးခင်ဗျ။ အဲ…မြန်မာဘာသာနဲ့ ထုတ်ဝေနေတဲ့ သောင်းပြောင်းထွေလာ ရယ်စရာ မဂ္ဂဇင်းတစ်စောင်ကတော့ တရားဝင်ပုံနှိပ်ထုတ်ဝေခွင့်နဲ့ လစဉ်ပုံနှိပ်ထုတ်ဝေနေတယ်ဗျာ။

ရှိသေးသဗျ၊ တရားမဝင် စာစောင်တစ်စောင်ကလဲ ဘယ်လိုတွေရေးထားပြန်သလဲဆိုတော့ ရှန်ပိုင်မဂ္ဂဇင်းကို ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD)ရဲ့ န/သ နံပါတ်နဲ့ ဦးစိုင်းညွှန့်လွင်ပိုင် ဇလပ်နီပုံနှိပ်တိုက်မှာ ၂၀၀၁ ခုနှစ်ကတည်းက စတင်ပုံနှိပ်ထုတ်ဝေခဲ့တာဖြစ်တယ်လို့ ရေးထားသဗျ။ အဲသဟာပေါ့၊ ပေါက်စပြောနေတာ၊ ရှင်းနေတာကို ရှုပ်အောင်လုပ်ပြီး ရှုပ်နေတာကို ရှင်းမရအောင် လုပ်ကြတာပေါ့ဗျာ။

ပေါက်စ

ပြောတော့လဲ သူတို့ထက်တတ်တဲ့၊ သိတဲ့သူတောင် သူတို့လောက် မတတ်သလို၊ မသိသလိုမျိုး ပြောပြောနေကြပြီး ပြောလိုက် လုပ်လိုက်တော့ အူကြောင်ကျားချည်းပဲ။ မဖြစ်ညစ်ကျယ် အတန်းစားတွေပေါ့ဗျာ။ အဲဒီ န/သ နံပါတ်ဆိုတာ နိုင်ငံရေးပါတီတွေကို သူတို့ပါတီတွေရဲ့ ဝါဒလမ်းစဉ်တွေ၊ သတင်းတွေကို ရေးသားပုံနှိပ်ဖြန့်ချိဖို့အတွက် တရားဝင်ထုတ်ဝေခွင့်ပေးထားတာ ဖြစ်တယ်ခင်ဗျ။ အဲဒီ န/သ နံပါတ်နဲ့ ပုံနှိပ်ထုတ်ဝေခွင့်နဲ့ ဂျာနယ်ထုတ်ပြီး စီးပွားရှာစားလို့ မရဘူးဗျာ။ အဲသဟာကို ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD)ရဲ့ အတွင်းရေးမှူးလုပ်တဲ့သူက သူကိုယ်ပိုင် ပုံနှိပ်တိုက်မှာ ရိုက်နှိပ်ပြီး ကင်းလွတ်ခွင့် န/သ-၀၃၅နဲ့ ထုတ်ဝေတယ်လို့ ခပ်တည်တည်နဲ့ နှစ်ပေါက်တစ်ပေါက် ရိုက်စားကောက်ထည့်တာမျိုးလုပ်လိုက်တာပေါ့ဗျာ။ အဲ… သူတို့ ပြောသလို အနုပညာအကြောင်းအရာ ဝေဝေဆာဆာဖော်ပြပြီး ရောင်းတန်းဝင်ဂျာနယ်တစ်ခုအဖြစ် ထုတ်ဝေခဲ့တာမှန်သဗျ။ နိုင်ငံရေးပါတီ ကိစ္စများ မပါရေးချ မပါပါခင်ဗျာ။ ပုံနှိပ်ခအပါအဝင် ဂျာနယ်ပေါ်က အမြတ်ကတော့ သပိတ်ဝင် အိတ်ဝင်ပေါ့ဗျာ။ အဲ…ပါတီဥက္ကဋ္ဌကြီးဖြစ်တဲ့ ဦးခွန်ထွန်းဦးတောင် သိမှသိပါ့မလားရယ်လို့ ပေါက်စကြားကနေ အခမဲ့သနားနေသဗျာ။

အဲသလို အခြေအနေမှန်တွေကို ဘာကမျှ နားမလည် မလေ့လာ မစူးစမ်း မမေးမြန်းဘဲ သိသလို၊ တတ်သလိုမျိုး မလည်ရှုပ်အလုပ်တွေ လုပ်လုပ်နေတဲ့ မြန်မာပြည်ပြေး ဝရမ်းပြေးတွေက တရားမဝင် ရွှေပေလွှာစာစောင် အစုတ်ပလုပ်တွေနဲ့ မဟုတ်တရုတ်တွေရေးပြီး အင်တာနက်ပေါ်က အလုပ်လုပ်ပြနေတာဟာ ဒီမိုကရေစီရေးလား၊ ဆရာကြီး၊ သမားကြီး၊ ဂုရုကြီးများဆီက လက်ဝါးဖြန့်တောင်းလို့ကောင်းအောင် ဒီမိုကရေစီ အသုံးစရိတ်စာရင်းပြဖို့လား ဆိုတာ ပေါက်စတို့ သိတယ်နော်လို့ပဲ ပြောပါရစေဗျာ။

ထားလိုက်ဦးခင်ဗျာ၊ ဟို…နယ်စည်းမခြား ရမ်းကားနေကြတဲ့ နယ်ခြားမဲ့ သတင်းထောက်များအဖွဲ့ဆိုတာကြီးကလဲ သတင်းထောက်တွေဆိုပြီး ရလာတဲ့ သတင်းဟာ၊ ဒါမှမဟုတ် ပို့လိုက်တဲ့သတင်းဟာ ဘယ်လိုနေရာက၊ ဘယ်လိုပုဂ္ဂိုလ်က ဘာသဘောနဲ့ ပေးလိုက်၊ ပို့လိုက်တာလဲဆိုတာ လေ့လာစိစစ်ရကောင်းမှန်း မသိနားမလည်သလို သတင်းရဲ့ အခြေအမြစ်၊ အဖြစ်အပျက် မှန်/မမှန်ဆိုတာလဲ မေးရမြန်းရကောင်းမှန်း မသိကြဘူးဆိုတော့ သတင်းစာလောကထဲမှာ သတင်းထောက်ဘဝကနေ ဒီနေ့ကာလအထိ နှစ်ပေါင်းလေးဆယ်လောက် ဖြတ်သန်းလာခဲ့တဲ့ ပေါက်စရဲ့ သတင်းစာသမားဘဝအနေနဲ့ လုံး၀(လုံး၀) မတွေ့ခဲ့ဖူး၊ မကြုံခဲ့ဖူးသေးသော အံ့ဖွယ်တစ်ပါး ကမ္ဘာရှားလှစွာသော နယ်ခြားမဲ့ သတင်းထောက်ကြီးများကို တွေ့ရကြုံရတာဟာ နည်းနည်းနောနော ကုသိုလ်ကံ မဟုတ်ပါကလားလို့ ပေါက်စ ကြံဖန်ပြီး ဂုဏ်ယူနေမိတယ်ဗျာ။

ဘယ့်နှယ်ဗျာ၊ သတင်းထောက်တို့၊ သတင်းတည်းဖြတ်သူ အယ်ဒီတာတို့ ဆိုတာ သတင်းတစ်ပုဒ်ကို အလွယ်တကူ ပေါ့ပေါ့တန်တန်နဲ့ မစစ်ဆေး၊ မမေးမြန်းဘဲ အရမ်းကာရော ရေးတာမျိုး၊ ဖော်ပြတာမျိုး လုပ်ရိုးအစဉ်အလာ ဘယ်စာနယ်ဇင်းလောကမှာမှ မရှိခဲ့ကြဘူးခင်ဗျ။ အခုဟာက ကြီးကြီးကျယ်ကျယ် နိုင်ငံတကာ မီဒီယာအခွင့်အရေး စောင့်ကြည့်တဲ့အဖွဲ့ဖြစ်တယ်လို့ အသံကောင်းဟစ်ပြနေပေမယ့် လက်တွေ့လုပ်နေတာကတော့ အဲ့ဒီနယ်ခြားမဲ့ သတင်းထောက်အဖွဲ့ RSF ဟာ မြန်မာနိုင်ငံ စာနယ်ဇင်းနယ်ပယ်က မြန်မာအစိုးရနဲ့ ပတ်သက်ပြီး မဟုတ်မမှန်လုပ်ကြံလိမ်ညာ ပုတ်ခတ်စွပ်စွဲ တိုက်ခိုက်တဲ့ သတင်းမှန်သမျှ လက်ဆင့်ကမ်း ဝေငှဖြန့်ဖြူးပေးနေတဲ့ နယ်မခြား စည်းမထားတဲ့ သတင်းပွဲစား ဖြစ်မှန်းမသိ ဖြစ်နေတာ တွေ့ရတယ်ခင်ဗျ။ သေချာတာကတော့ မရှုမလှ အလိမ်ခံနေရတာပါပဲခင်ဗျာ။ အလိမ်ခံရလို့ ခံနေရမှန်း မသိတဲ့ RSF အဖွဲ့အတွက် ပေါက်စ အခမဲ့စိတ်မကောင်းဖြစ်မိတယ်ဗျာ။

ကဲ…ပေါက်စ နိဂုံးကမ္ပတ် အဆုံးသတ်ရရင် သတင်းထောက်တာဝန်၊ ကျင့်ဝတ်၊ စည်းကမ်း၊ သိက္ခာဟူ၍ ဘာကမျှမရှိ နတ္ထိသုည အတန်းအစားများသာ ဖြစ်ကြတဲ့ တရားမဝင်စာစောင်များ ရေးသားဖြန့်ဖြူးနေကြတဲ့ မြန်မာပြည်ပြေး ဝရမ်းပြေးများနဲ့ နယ်ခြားမဲ့သတင်းထောက်များအဖွဲ့တို့က လုပ်ကြံပုတ်ခတ်စွပ်စွဲ တိုက်ခိုက်ရေးသား ဖြန့်ဖြူးနေတာတွေဟာ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေကိုကော၊ မြန်မာစာနယ်ဇင်းလောကကိုကော ပျက်စီးရာပျက်စီးကြောင်းအတွက် အရှက်မဲ့စွာ ဖျက်ဆီးနေတယ်ဆိုတာ မြန်မာစာနယ်ဇင်းသမားများ အပါအဝင် မြန်မာပြည်သူ ခုနစ်ရက်သားသမီးအပေါင်းက အကြောင်းသိနေတော့ **လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ** ဆိုတဲ့စကားနဲ့ ပေါက်စအခမဲ့ လက်ဆောင်ပါးလိုက်ပါတယ်ခင်ဗျား။ ။

မြောင်မြို့နယ် ကွင်းကြီးလျှပ်စစ်မြစ်ရေတင်စီမံကိန်းနှင့် နွေစပါးစိုက်ပျိုးမှုများ တိုင်းမှူးဗိုလ်ချုပ်သာအေး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၂

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ၁၅ရက် မွန်းလွဲပိုင်းတွင် မြောင်မြို့နယ် ပရိမ္မကျေးရွာရှိ ကွင်းကြီးလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စီမံကိန်းရှင်းလင်းဆောင်တွင် တိုင်းမှူးအား တိုင်းရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးလှမင်းက စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် နွေသီးနှံစိုက်ပျိုးရေပေးဝေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက တာဝန်ရှိသူတို့၏ရှင်းလင်းတင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး လုပ်ငန်းခွင်အတွင်း ပင်မမြောင်း၊ လက်တံမြောင်းတစ်လျှောက် စိုက်ပျိုးရေပေးဝေမှု၊စီမံကိန်းရေဖြင့် နွေသီးနှံစိုက်ပျိုးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကွင်းကြီး လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ချင်းတွင်းမြစ်မှ ရေတင်ခြင်းဖြစ်ပြီး ၂၀၀၄ခုနှစ်နွေသီးနှံနှင့် မိုးသီးနှံများ အချိန်မီရေပေးဝေစိုက်ပျိုးနိုင်ရေးအတွက်လျှပ်စစ်ဓာတ်အားအစား လက်တာပီလာ ဒီဇယ်အင်ဂျင်စက်များ တပ်ဆင်၍ စိုက်ပျိုးရေပေးဝေခြင်းဖြစ်ပြီး လျှပ်စစ်ဓာတ်အား တပ်ဆင်၍ မြစ်ရေတင်စီမံကိန်းပြီးစီးပါက အကျိုးပြုဧက ၁၀၀၀၀စိုက်ပျိုးနိုင်မည်ဖြစ်ပြီး ယခု ဒီဇယ်အင်ဂျင်စက်တပ်ဆင်၍ ၂၀၀၄ခုနှစ် စိုက်ပျိုးရာသီတွင် မြောင်မြို့နယ်အတွင်း နွေစပါးဧက ၅၀၀၊ မိုးစပါးဧက၁၀၀၀၊ နွေနှမ်းဧက ၁၅၀၀၊ချည်မျှင်ရှည်ဝါဧက၅၀၀နှင့် ပဲတီစိမ်းဧက ၅၀၀ စုစုပေါင်းဧက ၄၀၀၀ ကို စိုက်ပျိုးရေပေးဝေ စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဧပြီ ၁၉ရက်မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် ရွှေဘိုမြို့နယ် ဓိတောကွင်း မြို့ဝင်မြို့ထွက် နွေစပါးစံပြစိုက်ကွက်များသို့ ရောက်ရှိပြီး စပါးမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်၊ မြေဩဇာယှဉ်ပြိုင်စိုက်ကွက်နှင့်စိုက်နည်းစနစ် စမ်းသပ်ကွက်များ အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ရွှေဘိုမြို့နယ် တဂဏန်းကျေးရွာ အောင်ချမ်းသာကွင်း၌ ဒေသခံတောင်သူငါးဦး စမ်းသပ်ပျိုးထောင်စိုက်ပျိုးထားသည့် ရွှေဘို(၁)နှင့်(၂)အထွက်ကောင်းစပါးမျိုး စမ်းသပ်စိုက်ကွင်းသို့ရောက်ရှိ စစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာယုပါလဆွမ်းစားကျောင်းဆောင်သစ် ရေစက်ချပွဲနှင့် ဆရာတော်ကြီး၏ မွေးနေ့ပူဇာသဘင်ကျင်းပမည်

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ၏နာယက ပုသိမ်မြို့ သဒ္ဓမ္မသီတဂူ သာသနာ့ရိပ်သာ၏ ပဓာန နာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဓမ္မာစရိယ ပါဠိပါရဂူ ဘဒ္ဒန္တတေဇိန္ဒာသဘ ဆရာတော်၏ သက်တော် (၆၆)နှစ်ပြည့် မွေးနေ့ပူဇာနှင့် ဓမ္မာဘိသေက မဟာစည် ရွှေရတုဗိမာန်တော် အုတ်မြစ်စီအခမ်းအနား၊ အာယုပါလ ဆွမ်းစားကျောင်းဆောင်သစ်ကြီး ရေစက်ချပွဲကို ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၇ရက် ဧပြီ ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အဆိုပါ ပုသိမ်မြို့ သဒ္ဓမ္မသီတဂူရိပ်သာ၌ ကျင်းပမည်ဖြစ်သည်။ ပါဝင်လှူဒါန်းလိုသော အလှူရှင်များသည် ဖုန်း ၀၄၂-၂၁၁၀၁-၂၄၂၂၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

(၆၅)ကြိမ်မြောက်သွေးလှူ

ရန်ကုန် ဧပြီ ၂၂

မြန်မာ့မီးရထား အင်ဂျင်နီယာ (အလုပ်ရုံ) မြို့ပြအင်ဂျင်နီယာဌာနမှ ဦးစိန်ဝင်း(စက်မှုကျွမ်းကျင်-၅) (လူမှုထူးချွန်ဒုတိယဆင့်) မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမီးရထားရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂)သည်မတ် ၂၄ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် (၆၅)ကြိမ်မြောက် သွေးလှူဒါန်းကြောင်း သိရသည်။

(ဝဲပုံ) (က-ပ)

လမ်းမတော်မြို့နယ် ကိုင်းတန်းလမ်း အမှတ် ၆၆ နေ ဦးအောင်ကျော်-ဒေါ်သန်းသန်းအေး မိသားစုနှင့်ညီမ ဒေါ်အေးအေးသန်းတို့က အလှူငွေကျပ်နှစ်သိန်းငါးသောင်းကို ဗြဟ္မဝိဟာရ ပရိယတ္တိ စာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက် သဃ်န်းကျွန်း မြို့နယ်ရှိ နာရေးကူညီမှု အသင်း(ရန်ကုန်)သို့ လှူဒါန်းရာ အလုပ်အမှုဆောင် ဒေါ်ဌေးဌေးနိုင် လက်ခံယူစဉ်။ (က-ပ)

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ ဩစတြေးလျတက္ကသိုလ်မှစာအုပ်များလှူဒါန်း

ရန်ကုန် ဧပြီ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်စာကြည့်တိုက်တွင် အသုံးပြုရန်အတွက် ဩစတြေးလျနိုင်ငံ Charles Sturt တက္ကသိုလ်မှ ကထိက ဦးမျိုးဝင်း ပေးပို့လှူဒါန်းသော ဘာသာရပ်ဆိုင်ရာ စာအုပ် ၂၉၅ အုပ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အမှတ် ၂၀ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဂေဟာ၌ ကျင်းပသည်။

ဘာသာရပ်ဆိုင်ရာ စာအုပ်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ ဒုတိယတပ်မတော်ထောက်လှမ်းရေး မှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ တပ်မတော် ထောက်လှမ်းရေးဌာနချုပ်ရုံးမှ အရာရှိကြီးများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံရုံး၌ သံမှူးကြီးတာဝန်ထမ်းဆောင်ခဲ့သော ဦးသက်ဝင်းနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၌ သံမှူးကြီးတာဝန်ထမ်းဆောင်ခဲ့သော ဦးသက်ဝင်းက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်စာကြည့်တိုက်တွင် အသုံးပြုရန်အတွက် ဩစတြေးလျနိုင်ငံ Charles Sturt တက္ကသိုလ်မှ ကထိက ဦးမျိုးဝင်းထံမှ ဘာသာရပ်ဆိုင်ရာ စာအုပ်များ ပေးပို့လှူဒါန်းရသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ ကိုယ်စား ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ် ကျော်ဝင်းက အလှူရှင် ကထိက ဦးမျိုးဝင်းပေးပို့လှူဒါန်းသည့် ဘာသာရပ်ဆိုင်ရာ စာအုပ် ၂၉၅အုပ်တို့ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာသိန်းဌေးထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ် ကျော်ဝင်းကဘာသာရပ်ဆိုင်ရာစာအုပ်များ ပေးပို့လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကားပြောကြားပြီးအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ တပ်မတော်အရာရှိကြီးများနှင့် ဧည့်သည်တော်များသည် ဧည့်ခန်းမအတွင်း ခင်းကျင်းပြသထားသော ကထိကဦးမျိုးဝင်း ပေးပို့လှူဒါန်းသည့် ဘာသာရပ်ဆိုင်ရာ စာအုပ်များကို ကြည့်ရှုကြသည်။

ပေးပို့လှူဒါန်း

ယနေ့ကျင်းပသော စာအုပ်လှူဒါန်းပွဲသည် ယခင်လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာန မြေယာကျေးလက်ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်းတွင် အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဖခင်ဖြစ်သူ ဦးဘတင်အားရည်စူး၍ သားဖြစ်သူ ဩစတြေးလျနိုင်ငံ Charles Sturt တက္ကသိုလ်မှကထိက ဦးမျိုးဝင်းက အဆိုပါတက္ကသိုလ်၌ နေထိုင်စဉ်အတွင်း စာအုပ်များကို စုဆောင်း၍ ပေးပို့လှူဒါန်းခဲ့ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ ဩစတြေးလျနိုင်ငံ **Charles Sturt** တက္ကသိုလ်မှ ကထိက ဦးမျိုးဝင်း လှူဒါန်းသော ဘာသာရပ်ဆိုင်ရာ စာအုပ်များကို ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာသိန်းဌေးထံ လွှဲပြောင်းပေးအပ်စဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ၂၀၀၄ခုနှစ် မေလတွင် ကျင်းပမည့် တတိယအကြိမ် စာပေညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဧပြီ၆ရက်တွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ သုတစွယ်စုံစာအုပ်တိုက် စာတည်းမှူးချုပ် ဒေါက်တာတင်ထွန်းဦး၊ ဒေါက်တာခင်မိုးမိုးတို့က အလှူငွေကျပ် ၁၀၀၀၀၀ကို ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌဦးတင်ခ(တက္ကသိုလ်တင်ခ)ထံပေးအပ်လှူဒါန်းစဉ်။

(သတင်းဖော်ပြပြီး)(သတင်းစဉ်)

ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂၂

ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် မြို့နယ်မဂ္ဂဇင်းဖြန့်ချိခြင်း အခမ်းအနားကို မေ ၉ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်လမ်း (ဟုမ်းလမ်း)ရှိ အမ္ဗာရာမကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ မြို့နယ်သူ၊ မြို့နယ်သားအားလုံး (အသင်းဝင်များ၊ အသင်းမဝင်ရသေးသူများပါ)တက်ရောက်ကြရန် နှိုးဆော်ထားသည်။

မြို့နယ်အသင်းဝင်များထဲမှ အပူဇော်ခံကြမည့် အသက်(၇၅)နှစ်နှင့် အထက် အဘိုး၊ အဘွားများ၊ အသင်းဝင်များ၏ သားသမီးများထဲမှ ၂၀၀၂–၂၀၀၃ ပညာသင်နှစ်တွင် အခြေခံပညာ အထက်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသူများ မြို့နယ်အသင်း ဥက္ကဋ္ဌ ဖုန်း–၆၄၀၂၆၆၊ အတွင်းရေးမှူး ဦးသောင်းဆွေ ဖုန်း–၅၅၆၄၆၁၊ ဘဏ္ဍာရေးမှူး ဦးခင်ဆွေ ဖုန်း–၇၀၇၅၆၉ တို့သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်း သိရသည်။ **(က–ပ)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၄ ခုနှစ် ဧပြီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

၂၀၀၄ခုနှစ် ဧပြီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
၂၅–၄–၂၀၀၄ ရက်နေ့၊ ၂၀၀၄ခုနှစ် မေလအတွက်
၉–၅–၂၀၀၄ ရက်နေ့ နှင့် ၃၀–၅–၂၀၀၄ရက်နေ့

အိုင်ဒီယာမဂ္ဂဇင်း မေလထုတ်ဖြန့်ချိ

ရန်ကုန် ဧပြီ ၂၂

ဖေမြင့်၏ စုံထောက်ကျော်လယ်ဒရူး၊ နေဝင်းမြင့်၏ သင်တိုင်းဝတ်ချည်ခင်စွပ်များ၊တာရာမင်းဝေ၏ စပယ်အတွေး၊ ဒေါက်တာ ကျော်စိန်၏ စိတ်ဖိစီးမှုကို လက်တွေ့ ဖြေရှင်းနည်းများ၊ ယုတိကိုကြည်၏ မိတ်ကပ်ကောင်းစွာ လိမ်းခြယ်တတ်ဖို့စသော ရသသုတအလှဖန်တီးမှုများကိုထင်ဟပ်ထားသည့် ကဗျာ၊ ကာတွန်း၊ ဝတ္ထု၊ ဆောင်းပါးများအပါအဝင် နှစ်ဆယ့်တစ်ရာစုခေတ် လူငယ်တို့၏ ဘဝ၊ အလှ ဒဿနများဖြင့် ၂၀၀၄ ခုနှစ် မေလထုတ် Idea မဂ္ဂဇင်းကို အမှတ် ၁၂၇(မြေညီထပ်)၄၃လမ်းရန်ကုန်မြို့က ဖြန့်ချိကြောင်းသိရသည်။ **(က–ပ)**

မိုးကုတ်ဝိပဿနာတရားစခန်းပွဲ သမိုင်းသုံးထပ်ကျောင်းရွာတွင်ကျင်းပမည်

ရန်ကုန် ဧပြီ ၂၂

ပန်းတနော်မြို့နယ် သမိုင်းသုံးထပ်ကျောင်းကျေးရွာ မေတ္တာဝါဒီကျောင်းတိုက်အတွင်းရှိ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီးတွင် မြို့နယ်သံဃ နာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တပညာသာမိ ဆရာတော်နှင့် မေတ္တာဝါဒီကျောင်းတိုက်ကြီး၏ ပဓာနနာယက မြို့နယ်သံဃနာယကအဖွဲ့ဝင် ဘဒ္ဒန္တသုန္ဒရသီရိဆရာတော်တို့၏ ဩဝါဒကိုခံယူပြီး မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကို ကဆုန်လပြည့်ကျော် ၁ ရက်မှ ကဆုန်လပြည့်ကျော် ၇ ရက်အထိ (မေ ၄ ရက်မှ ၁၁ ရက်အထိ) ကျင်းပမည်ဖြစ်ရာ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးမှအသိအမှတ်ပြုနယ်လှည့်ကမ္မဋ္ဌာနာစရိယ အရှင်ကောဝိဒ(ပန်းတနော်)က သစ္စာလေးပါး တရားတော်များကို ဟောကြားပြသမည်ဖြစ်၍ တရားအားထုတ်လိုသော ယောဂီများ မေ ၃ ရက် ညနေ၅ နာရီအရောက် လာရောက်ကြရန် အကျိုးတော်ဆောင်အဖွဲ့က နှိုးဆော်ထားကြောင်းသိရသည်။ (၃၂၇)

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စမ်းချောင်းမြို့နယ်ရုံး၏ စီစဉ်မှုဖြင့် စမ်းချောင်းမြို့နယ် လင်းလွန်း(တောင်)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် မတ် ၂၄ရက်က နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းဌေးနှင့်ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား

၂၃–၄–၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ရိုးရာကျေးလက်ကစားနည်း
- ၈:၀၅ ၆။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၈:၁၅ ၇။ ရုပ်သေးကြိုးဆွဲပြိုင်ပွဲ
- ၈:၂၀ ၈။ ရွှေလီတံတား
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ English for Everyday Use
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၀ ၄။ တေးဂီတအစီအစဉ်
- ၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၁၇:၁၀ ၆။ လက်ဆင့်ကမ်းပေးဂီတတေး
- ၁၇:၂၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၃၅ ၈။ တေးဂီတအစီအစဉ်
- ၁၇:၅၀ ၉။ နည်းစနစ်မှန်မှန်အားကစားအခြေခံ
- ၁၈:၀၀ ၁၀။ နှောင်းခေတ်တေးပဒေသာ
- ၁၈:၁၀ ၁၁။ ဖောင်းကတောရေလှောင်တမံ
- ၁၈:၂၀ ၁၂။ Discovery
- ၁၈:၃၀ ၁၃။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"**(အပိုင်း–၁၆)
- ၁၉:၃၅ ၁၆။ တေးဂီတအစီအစဉ်
- ၁၉:၄၅ ၁၇။ ဖွံ့ဖြိုးသာယာ မင်းကုန်းကျေးရွာ
- ၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ ရုပ်မြင်သံကြားဇာတ်လမ်း **"အမေမပြောလိုတဲ့ အိပ်ရာဝင်ပုံပြင်"** (ကျော်ရဲအောင်၊ ဇင်ဝိုင်း၊ အောင်ခိုင်၊ ဆုပန်ထွာ၊ မျိုးသန္တာထွန်း၊ မေသဥ္စာဦး) (ဒါရိုက်တာ–ရိုးရိုး)
- ၂၂။ အစီအစဉ်ပြီး၏။

သီးနှံအထွက်နှုန်းတိုးတက်ရန် ဒေသနှင့်ကိုက်ညီသောသီးနှံများ တိုးချဲ့စိုက်ပျိုး ကြက်မွေးမြူရေးကို တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ်မွေးမြူသည်အထိကြိုးပမ်း

ရန်ကုန် ဧပြီ ၂၂

ရခိုင်ပြည်နယ် အမ်းမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧပြီ ၂၀ ရက် နံနက် ၈ နာရီက အမ်းရိုးမခန်းမ၌ အမ်းတပ်နယ်မှ အရာရှိစစ်သည်မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးတင်လှိုင်နှင့် အမ်းတပ်နယ်မှ အရာရှိစစ်သည် မိသားစုဝင်များ တက်ရောက်ကြသည်။

ပူးပေါင်းဆောင်ရွက်

တွေ့ဆုံပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တပ်ဖွဲ့ဝင်မိသားစုများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့ကို တိုးမြှင့်ဆောင်ရွက်ပေးရေး၊ တပ်ဖွဲ့ဝင်မိသားစုများ၏ ဝင်ငွေတိုးတက်ရေးအတွက် ရာသီအလိုက် ဟင်းသီးဟင်းရွက် အစရှိသည့် စားဖိုဆောင်သီးနှံများကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ ပြည်သူများနှင့်အတူ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်သွားကြရေး မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တပ်ရင်းတပ်ဖွဲ့များမှ အရာရှိစစ်သည် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူးဗိုလ်ချုပ်မောင်ဦးလိုက်ပါလျက် အမ်းမြို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထ ိ ု မ ှ တ စ ် ဆ င ့ ် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့သည် အမ်းမြို့ နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့သွားရောက်၍ အစည်းအဝေးခန်းမ၌ အမ်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

တက်ရောက်

အခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးတင်လှိုင်၊ အမ်းတပ်နယ်မှ ဗိုလ်မှူးကြီးမြတ်ဆွေ၊ အမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်းနှင့်အဖွဲ့ဝင်များ၊ အမ်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်းက အမ်းမြို့နယ်၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေ၊ မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံနှင့် စားဖိုဆောင်သီးနှံများ စိုက်ပျိုးနေမှုနှင့် ကုန်းမြင့်လယ်ယာ ဖော်ထုတ်စိုက်ပျိုးနေမှုအခြေအနေ၊ ရေငန်ပုစွန်မွေးမြူမှုအခြေအနေ၊ မြို့နယ်၏ ပညာရေး၊ ကျန်းမာရေးအခြေအနေနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် **(အပေါ်ပုံ)** အမ်းမြို့နယ်သည် စိုက်ပျိုးရေးနှင့်ပတ်သက်၍ မိုးစပါးဧက ၃၅၀၀၀ကျော် စိုက်ပျိုးပြီး သီးထပ်စိုက်ပျိုးမှု လျော့နည်းနေသေးသည်ဖြစ်ရာ ပိုသောစိုက်ပျိုးမြေများတွင် နွေစပါး၊ ပဲအမျိုးမျိုးနှင့် အခြားသီးနှံများကို တိုးချဲ့စိုက်ပျိုးခြင်းဖြင့် သီးထပ်စွမ်းအားကို မြှင့်တင်ရန်လိုကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ကြရာတွင် စီမံချက် ရေးဆွဲပြီး မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများက ဝိုင်းဝန်းညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်က အဓိကသီးနှံ ၁၀ မျိုးသတ်မှတ်ထားရာ သီးနှံအထွက်နှုန်းတိုးတက်ရေးနှင့် ဒေသနှင့်ကိုက်ညီသော သီးနှံများတိုးချဲ့စိုက်ပျိုးရေး တွန်းအားပေးဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးမှုကို ယခုထက်ပိုမိုတိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း၊ ထို့အတူ နှစ်ရှည်ပင်များတွင် သီဟိုဠ်နှင့်သစ်ဆိမ့်တို့ကိုလည်း တိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း၊ ရခိုင်ပြည်နယ်သည် ရေတပ်ကောင်းစိုက်ပျိုးဖြစ်ထွန်းသော ဒေသဖြစ်သဖြင့် အောင်မြင်အောင် တိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းကို ယခုထက် အထွက်တိုးအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် စပါးစိုက်ပျိုးသည့်လယ်မြေကို မထိခိုက်စေဘဲ ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့အပြင် မိသားစုတစ်စုချင်းစီ၏ ဝင်ငွေတိုးတက်ရရှိရေးနှင့် စားသုံးမှုဖူလုံစေရေးအတွက် ဒေသကြက်မွေးမြူရေးကို တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ်မွေးမြူသည်အထိ ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ဖွဲ့စည်းထားသည့်ကော်မတီများက လုပ်ငန်းများကို ထိထိရောက်ရောက် တိုးတက်အောင်ဆောင်ရွက်ကြပြီး ကျေးလက်အောက်ခြေအထိဆင်းကာ ပြည်သူများနှင့်ပူးပေါင်း၍ ဝိုင်းဝန်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့သည် အမ်းမြို့ မြို့ရှောင်လမ်း ဖောက်လုပ်ထားရှိမှုအခြေအနေကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့သည် အမ်းလေဆိပ်သို့ရောက်ရှိကြပြီး မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ကာရန်အလွဲ ရုံသုံးရုံအပြိုင်ဝင်

ချစ်လူမိုက်ဇာတ်ကား မေ ၇ရက်၌ ရုံတင်မည်

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဧပြီ ၂၂

ပုညခင်၏ဝတ္ထုကို ဇာတ်ညွှန်းနှင့်ဒါရိုက်တာ အကယ်ဒမီခင်မောင်ဦး၊ စိုးသိမ်းထွဋ်ရိုက်ကူးသည့် **ကာရန်အလွဲ** ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံသုံးရုံတွင် ယနေ့ရုံဝင်လာသည်။ ကာရန်အလွဲမှာ တောရွာမှ မြို့တက်ပြီး တက္ကသိုလ်ပညာသင်ယူနေသူ တောသားရွှေမိုးညိုနှင့် ကိုယ်တိုင်ကားမောင်းကျောင်းတက်သူ ရန်ကုန်သူ လှပျိုဖြူချစ်စနိုးတို့ ဆုံဆည်းမိကြရာက အလွဲလွဲအချော်ချော် အမြီးအမောက်မတည့် ဖြစ်ရပ်များကို ဟာသနှောကာ ရိုက်ကူးတင်ဆက်ထားသော ဇာတ်ကားဖြစ်သည်။

မိုးအိမ်သစ်၏ ဇာတ်လမ်းကို မင်းခိုက်စိုးစံ ဇာတ်ညွှန်းရေးဖွဲ့ပြီး ဒါရိုက်တာ ညွှန့်မြန်မာ ညီညီအောင် ရိုက်ကူးတင်ဆက်သည့် **သင်္ကြန်ဝေးဝေး** ဇာတ်ကားမှာ နဝဒေးနှင့် ရွှေ့ဆောင်ရုံတွင် ဆက်လက်ပြသနေသည်။

သင်္ကြန်ဖြူ၊ ထူးမော်၊ ခိုင်မြတ်တို့၏ သုံးပွင့်ဆိုင်သင်္ကြန်အိပ်မက်လေးကို ဆွတ်ပျံ့ဖွယ် ရိုက်ကူးတင်ဆက်ထားသော ဇာတ်ကားဖြစ်သည်။

နေပြည်တော်ရုံတွင် The Last Samurai ဇာတ်ကား ရုံဝင်လာသည်။

အိန္ဒိယနာမည်ကြီး မင်းသား ဆန်နီဒိုးလ် ခေါင်းဆောင်ပါဝင်ထားသော ချန်ပီယံအက်ရှင်ဇာတ်ကား ဘုရင့်ရုံတွင် ရုံဝင်လာသည်။

ဒါရိုက်တာ ကိုအောင်မင်းသိမ်း ရိုက်ကူးသည့် **ပေါ့ပေါ့ပါးပါးပြုံး** ဇာတ်ကား ဝဇီရာ(၁) ရွှေမန်း၊ သီတာ၊ စံပြ၊ မဟာမြိုင်ရုံများတွင် ရုံဝင်လာသည်။

ဒါရိုက်တာခိုင်မြတ်အောင် ရိုက်ကူးသည့် **ကောင်းမှကောင်း** ဒီဗွီဒီ ဇာတ်ကားရွှေဂုန်ရုံတွင် ရုံဝင်လာသည်။ ကောင်းမှကောင်းတွင် ရန်အောင်၊ ရာဇာနေဝင်း၊ ရီဝေယံ၊ ပုလဲဝင်း၊ ဇင်ဇင်ဇော်မြင့်၊ ဆုရွှန်းလဲ့တို့ ခေါင်းဆောင် ပါဝင်ထားသည်။

တန်းမြင့် မြို့မရုံတွင် မင်းသားချော အဘိရှက်ဘချမ်းနှင့် မင်းသမီးချော ကရစ်မားကာပူးရ်တို့ ခေါင်းဆောင်ပါဝင်ထားသော Haan Maine Bhi Pyaar Kiya ဇာတ်ကား ရုံဝင်လာသည်။ ။ **(မြန်မာ့အလင်း)**

ကာရန်အလွဲဇာတ်ကားမှ ဒွေး၊ ဇာဂနာနှင့် စိုးမြတ်သူဇာ။

သင်္ကြန်ဝေးဝေးဇာတ်ကားမှ လွင်မိုး၊ ခန့်စည်သူနှင့် အိန္ဒြာကျော်ဇင်။

ချစ်လူမိုက်ဇာတ်ကား

လူစွမ်းကောင်း ရုပ်ရှင်ထုတ်လုပ်ရေးမှတင်ဆက်ပြီး ဒါရိုက်တာ အကယ်ဒမီ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်တို့ ရိုက်ကူးသည့် **ချစ်လူမိုက်** ဇာတ်ကား ရုံဝင်လာမည်ဖြစ်သည်။

ချစ်လူမိုက်တွင် လွင်မိုး၊ ရာဇာ နေဝင်း၊ နန္ဒာလှိုင်နှင့် ပုလဲဝင်းတို့ ခေါင်းဆောင်ပါဝင်ထားသည်။

ကိုကိုကျော်နှင့် ညီညီဇော်တို့ ညီအစ်ကိုနှစ်ယောက်လုံးက သစ္စာမြင့်မိုရ်ဆိုသော မိန်းကလေးတစ်ဦးတည်းကိုမှ ချစ်မိသည်။ သစ္စာမြင့်မိုရ်ကလည်း ညီအစ်ကိုနှစ်ဦးစလုံးကို ပြန်ချစ်မိသည်။ ထိုအခါ **ချစ်လူမိုက်** ဇာတ်လမ်း ဖြစ်လာသည်။

မေ ၇ရက်တွင် သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် ရှုစားရမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ချစ်လူမိုက်

မကြာမီ ရုံဝင်လာမည့် **ချစ်လူမိုက်** ဇာတ်ကားမှ နန္ဒာလှိုင်နှင့် ပုလဲဝင်း။

● *ကျောဖုံးမှ*

မန္တလေးမြို့၏အချက်အချာအရောင်းအဝယ်ကောင်းသည့် အနောက်ပြင်တစ်နေရာတွင် အင်းဝ၊ အမရပူရ (တောင်မြို့)တွင် နာမည်ရှိခဲ့သော "ဈေးချို" အမည်ကိုယူ၍ ဈေးကြီးတစ်ဈေး ပြုလုပ်ပေးခဲ့သည်။ ဈေးကြီးသည် တစ်နေ့တခြား ရောင်းသူဝယ်သူများ ပိုမိုစည်ကားလာသည်။ အထက်မြန်မာပြည်၏ အဓိကဈေးကွက် ဖြစ်လာသည်။

တည်ဆောက်ဖွင့်လှစ်ခဲ့

ထို့ကြောင့်လည်း ဈေးဝယ်ဈေးသည်များ ပိုမိုကောင်းမွန် အဆင့်အတန်း မြင့်စေရန် အုတ်ကာသွပ်မိုးဟု ဆိုသော မြန်မာသက္ကရာဇ် ၁၂၆၅ ခုနှစ်တွင် ဈေးချိုတော်ရုံကြီး ၁၂ ရုံကို တည် ဆောက်ဖွင့်လှစ်ပေးခဲ့သည်။

၁၂၆၅ ခုနှစ်မှစတင်ခဲ့သော ပြီးခဲ့သောသက္ကရာဇ်မတိုင်ခင်၁၃၆၅ ခုနှစ်တွင် နှစ်ပေါင်း(၁၀၀)ပြည့်ခဲ့သည့် မန္တလေးဈေးချိုတော်ကြီး၏ နှစ်ပေါင်း (၁၀၀) ပြည့် အခမ်းအနားကို ဧပြီလဆန်း ၂ရက် နံနက်ရနာရီက မန္တလေးဈေးချိုတော်ရှေ့မျက်နှာစာ ၈၄လမ်း (ဗိုလ်ချုပ်အောင်ဆန်းလမ်း)ပေါ်တွင် တခမ်းတနား ကျင်းပသည်။

ဈေးချိုတော်သစ်

မန္တလေး ဈေးချိုတော်ကြီးကို အင်္ဂလိပ်အစိုးရလက်ထက် ဗိသုကာ ပထမဆုံး မန္တလေးမြူနီစီပါယ် အတွင်းရေးမှူးဖြစ်သူမှာ အီတလီလူမျိုး ကောင့်ကာဒါရီ (Count Caldaryi) ဖြစ်သည်။ ၁၉၉၁ ခုနှစ်တွင် ဈေးချိုတော် ၁၂ ရုံကို ဖျက်သိမ်းခဲ့သည်။ ဈေးချိုတော်ရုံသစ်ကြီးမှာ ၁၉၉၄ ခုနှစ်တွင် ပြီးစီးခဲ့သည်။

ဈေးချိုတော်နာရီစင်ကို ၁၉၀၉ ခုနှစ်တွင် ဝိတိုရိယဘုရင်မကြီး နန်းတက်သည့် အထိမ်းအမှတ်အနေဖြင့် ပြင်သစ်အင်ဂျင်နီယာ ဘွန်ဗီလိန်က ပုံစံထုတ် ဆောက်လုပ်ခဲ့သည်။

ကြုံတောင့်ကြုံခဲ မန္တလေးဈေးချိုတော် နှစ်(၁၀၀)ပြည့်ပွဲနှင့်ပတ်သက်၍ မန္တလေးမှ မီဒီယာသမားများက ဆက်သွယ် သတင်းပေးပို့ကြသဖြင့် မန္တလေး၌ ရှင်သန်ကြီးပြင်းခဲ့သော သတင်းမီဒီယာသမားအနေဖြင့်မန္တလေးသံယောဇဉ်အတွေးဖြင့် ရေးသားတင်ပြလိုက်ရပါသည်။

မန္တလေးမြို့ တောင်ပြင်မဟာအောင်မြေ အရှေ့ပိုင်း (၅၁၈)ရပ်ကွက် ဒေါ်လှဝိုင်းတံတား မြောက်ဘက်ထိပ် (မဟာမုနိ ဘုရားကြီးနှင့် မဝေး)တွင် နေထိုင်ကြီးပြင်းခဲ့သူဖြစ်၍ ငယ်စဉ်ကပင် ဈေးချိုတော်နှင့် ကျွမ်းဝင်ခဲ့သည်။ လိုချင်သည်ကိုဈေးချိုသို့ သွားရောက် ဝယ်ရသဖြင့် ဈေးချိုကို ချစ်သည်။ ဈေးချိုတော်ရုံကြီးများကို အထင်ကြီးသည်။ ဈေးချိုတော်တွင် တွေ့မြင် ရသော နာရီစင်ကြီးကလည်း ဈေးချိုတော်ကြီးနှင့် ခွဲမရသကဲ့သို့ မန္တလေးမြို့၏ သင်္ကေတဖြစ်၍



အတိတ်ကာလဆီက မန္တလေး ဈေးချိုတော်။
ဓာတ်ပုံ-မိုးသောက်ကြယ်တင်မောင်(မန္တလေး)

မန္တလေးသူ မန္တလေးသားတိုင်း ဂုဏ်ယူတန်ဖိုးထားကြသည်။

ရေပန်းစားဆုံး

ဈေးချိုတော် A ရုံ၊ B ရုံ၊ C ရုံ စသည့် ဈေးချိုရုံကြီး ၁၂ ရုံကလည်း သူ့ရုံ၊ သူ့ပစ္စည်းနှင့်သူ ရောင်းချခဲ့ကြသည်။ C ရုံသည် စာအုပ်နှင့် စာရေးကိရိယာများ ရောင်းချသကဲ့သို့ E ရုံသည် ရွှေဆိုင်တန်း၊ F ရုံသည် အထည်တန်း ရုံများဖြစ်သည်။ E ရုံ ရွှေဆိုင်တန်းသည် ဈေးချို ၁၂ရုံတွင် ရေပန်းစားဆုံးဖြစ်သည်။ဈေးချိုသူများ စကားချိုသာမှုသည်လည်း ချီးကျူးစရာ ဖြစ်သည်။ မောင်ကြီးနမ



မန္တလေး ဈေးချိုတော် မြေပုံ။
ဓာတ်ပုံ-မိုးသောက်ကြယ်တင်မောင်(မန္တလေး)

ကျားကိုက်ရပါစေဟု ဈေးချိုသူတို့၏ အသုံးအနှုန်းများသည် ဈေးဝယ်သူများအတွက် နားဝင်ချိုသာလှသည်။

လွန်ခဲ့သည့်နှစ် ၃၀ခန့်က မန္တလေးဈေးချိုတော်၌ နေ့ခင်း ခင်းကျင်းသော ကထိန်ပွဲများကလည်း စိတ်ဝင်စားစရာ ကောင်းလှသည်။ နေ့ခင်းတွင် မန္တလေး ကထိန်ပွဲရိုးရာ တာဝတိံသာ အသီးသီးသုပ်၊ ဆီးဖြူသီးဆားရည်စိမ် စသည့် စားကောင်းသောက်ဖွယ်များ ဧည့်ခံ၊ နာမည်ကြီး အငြိမ့်ပွဲများဖြင့် ဖျော်ဖြေကြပြီး လှူဒါန်းမည့် စစ်ကိုင်းတောင် ချောင်များသို့ စင်းလုံးငှား မော်တော်များ ဖြင့် သွားရောက်ပျော်ပါးကြသည်များကိုလည်း သတိရစရာကောင်းသည်။

မြတ်နိုးတန်ဖိုးထား

အပြောအဆိုယဉ်ကျေးသိမ်မွေ့မှုဖြင့် ကျော်ကြားခဲ့ပြီး မြတ်နိုးတန်ဖိုးထား စရာ၊ ရိုးရာပွဲများဖြင့် ချစ်မြတ်နိုးစရာကောင်းသော ဈေးချိုတော်ကြီးသည် နှစ်(၁၀၀)ပြည့်ခဲ့ပြီ ဖြစ်သည်။

မန္တလေးဈေးချိုတော် နှစ်(၁၀၀) ပြည့် ပွဲတော်ကို ဧပြီ ၂ရက်က ကျင်းပရာ နှစ်(၁၀၀)ပြည့် ပွဲတော်ကျင်းပရေး ဗဟိုကော်မတီ နာယက မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ရန်သိမ်း တက်ရောက် နှုတ်ခွန်းဆက်စကားပြောကြားဖွင့်လှစ်ပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် နေဝင်းနှင့် မန္တလေးဈေးချိုတော် ဈေးမိဈေးဖ ဦးတင်မောင်တို့က မင်္ဂလာအချိန် နံနက် ရနာရီတွင် မန္တလေးဈေးချိုတော် နှစ် (၁၀၀)ပြည့်ပွဲတော် မင်္ဂလာမုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မန္တလေးစည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ရန်သိမ်းက ဗဟိုမဏ္ဍပ် ဈေးချိုတော် နှစ် (၁၀၀)ပြည့်ပွဲတော် ဆိုင်ဘုတ်ကြီးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ဈေးချိုတော် နှစ်(၁၀၀) ပြည့် ပွဲတော် အဖွင့်နှုတ်ခွန်းဆက် စကား ပြောကြားသည်။

ရာပြည့်ပွဲတော်တံဆိပ်

အခမ်းအနားတက်ရောက်လာသော ဧည့်ပရိသတ်များအား အဆင့်မြင့် ဈေးချိုတော် (Grand) ခန်းမတွင် အကပဒေသာဖြင့် တင်ဆက်ဖျော်ဖြေပြီး ဈေးချိုတော်ဈေးအကျိုးတော်ဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးကျော်နှင့် တာဝန်ရှိသူများအား ရာပြည့်ပွဲတော်တံဆိပ်များကို ပေးအပ်သည်။

မန္တလေးဈေးချိုတော် နှစ်(၁၀၀) ပြည့် အခမ်းအနားကို ပထမဦးစွာ မန္တလေးမြို့ အမှတ်(၁၆) အထက ကျောင်းသား ကျောင်းသူများက ဈေးချိုတော် သီချင်းဖြင့် ဧည့်ခံဖျော်ဖြေသည်။ ထို့နောက် ဈေးချိုတော် နှစ်(၁၀၀)ပြည့်ပွဲတော် အလံကိုင်အဖွဲ့၊ မြန်မာ့ရိုးရာဆွမ်းအုပ်အသင်း၊ မြန်မာ့ရိုးရာ စည်တော်ကြီးအဖွဲ့၊ ရာဇာဝင်းအဖွဲ့၊ နှောင်းခေတ် ရွှေခြေကျင်းနှင့်ဈေးချိုသူအဖွဲ့၊ ဆင်စစ်သည်တော်အဖွဲ့၊ မြင်းစစ်သည်တော်အဖွဲ့၊ တိုင်းရင်းသူ တိုင်းရင်းသားအဖွဲ့၊ ကျောင်းသူကျောင်းသား၏ ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့များ၊ ဈေးချိုတော် မီးသတ်တပ်ဖွဲ့များက အစီအစဉ်အလိုက် ချီတက်ဂါရဝပြုသည်။

အလှပြယာဉ်

နှစ်(၁၀၀)ပြည့် အလှပြယာဉ်ကြီးများက ဈေးချိုတော်တောင်ဘက်ထိပ်မှ နာရီစင်အထိ လှည့်လည် ဖျော်ဖြေတင်ဆက်သည်။ ထို့နောက် ဈေးချိုတော် အပေါ် စတုတ္ထထပ် ငွေကြယ်ခန်းတွင် လှယဉ်ကျေးမယ်ပြိုင်ပွဲ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးပြပွဲ၊ပြိုင်ပွဲများ၊ ဓာတ်ပုံပြိုင်ပွဲများ ပြသကြသည်။

ဧည့်ခံဖျော်ဖြေ

ညပိုင်းတွင် အလှပြယာဉ်ကြီးများနှင့်အတူ မြို့မတီးဝိုင်း၊ ရောင်ခြည်တေးဂီတများဖြင့် သီဆိုလှည့်လည်ဖျော်ဖြေသည်။ ဗဟိုမဏ္ဍပ်တွင်လည်း တေးဂီတများဖြင့်ဧည့်ခံဖျော်ဖြေသည်။

အထူးစည်ကား

ဈေးချိုတော် ပတ်ဝန်းကျင် ပတ်ပတ်လည်တွင် ဈေးဆိုင်ခန်းများ ဖွင့်လှစ်၍ အထူးလျှော့ဈေးဖြင့် ရောင်းချရာ ဈေးပွဲတော် နှစ်(၁၀၀)ပြည့်ပွဲကြီးသည် အထူးပင်စည်ကားလှပေသည်။ ။ **(မြန်မာ့အလင်း)**

နိုင်ငံတော်ဩဝါဒါစရိယ မကွေးတိုင်း၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်၊ မင်းကျောင်းကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသုဝဏ္ဏ၏

ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မကွေးတိုင်း၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်၊ စိုင်းလိုင်းရွာ ဦးအုပ်-ဒေါ်လန်းတို့မှ ၁၂၈၀ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော်၄ရက် သောကြာနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည်၁၂၉၅ ခုနှစ်တွင် မကွေးတိုင်း၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်၊ စိုင်းလိုင်းရွာဦးကျောင်း ဆရာတော် ဦးကေသရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၂၉၉ခုနှစ်၊ နတ်တော်လဆန်း ၁၅ ရက်တွင် လောက်ပုလဲကျောင်း ဆရာတော် ဦးဝိသုဒ္ဓကို ဥပဇ္ဈာယ်ပြု၍ လောက်ပုလဲကျောင်း(ဥဒကုက္ခေပသိမ်)ရေသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ကျောက်ဂူကျောင်းတိုက် ဆရာတော် ဦးဝိစာရ အောက်ဝေါယွန်းကျောင်းတိုက်ဆရာတော် ဦးဥက္ကဋ္ဌ(စလင်းမြို့)၊ မှန်ကင်းတိုက်ကျောင်း တိုက်အုပ်ဆရာတော် ဦးအရိယဝံသ၊ ဆရာတော် ဦးပညာသီဟ ဆရာတော် ဦးဧယျမ္မသာမိ၊ ဆရာတော်ဦးပညာဝံသ တို့ထံတွင် ပိဋကတ် သုံးသွယ်ပါဠိတော် အဋ္ဌကထာ၊ ဋီကာတို့ကို သင်ရိုးပေါက်မြောက်အောင် သင်ယူဆည်းပူးတော်မူခဲ့သည်။

စာပေပို့ချခြင်းနှင့်သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ရဟန်း(၁၀)ဝါအရတွင် ဖားအိုင်ရွာ၊ မင်းကျောင်းတွင် ကျောင်းထိုင်ပြီး ရဟန်း၊ သာမဏေများကို ပိဋကတ် အခြေခံကျမ်းစာ ပါတိမောက်၊ သဒ္ဒါသင်္ဂြိုဟ် ညဝါစသည်တို့ကို ပို့ချတော်မူခဲ့ပါသည်။ ၁၃၅၆ ခုနှစ်မှစ၍ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ် သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့သည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ဘုရားကြီးသည် သာသနာတော်အကျိုးသည်ပိုးထမ်းဆောင်တော်မူခြင်းမှ သက်တော်(၈၆)နှစ်၊ သိက္ခာတော် (၆၆)ဝါအရ ၁၃၆၆ခုနှစ်၊ ကဆုန်လဆန်း ၁ ရက် (၁၉-၄-၂၀၀၄ရက်) တနင်္လာနေ့ နံနက် ၂နာရီ မိနစ် ၄၀ တွင် မင်းကျောင်းကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

(၁၈၄)ကြိမ်မြောက်အောင်ဘာလေသိန်းဆုဖွင့်ပွဲ မေ ၁ ရက်တွင်ကျင်းပမည်

ရန်ကုန် ဧပြီ ၂၂

(၁၈၄)ကြိမ်မြောက် ငွေကျပ် ၅၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို မေ ၁ရက်နံနက် ၉ နာရီတွင် အောင်ဘာလေ သိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

ငွေကျပ် ၅၀ တန်ထီ(၁၈၄)ကြိမ်မြောက်တွင် အက္ခရာ ၃၄ လုံး၊ ထီစာအုပ် ၂၇၈၁၈၁၂ အုပ်ကို ထုတ်ဝေရောင်းချခဲ့ရာ ကုန်စင်အောင် ရောင်းချခဲ့ရသဖြင့် ဆုတန်ဖိုးအလိုက်ဆုမဲများမှာ ငွေကျပ် သိန်း ၃၀၀ တစ်ဆု၊ ငွေကျပ် သိန်း ၅၀ ၂၉ ဆု၊ ငွေကျပ် ၂၅ သိန်း ၁၅ ဆု၊ ငွေကျပ် ခြောက်သိန်း ၅၉၄ ဆု၊ ငွေကျပ်ငါးသိန်းနှစ်ဆု၊ ငွေကျပ် လေးသိန်းလေးဆု၊ ငွေကျပ် နှစ်သိန်း ၁၆ ဆု၊ ငွေကျပ် တစ်သိန်း ၁၆၂ ဆု၊ ငွေကျပ် ရှစ်သောင်း ၂၆ ဆု၊ ငွေကျပ် ငါးသောင်း ၁၆၂၀ ဆု၊ငွေကျပ် လေးသောင်း ၄၇ ဆု၊ ငွေကျပ် နှစ်သောင်း ၃၃၄ ဆု၊ငွေကျပ် တစ်သောင်း ၁၆၂၀၀ ဆု စုစုပေါင်း ၁၉၀၅၀ ဆုဖြစ်သည်။

ယခု(၁၈၄)ကြိမ်မြောက် ငွေကျပ် ၅၀ တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို မေ ၇ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၁၇ ရက်တွင် ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေး ခန်းမတွင် သင်္ကြန် ပူဇော်ပွဲကျင်းပရာ ရန်ကုန်အနောက် ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီး တင်မြင့်နှင့် တပ်ဖွဲ့ဝင်မိသားစုများက အဘိုး၊ အဘွားများအား ပူဇော်ကန်တော့ကြစဉ်။ (က-ပ)

ပန်းတောင်းမိုးကုတ် ၁၀ရက်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၂၂

ပဲခူးတိုင်း ပြည်ခရိုင် ပန်းတောင်းမြို့ အဖွဲ့ခွဲ(၃၉)၌ ဧပြီ ၂၄ ရက်မှ မေ ၃ ရက်အထိ ၁၀ ရက်တရားစခန်းပွဲကို ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပုညာရာမမိုးကုတ်ဝိပဿနာ ကျောင်းတိုက်ကြီး၏ပဓာနနာယကဆရာတော် အဖွဲ့ချုပ်ကြီး၏နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ အရှင်ပုညာနန္ဒ အရှင်သူမြတ်က ခန္ဓာဉာဏ်ရောက်သစ္စာတရားများ ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

သာစုကိုင္ခနသဘင်ဆင်ယင်ကျင်းပပြီးစီး

ရန်ကုန် ဧပြီ ၂၂

၁၃၆၅ ခုနှစ် တပို့တွဲလဆန်း ၁ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသော စစ်ကိုင်းတိုင်း ထီးချိုင့်မြို့နယ် ကမ်းနီကျောင်းကြီးကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဆရာတော်ကြီးအား ၁၃၆၅ ခုနှစ် တပို့တွဲလဆန်း ၉ ရက်တွင် စံကျောင်းတင်အခမ်းအနားပြုလုပ်၍တပေါင်းလပြည့်ကျော် ၁၂ ရက်မှ နှောင်းတန်ခူးလဆန်း ၁၁ ရက်အထိ ၁၅ ညတိုင်တိုင် တရားပွဲများဖြင့် ကျင်းပပူဇော်ပြီး နှောင်းတန်ခူးလဆန်း ၁၁ ရက်တွင် အဂ္ဂိဈာပန၊ ၁၂ ရက် တွင် ဆီမီးငါးထောင်ထွန်းညှိပူဇော်ကာ တပည့်ဘဒ္ဒန္တနာရဒ (သာသနဓဇ ဓမ္မာစရိယ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ)နှင့် တပည့်ဒါယကာ ဒါယိကာမများက ဥဒကစျာပနသဘင်ဆင်ယင်ကျင်းပပြီးစီးကြောင်းသိရသည်။(က-ပ)

ဧပြီ ၄ ရက်က ဘုရားဖြူကျောင်းတိုက် သုံးထပ်ကျောင်းဆောင်ဆောက်လုပ်ရန်အတွက် အလှူရှင်ကွယ်လွန်သူ ခင်ပွန်းဖြစ်သူဦးအုန်းဖေနှင့် သားလတ်မောင်သန်းလှိုင်(ခ) အတီး၊ သားငယ်မောင်စိုးညွန့်(ခ) စိုးစိုးတို့အားရည်စူး၍ သာသနာ့ မိခင်ကြီး ဒေါ်ကြင်တီ၊ သားသမီးမြေးမြစ်မိသားစု တိုက် ၂၊ အခန်း၂၊ အနော်ရထာအိမ်ရာ ဗိုလ်တထောင် ဘုရားလမ်း ရန်ကုန်မြို့မှ ပဓာနနာယက နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းစဉ်။(က-ပ)

ဝါးခယ်မမြို့ အလက(၂) အာစရိယပူဇော်မည်

ရန်ကုန် ဧပြီ ၂၂

ဝါးခယ်မ အလက(၂) (ဦးဗိုလ်ကြီးကျောင်း)၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ယခင်သတ်မှတ်ရက်အစား မေ ၂ ရက်(တနင်္ဂနွေနေ့)သို့ ပြောင်းလဲကျင်းပမည်ဖြစ်ကြောင်း၊ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအား အသိပေး နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ဦးမောင်မောင်စိန် (ဂရိတ်ဝေါ တိုင်းရင်းဆေးဝါး ထုတ် လုပ် ရေး လုပ်ငန်း) မိသားစုက မြန်မာ့အလင်း သတင်းစာတိုက် သာသနဝိပ္ပာရီ ဗုဒ္ဓဘာသာအသင်းက ကြီးမှူးကျင်းပမည့် (၂၆)ကြိမ်မြောက် ဒုလ္လဘရဟန်းခံအလှူတော်မင်္ဂလာ အတွက် ငွေကျပ်ငါးသောင်းကို ဧပြီ ၂၂ ရက်က လာရောက်လှူဒါန်းရာ စာတည်းမှူးချုပ်ကိုယ်စား မန်နေဂျာ ဦးဇော်ဝင်းက လက်ခံရယူစဉ်။ (က-ပ)

မြန်မာနိုင်ငံ နက္ခတ်ဗေဒင်ပညာရှင်များအဖွဲ့

ကွန်ပျူတာဇာတာဖတ်နည်း၊ ဟောနည်းသင်တန်း
နက္ခတ်ဗေဒင်ပညာ ဒီပလိုမာသင်တန်းများ

၁။ ယခု၂၀၀၄ ခုနှစ်မေလတွင် ကွန်ပျူတာ ဇာတာဖတ်နည်း၊ ဟောနည်း ၁၅ရက် အမြန်သင်တန်းနှင့် ဇူလိုင်လတွင် နက္ခတ်ဗေဒင်ပညာ ဒီပလိုမာကိုးလသင်တန်းကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။ (သင်တန်းသားဦးရေကန့်သတ်)

၂။ စိတ်ပါဝင်စားသူ၊သင်ယူလိုသူ၊ လေ့လာလိုသူများသည် ဒေါ်ကြည်ကြည်စိန် (အတွင်းရေးမှူး) အဖွဲ့ရုံးခန်း၊ဗိုလ်ချုပ်အောင်ဆန်းဈေး၊ မျက်နှာစာတန်း၊ အပေါ်ထပ်၊ ပန်းဘဲတန်းမြို့နယ်သို့ ဆက်သွယ်နိုင်ပါသည်။

ဖုန်း-၂၄၀၉၆၆ လိုင်းခွဲ (၅၆၂)

နီလာရတု မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဦးဘိုကြည် (ညွှန်ကြားရေးမှူး-ငြိမ်း၊ အကျဉ်းဦးစီးဌာန)နှင့် ချစ်မေမေ ဒေါ်တင်တင်ဝင်းတို့၏ ၂၃-၄-၂၀၀၄ရက်တွင် ကျရောက်သော(၄၅)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နှောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သားသမီး၊ ချစ်မြေးများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်စေရန် ဆုမွန်ကောင်းတောင်းလျက်။

ချစ်သားသမီးများနှင့်
ချစ်မြေးများ-
မိုမို၊ ဝါဝါ၊ တုံတုံ၊ ဂျူဂျူး

မြန်မာ-တရုတ်နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ စီးပွားရေးလုပ်ငန်းဆိုင်ရာ အစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၂၂

မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ စီးပွားရေးလုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဗဟို အလုပ်အမှုဆောင်များ၊ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကုန်သည်ကြီးများအသင်းဒုတိယဥက္ကဋ္ဌ မစ္စတာ လီဂိုပိုင်နှင့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ မဟာမဲခေါင်ဒေသခွဲ စီးပွားရေးဖိုရမ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာလီဂိုပိုင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာမောင်မောင်လေးက မြန်မာ့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒနှင့် အခွင့်အလမ်းများကို ရှင်းလင်းတင်ပြကြပြီး မြန်မာ-တရုတ် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးကြသည်။ (သတင်းစဉ်)

ဒေသစုံမုန့်ဟင်းခါးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၂

(၆)ကြိမ်မြောက် မုန့်ဟင်းခါးပြိုင်ပွဲကြီးနှင့် ဒေသစုံမုန့်ဟင်းခါးပွဲတော်ကြီး ပြိုင်ပွဲဝင်အသင်းများ စာရင်းသွင်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ် ပြည်သူ့ဥယျာဉ် စားသောက်ဆိုင်တွင် ဧပြီ ၂၈ ရက် ညနေ ၃ နာရီတွင်ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲကို မေ၈ရက်နှင့် ၉ ရက်များတွင် နံနက်၆နာရီမှ ၁၀နာရီထိဖြစ်ရာ လူမှုရေးအသင်းအဖွဲ့များမှ အခမဲ့ မုန့်ဟင်းခါးလက်မှတ်ကို မြန်မာ့စားဖိုမှူးကြီးများရုံးတွင် အသင်းအဖွဲ့အစည်း၏ အသိအမှတ်ပြု ကတ်ပြားများပြ၍ မေ ၄ ရက်နှင့် ၅ ရက်များ၌ ရုံးချိန်အတွင်းထုတ်ယူနိုင်ကြသည်။

ရခိုင်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ မြောင်းမြ၊ ရှမ်းစသော ဒေသစုံမုန့်ဟင်းခါးမျိုးစုံကို ပျော်ရွှင်စွာ စားသောက်နိုင်ရန် ဦးအော်လီဗာစိုးသက်/ ဦးသိန်းလွင် အမှတ် ၃၀ (ငါးလွှာ) ၅(ဘီ)ဗိုလ်မိုးလမ်း စမ်းချောင်းမြို့နယ် မြေနီကုန်း ဖုန်း-၅၀၁၁၂၃ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။(က-ပ)

မလေးရှားနိုင်ငံတွင် ကျင်းပသော အာရှ ကြက်တောင်ရိုက်အဖွဲ့ချုပ် အထွေထွေ ညီလာခံသို့ တက်ရောက်ရန် ထွက်ခွာမည့် မြန်မာနိုင်ငံ ကြက်တောင် အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေအား ဧပြီ ၂၂ ရက်ကရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌တွေ့ရစဉ်။ (က-ပ)

စာသင်သားသာမဏေများအတွက် စာပေပို့ချပေးမည်

ရန်ကုန် ဧပြီ ၂၂

ဗဟန်းမြို့နယ် ဆရာစံလမ်း ဆရာစံပန်းခြံရှေ့၌ရှိသော ပရိယတ္တိသဒ္ဓမ္မာရုံကျောင်းတိုက် လွတ်လပ်ရေးကျောင်းတွင် အသက် ၁၅နှစ်အောက် သာမဏေများကို ကဆုန်လဆန်း ၅ ရက် (ဧပြီ ၂၃ ရက်)မှစ၍ ဆရာ၊ မိဘအပ်နှံစာဖြင့် အခြေပြုမှစ၍ အငယ်၊ အလတ်၊ အကြီး၊ ဓမ္မာစရိယတန်းထိ စာပေများသင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။ (က-ပ)

မြန်မာကြက်တောင်အဖွဲ့မှ အားကစားသမားနှစ်ဦး လက်ရည်စစ်ပွဲအောင်မြင်

ရန်ကုန် ဧပြီ ၂၂

၂၀၀၄ အာရှတံခွန်စိုက်ကြက်တောင်ရိုက်ပြိုင်ပွဲကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဧပြီ၂၀ရက်မှ စတင်၍ ကျင်းပလျက်ရှိရာ ဧပြီ၂၁ရက်ပွဲစဉ်များအပြီးထိ မြန်မာကြက်တောင်အားကစားအဖွဲ့မှ အားကစားသမားနှစ်ဦး လက်ရည်စစ် အောင်မြင်သွားကြောင်းသိရသည်။

မြန်မာကြက်တောင်အားကစားအဖွဲ့မှ အားကစားသမားနှစ်ဦးဖြစ်သည့် လွင်အောင်သည် ဘင်္ဂလားဒေ့ရှ်နှင့် မလေးရှားတို့ကို နှစ်ပွဲပြတ်စီဖြင့်လည်းကောင်း၊ သံလွင်အောင်သည် ဆီးရီးယားနှင့် ကာဇက်စတန်တို့ကိုနှစ်ပွဲပြတ်စီဖြင့်လည်းကောင်း အသီးသီးအနိုင်ရကာ လက်ရည်စစ်ပွဲအောင်မြင်ပြီး ၆၄ ဦး စာရင်းဝင်သွားကြခြင်းဖြစ်သည်။ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင်လည်း လှိုင်မွန်ကြူ(မြန်မာ)က ဆီးရီးယားကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရထားကြောင်း ကြားသိရသည်။ (မြန်မာ့အလင်း)

အာဆင်နယ် ပရီမီယာရှစ်ချန်ပီယံ တရားဝင်ဖြစ်ရန် နီးကပ်လာပြီ

ဟိန်းသန့်

ရန်ကုန် ဧပြီ ၂၂

ပရီမီယာရှစ်ချန်ပီယံ အာဆင်နယ်။ တရားဝင်ခေါ်ဆိုနိုင်ရန်သာ လိုတော့သည်။ လက်ရှိအနေအထားများအရ တစ်ပွဲလျှော့ပြီး ဒုတိယနေရာက ချယ်လ်ဆီးကို ၉ မှတ်ဖြတ်ထားရာ ပရီမီယာရှစ်ချန်ပီယံဖြစ်ရန်မှာ သေချာသည်ထက် သေချာနေပြီ ဖြစ်သည်။

ပရီမီယာရှစ်ချန်ပီယံဘွဲ့ကို အာဆင်နယ်လက်ထဲ ထည့်ပေးလိုက်ပြီးနောက် ပရီမီယာရှစ်မှာ စိတ်ဝင်စားစရာ မကျန်သလောက် ဖြစ်သွားပြီလား။ မဟုတ်သေးပါ၊ ပရီမီယာရှစ်၏ ပန်းအဝင်၌ ပရိသတ်ကို ဆွဲဆောင်နိုင်မည့် လက်ကျန်ပွဲများ အများကြီး ရှိနေသေးသည်။ ချယ်လ်ဆီးနှင့် မန်ယူတို့၏ ချန်ပီယံလိဂ် တိုက်ရိုက်ဝင်ခွင့်ရနိုင်မည့် ဒုတိယနေရာအတွက် အပြိုင်အဆိုင်ဖြစ်နေမှု၊ နယူးကာဆယ်၊ လီဗာပူး၊ အက်စတန်ဗီလာ၊ ချာလ်တန်၊ ဘာမင်ဂမ်တို့၏ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် နောက်ဆုံးတစ်နေရာဖြစ်သော အဆင့်(၄)နေရာ ရရှိရေးအတွက် အကြိတ်အနယ်ပြိုင်ဆိုင်နေမှုများ၊ ဝုလ်ဗ်၊ လက်စတာ၊ လိဒ်စ်၊ မန်စီးတီး၊ ပို့စ်မောက်၊ ဘလက်ဘန်းတို့၏ အတန်းမဆင်းရရေးအတွက် ပြင်းထန်သော ရုန်းကန်မှုများက ပရီမီယာရှစ်ကို စိတ်လှုပ်ရှားစရာများဖြင့် ဆက်လက်အသက်ဝင်စေခဲ့သည်။

ယခုလာမည့်ပွဲစဉ် (၃၅)၌ဆိုလျှင် မန်ယူ–လီဗာပူး၊ နယူးကာဆယ်–ချယ်လ်ဆီး၊ လက်စတာ–မန်စီးတီး၊ လိဒ်စ်–ပို့စ်မောက်ပွဲများမှာ ပရိသတ်စိတ်ကြိုက် ပွဲကောင်းများ ဖြစ်လာနိုင်သကဲ့သို့ လန်ဒန်မြို့ခံနှစ်သင်းဖြစ်သည့် တော့တင်ဟမ်နှင့် ချန်ပီယံတရားဝင်ဖြစ်ခါနီး အာဆင်နယ်တို့၏ ပွဲကလည်း ပရိသတ်ကိုဆွဲဆောင်နိုင်မည့် ပွဲတစ်ပွဲဖြစ်ရန် များနေသည်။ ထို့ကြောင့်လည်း စိတ်လှုပ်ရှားစဖွယ်ပွဲများ အပြည့်ရှိနေသေးသော ပရီမီယာရှစ်၏ လက်ကျန်ပွဲများ အပေါ် ဆက်လက်ပြီး ကြိုတင်ရင်ခုန်လိုက်ချင်ပါသေးသည်။



ပရီမီယာရှစ်ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အိုးထရက်ဖို့ဒ်ကွင်း၌ ကျင်းပသည့် မန်ချက်စတာယူနိုက်တက်နှင့် ချာလ်တန်အသင်းတို့ပွဲတွင် မန်ချက်စတာယူနိုက်တက်အသင်းမှတိုက်စစ်မှူးရူဗင်နစ္စတယ်ရွိုင်း ထိုးဖောက် ကစားစဉ်။

ပရီမီယာရှစ်ဘောလုံးပြိုင်ပွဲအဖြစ် မန်ချက်စတာယူနိုက်တက်နှင့် ပို့စ်မောက်အသင်းတို့ပွဲတွင် ပို့စ်မောက်အသင်း၏ အရိဘီနီယာကူဘူ ထိုးဖောက်ကစားမှုကို မန်ယူအသင်းမှ နစ်ကီဘတ် လိုက်လံဟန့်တားရန် ကြိုးစားနေစဉ်။

ပွဲစဉ်(၃၅) ၂၄/၂၅–၄–၂၀၀၄

ဘာမင်ဂမ်–ဝုလ်ဖ်

ဘာမင်ဂမ် ခြေမမှန်သလိုဖြစ်နေသည်။ အထူးသဖြင့် တိုက်စစ်ပိုင်း၌ ဖြစ်သည်။ သို့ပေမယ့် ချန်ပီယံလိဂ်ဝင်ခွင့် မျှော်လင့်ချက်ရှိနေသေးရာ အိမ်ကွင်းပွဲ၌ ရနိုင်သလောက် အမှတ်ရှာလိမ့်မည်။ ဝုလ်ဖ်ကလည်း ဇယားအောက်ဆုံးက အသင်း။ သည်ပွဲက အဆုံးအဖြတ်ပေးတော့မည့်ပွဲလို ဖြစ်နေသည်။ သည်ပွဲတွင် အရေးနိမ့်လိုက်ပါက ပထမတန်းသို့ ခြေလှမ်းပြင်ရတော့မည်ဖြစ်ရာ ဝုလ်ဖ်တို့အနေဖြင့် နောက်ဆုံးတိုက်ပွဲကို အသည်းအသန်နွှဲရတော့မည့်ကိန်း ဆိုက်နေသည်။ သို့ရာတွင် ဝုလ်ဖ်တို့၏အဝေးကွင်း ကစားအား၊ ခံစစ်ပိုင်း တည်ငြိမ်ခြင်းကင်းမဲ့မှုများက ကိုယ့်လိုပင် အမှတ်လိုချင်နေသည့် အိမ်ရှင် ဘာမင်ဂမ်ကို ရင်ဆိုင်ရာ၌ အခက်တွေ့နိုင်သည့် အချက်များပင်ဖြစ်သည်။ သည်ပွဲ၌ ဝုလ်ဖ်တို့အတွက် အမြင့်ဆုံးမျှော်လင့်နိုင်ခွင့်မှာ သရေ ဆိုသည်ထက် မပိုဟု ထင်မိသည်။

အယ်ဗာတန်–ဘလက်ဘန်း

ဘလက်ဘန်းစိတ်ချရဖို့ အမှတ်လိုနေသေးသည်။ အယ်ဗာတန်မှာ အိမ်ကွင်းမာသော်လည်း သည်လိုအချိန်မျိုး၌ သိပ်ပြီး စိတ်ချထား၍မရ။ သို့သော် အယ်ဗာတန်တို့အနေဖြင့်လည်း စိတ်အေးလက်အေးနေလို့ရမည့် နေရာသို့ အရောက်လှမ်းလိုသည်ကလည်း ရှိနေနိုင်ရာ ဘလက်ဘန်းတို့ လိုချင်သည့်အမှတ်ကို လွယ်လွယ်နှင့်ပေးမည့်ပုံတော့ မရှိ။ သရေပွဲလောက်ပဲမှန်းထားလျှင် ကောင်းမည်ထင်၏။

ဖူလ်ဟမ်း–ချာလ်တန်

ဖူလ်ဟမ်း၏အနေအထားမှာ ဇယားအလယ်၌ စိတ်ချနေရပြီး ဖြစ်သည်။ ချာလ်တန်မှာ ထိုသို့မဟုတ်။ ချန်ပီယံလိဂ်အတွက် မျှော်လင့်ချက်ရှိနေသည်။ သို့သော် ခက်နေသည်က အရေးကြီးချိန်ရောက်မှ ချာလ်တန်၏ တိုက်စစ်က အားရစရာမကောင်းဘဲဖြစ်နေသည်။ ထို့ကြောင့် အိမ်ကွင်းမာသည့် ဖူလ်ဟမ်းကို ရင်ဆိုင်ရာ၌ ခက်ခဲမည့်ပုံတော့ ရှိသည်။ ပြီးခဲ့သည့်နှစ်ရာသီ ဖူလ်ဟမ်းကွင်း၌ ဆုံခဲ့စဉ်ကလည်း နှစ်ကြိမ်စလုံးမနိုင်။ တစ်ပွဲရှုံး၊ တစ်ပွဲသရေဖြစ်သည့်အပြင် ဂိုးလည်းမရခဲ့။ လက်ရှိအချိန်၌လည်း တိုက်စစ်ပိုင်းက အားနည်းနေပြန်ရာ သည်တစ်ပွဲ၌လည်း ချာလ်တန် အနိုင်ရရန် လွယ်ဦးမည်မဟုတ်ဟု ထင်သည်။ ဖူလ်ဟမ်း သရေ၊ သို့မဟုတ် အနိုင်ပင်။

ပရီမီယာရှစ်ဘောလုံးပွဲတွင် ချယ်လ်ဆီးနှင့် အယ်ဗာတန်အသင်းတို့ပွဲ၌ ချယ်လ်ဆီးအသင်းမှ ဟက်ဆယ်လ်ဘိန့် သွင်းယူသည့်ဘောလုံးကို အယ်ဗာတန်ဂိုးသမား နီဂယ်မာတွန် ကာကွယ်နေစဉ်။

လိဒ်စ်–ပို့စ်မောက်

လိဒ်စ်တို့ အတန်းမဆင်းရဖို့ရုန်းနေရချိန်၌ ကွင်းလယ်က ဘက်ကီနှင့် ဆပ်ဂျန်ဆင်တို့နှစ်ဦး၏ ဒဏ်ရာရရှိသွားမှုမှာ အသင်း၏ရုန်းထွက်အားကို ထိခိုက်သွားစေခဲ့သည်။ ပို့စ်မောက်ကလည်း ခုတလော ခြေပြန်မာနေသည်။ နောက်ဆုံးသုံးပွဲ၌ မန်ယူနှင့် ဘာမင်ဂမ်ကို အနိုင်ကစား၊ ချာလ်တန်ကို သရေကျထားသည့်အပြင် နောက်ဆုံးငါးပွဲ၌ ရှုံးပွဲမရှိ လေးပွဲနိုင် တစ်ပွဲသရေကျထားသည့်ခြေက ဒဏ်ရာများနှင့် ရုန်းကန်နေရသော လိဒ်စ်အတွက် သတိပြုရမည့် အနေအထားပင်ဖြစ်သည်။ လိဒ်စ်အနေဖြင့် တိုက်စစ်က ဗီဒူကာနှင့် စမစ်တို့ကို အားကိုးရနိုင်ဖွယ်ရှိသော်လည်း နောက်ဆုံးပွဲများ ကစားသွားသည့် ခံစစ်အနေအထားကို စိတ်ချထား၍မရ။ ထို့ကြောင့် ယခုပွဲကို သရေပွဲဟုသာ မှန်းထားချင်မိပြီး အနိုင်အသင်းဟု ဆိုလာလျှင် ပို့စ်မောက်ဘက် လက်ညှိုးထိုးပြရလိမ့်မည်ထင်သည်။

လက်စတာ–မန်စီးတီး

ဒဏ်ရာပြဿနာ၊ ကွင်းပြဿနာတွေကြားထဲမှာ လက်စတာလူးလွန့်ရင်း ခြေကျလာသလို ရှိသည်။ အထူးသဖြင့် တိုက်စစ်မှူးများ၏ ဒဏ်ရာပြဿနာများက လက်စတာတို့ အရင်ယူနေကြ သရေဟူသည့် အဖြေမျိုး ရအောင်ပင် ခပ်ခက်ခက်ဖြစ်လာနေသည်ကို တွေ့ရသည်။ မန်စီးတီး၏ခြေကလည်း မှန်းရခက်ခက်၊ များသောအားဖြင့် ခြေပျက်နေသည်က များနေသည်။ အသင်းအနေဖြင့်လည်း အတန်းမဆင်းရရေးအတွက် စိတ်မအေးရသည့် အခြေအနေမျိုးသို့ ရောက်နေပြီဖြစ်ရာ ကီဂန်းနှင့် အနယ်လ်ကာတို့တစ်သိုက် ပေါက်ကွဲပြမှုဖြစ်တော့မည့် အချိန်မျိုးဖြစ်နေသည်။ မန်စီးတီး အနိုင်ရသွားလိမ့်မည် ထင်သည်။

မန်ယူ–လီဗာပူး

မန်ယူတိုက်စစ်၌ နစ္စတယ်ရွိုင်း ပြန်ကစားလျက်ရှိသည်။ အက်ဖ်အေဖိုလ်လုပွဲနှင့် ဝေးနေသေးသော်လည်း ပရီမီယာရှစ်၌ မန်ယူကစားပုံက သိပ်အားရစရာ မရှိ၊ ပေါ့ပျက်ပျက်ဖြစ်နေသည်။ သည်ကြားထဲ ပေါလ်စခိုးလ်ပါ ပွဲပယ်ခံထားရရာ ချန်ပီယံလိဂ်ဝင်ခွင့်ရရေးအတွက် တိုက်ပွဲဝင်နေသည့် လီဗာပူးကိုရင်ဆိုင်ရမည်မှာ ခက်ခဲမည့်ပုံရှိသည်။ အိုးလ်ထရက်ဖို့ဒ်၌ ပြီးခဲ့သည့် လေးရာသီအတွင်း ဆုံခဲ့စဉ်က လီဗာပူးက နှစ်ကြိမ်အနိုင်ရထားဖူးရာ မန်ယူတို့ သတိထားကာမှ တန်ရာကျမည့်ပွဲ ဖြစ်သည်။ သို့သော် လီဗာပူးကလည်း ခုချိန်ထိ ခပ်ပျက်ပျက်။ ခံစစ်လုံခြုံလာသော်လည်း တိုက်စစ်က ဂိုးရဖို့ ခပ်ခက်ခက်ဖြစ်နေသေးသည်။ အိုဝင် ခြေပျောက်၊ ဟက်စကီး၊ ကီးဝဲလ်၊ ဒီအော့ဖ်တို့ကလည်း ဂိုးမရ၊ ဘားရို့စ်ကိုလည်း အားကိုးထား၍ မရသေးသော လီဗာပူးဖြစ်နေသည်။ နှစ်သင်းစလုံး၏ လက်ရှိအနေအထားများအရဆိုလျှင် ယခုပွဲမှာလည်း သရေပွဲဖြစ်ရန် အနီးစပ်ဆုံး ဖြစ်နေသည်။

မစ်ဒယ်ဘရော့– အက်စတန်ဗီလာ

မစ်ဒယ်ဘရော့ကို ခုချိန်၌ ပုံမှန်တွက်ထား၍ မရ၊ လိုချင်သည်များ ရပြီးသော အသင်းတစ်သင်းအနေဖြင့် အချိန်မရွေး အပြောင်းအလဲဖြစ်သွားနိုင်သော အနေအထားမှာရှိနေသည်။ ဗီလာမှာမူ ထိုသို့မဟုတ်၊ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် မျှော်လင့်ချက်ရှိနေရာ မစ်ဒယ်ဘရော့ကို ခြေကုန်ထုတ်ပြီး ရင်ဆိုင်ဖွယ်ရှိနေသည်။ လက်ရှိခြေစွမ်းများအရလည်း မစ်ဒယ်ဘရော့ကို ဗီလာမရှုံးနိုင်ဟု ထင်မိသည်။

နယူးကာဆယ်–ချယ်လ်ဆီး

နှစ်သင်းစလုံး ယူရိုပွဲများဘက် အာရုံပိုရောက်နေနိုင်သည်။ ယခုပွဲမတိုင်မီ ယူရိုပွဲ ပထမအကျော့ပွဲများ နွှဲထားရ၍လည်း ပွဲပန်းနေနိုင်ကြရာ သည်ပွဲမှာ ပုံမှန်တွက်ထား၍မရသော ပွဲပင်ဖြစ်သည်။ နယူးကာဆယ် အိမ်ကွင်း၌ မာသော်လည်း ယူအီးအက်ဖ်အေပွဲနှင့် ပွဲရက်ကပ်နေခြင်း၊ ချယ်လ်ဆီး၏ လူအင်အား ပိုတောင့်တင်းခြင်းတို့ကြောင့် ယခုပွဲမှာ ချယ်လ်ဆီးကို အသာစီးဖြင့် ကစားနိုင်ရန်မှာ သိပ်မလွယ်လှ။ သည်နှစ်သင်း ပြီးခဲ့သည့် လေးရာသီအတွင်း နယူးကာဆယ်ကွင်း၌ ဆုံတိုင်းလည်း အသာရတတ်သည်က ချယ်လ်ဆီးဖြစ်နေရာ ယခုပွဲ၌လည်း ချယ်လ်ဆီးကို ပိုထင်ထားရမလို ဖြစ်နေသည်။ သို့သော် လက်ရှိအနေအထားများအရ သရေပွဲဖြစ်ရန်များသည့်ပွဲဟု ဆိုချင်သည်။

ဆောက်သမ်တန်–ဘောလ်တန်

နှစ်သင်းစလုံး၏ အနေအထားက သိပ်မကွာလှ အထက်မရောက် အောက်မရောက်ဖြင့် အတူတူဖြစ်နေကြသည်။ သို့သော် ယခုနောက်ပိုင်း၌ စိန့်တို့ ပိုခြေတွေ့နေသည်။ အထူးသဖြင့် ဘီတီ၊ ဖိလစ်တို့ ဂိုးမြူးနေကြရာ ယခုပွဲ၌ အိမ်ရှင်လည်းဖြစ်နေသည့် စိန့်တို့ကိုပဲ အနိုင်ပေးကြည့်ချင်မိသည်။

တော့တင်ဟမ်–အာဆင်နယ်

ယခုအချိန်၌ သည်နှစ်သင်းခြေစွမ်းချင်းက ကွာဟလွန်းနေသည်။ သို့သော် လန်ဒန်မြို့ခံအသင်းချင်းဟူသော မခံချင်စိတ်ဖြင့် တော့တင်ဟမ်တို့ သွန်ကစားပေလိမ့်မည်။ အာဆင်နယ်ကလည်း ပရီမီယာရှစ်ချန်ပီယံ မြန်မြန်ဖြစ်အောင် အလျှော့ပေးလိမ့်မည်မထင်။ စောစောစီးစီး စိတ်အေးနေရအောင်အတွက် တော့တင်ဟမ်ကို အနိုင်ကစားဖို့ ကြိုးစားလိမ့်မည်ထင်သည်။ ခြေစွမ်းချင်း ကွာဟလွန်းသော အသင်းနှစ်သင်းဆုံရာ၌ အိမ်ရှင်အရှိန်၊ မခံချင်စိတ် စသည့် အချက်မျှနှင့်မူ ခြေစွာနေသည့် အာဆင်နယ်ကို တော့တင်ဟမ် ကျော်လွှားနိုင်ရန်မလွယ်ဟု ထင်သည်။ အာဆင်နယ်သာ ဖိဖိစီးစီးဖြင့် ကစားခဲ့ပါက အနိုင်ရရန် မခက်လှသည့်ပွဲပင် ဖြစ်သည်။ အာဆင်နယ်ပင် နိုင်သွားလိမ့်မည် ထင်သည်။ ။

(မြန်မာ့အလင်း)

ပြည်မြို့ မူလတက္ကသိုလ်ကျောင်းတိုက် ရှင်တစ်ထောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တကုလာသာ အမှူးပြု၍ဦးစီးကျင်းပသော ပြည်မြို့နယ်လုံးဆိုင်ရာ စုပေါင်းရှင်ပြုအသင်းကြီး၏ (၃၃)ကြိမ်မြောက် စုပေါင်းရှင်ပြု၊ ရဟန်းခံ၊ သီလရှင်ဝတ် အခမ်းအနားကို ဧပြီ ၁၂ ရက်နှင့် ၁၃ ရက်က အဆိုပါကျောင်းတိုက်တွင် ကျင်းပရာ ရှင်တစ်ထောင် ဆရာတော်နှင့်အတူ ရဟန်းသာမဏေ ၁၀၈ ပါး တို့အား သာသနာ့ဘောင်ဝင်ရောက်ပြီး ဖူးတွေ့ရစဉ်။ (၄၀၃)

ဧပြီ ၁၉ရက်က ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ သရုပ်ပြလေ့ကျင့်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောရွှေနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်နိုင်လင်းတို့က ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

စက်ချုပ်သင်တန်းဖွင့်

ကောလင်း ဧပြီ ၁

ကောလင်းမြို့နယ်အမျိုးသမီးရေးရာလုပ်ငန်းကော်မတီနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း ကျင်းပသော စက်ချုပ်သင်တန်း အမှတ်စဉ် (၁/၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို မတ် ၂၈ ရက်က မြို့နယ်အသင်းခန်းမတွင် ကျင်းပရာ အသင်းနာယကဒေါ်ရီရီ၊ အသင်းဥက္ကဋ္ဌဒေါ်လင်းကြည် နှင့်အမှုဆောင်များ၊ နည်းပြဆရာမများ၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း နာယကဒေါ်ရီရီက အမှာစကား ပြောကြားပြီး အပ်ချုပ်စက် ၁၂ လုံး ကင်းချည်စက်တစ်လုံးဖြင့် စက်ချုပ်သင်တန်းကို ဖွင့်လှစ်လိုက်သည်။ **(၀၂၆)**

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော နောင်ပိန်-ထန်းတပင်-မော်မာ-မော်အောက်မြေသားလမ်းအရှည် ၇ မိုင် ၄ ဖာလုံ၊ အကျယ်ပေ ၃၀ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ ရက်က နောင်ပိန်ရွာ၌ ကျင်းပရာ ကျောက်မဲခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ထန်းတပင်ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဧပြီ ၈ရက်က ထားဝယ်ခရိုင် လောင်းလုံမြို့နယ် အင်းဖောက်စံပြကျေးရွာ စံချိန်မီ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။ (ခရိုင် ပြန်/ဆက်)

တနင်္သာရီတိုင်း ထားဝယ်ခရိုင်
အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ထားဝယ်မြို့ တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း
သုံးနှစ်လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်

လေလံတင်ရောင်းချရန် ကြော်ငြာ

တနင်္သာရီတိုင်း ထားဝယ်ခရိုင်အတွင်းရှိ လက်ရှိတံတားအသုံးပြုခ ကောက်ခံနေသော နိုင်ငံတော်ပိုင် တံတားနှစ်စင်း၏ ၂၀၀၄-၂၀၀၅ ခုနှစ်မှ ၂၀၀၆-၂၀၀၇ ခုနှစ်အထိ တံထားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း သုံးနှစ်လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) **လေလံတင်ရောင်းချမည့်တံတားများ**
(၁) ကမြောကင်းတံတား(ထားဝယ်မြို့)
(၂) ဝင်းဝတံတား(သရက်ချောင်းမြို့)

(ခ) **လေလံလျှောက်လွှာဝယ်ယူရရှိနိုင်သည့်နေရာ**
(၁) ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး။ (ဖုန်း ၀၅၉-၂၁၀၀၅) အဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး
(၂) ထားဝယ်ခရိုင်အင်ဂျင်နီယာမှူးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ထားဝယ်မြို့ (ဖုန်း ၀၅၉- ၂၁၀၂၃)

(ဂ) **လေလံလျှောက်လွှာတင်သွင်းရမည့်နေရာ**
ထားဝယ်ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ထားဝယ်မြို့ (ဖုန်း ၀၅၉- ၂၁၀၂၃)

(ဃ) **လေလံဆွဲဝယ်ခွင့်လျှောက်လွှာစတင်လက်ခံမည့်နေ့ရက်၊ အချိန်။**
- (၂၀-၄-၂၀၀၄) (အင်္ဂါနေ့နံနက် ၁၀း ၀၀နာရီ)

(င) **လေလံတင်သွင်းရန်နောက်ဆုံးအချိန်။**
- (၂၂-၄-၂၀၀၄)(ကြာသပတေးနေ့ ညနေ ၁၆း၀၀ နာရီ)

(စ) **လေလံတင်ရောင်းချမည့်နေရာ/နေ့ရက်/အချိန်။**
ပုလဲရတနာခန်းမ၊ မြိတ်မြို့။
(၂၄-၄-၂၀၀၄) နံနက် ၁၀း၀၀ နာရီ

မှတ်ချက်။ လေလံဆွဲဝယ်ယူခွင့်လျှောက်လွှာနှင့်စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၁၀၀၀/-နှုန်းဖြင့်ဝယ်ယူ၍ ရုံးချိန်အတွင်း တင်သွင်းနိုင်ပါသည်။

တံတားများအသုံးပြုခွင့်လိုင်စင် လေလံတင်ရောင်းချရေးကော်မတီ
ထားဝယ်မြို့။

(တိုက်ခန်း) အထူးလျှော့ဈေး(အိမ်)

တာမွေမေတ္တာညွန့်(ပထပ်)၊	မရမ်းကုန်း၊ မြစပယ်လမ်းမ၊
အနန္တဂုဏ်ရည်လမ်း၊	အုတ်ပုံဆိပ်ရပ်ကွက်၊
(၁၅ပေXပေ၅၀)(အဝီစိ+ဂျိုးဖြူ)	နဝဒေးလမ်းဆုံအနီး။
မီတာပိုင်၊ ထောင့်ခန်း၊ပြတင်းပါ၊	(ရေ+မီး)တစ်ထပ်အိမ်၊
ဈေးနီး။ ခေါ်ဈေး-(၈၉)သိန်း	(ပေ၃၀ X ၄၅ပေ)ခေါ်ဈေး-၆၉သိန်း

ဆက်သွယ်ရန်-ဖုန်း(၀၁) ၂၅၃၂၉၈၊ ၂၅၃၉၅၆(ရုံးချိန်အတွင်း)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ ခုနှစ် တရားမကြီးမှု အမှတ် ၁၉၇

အာရှနေဘဏ်လီမိတက်(ဗိုလ်အောင်ကျော်ဘဏ်ခွဲ) **နှင့်** ဦးညွန့်သိန်း
(၎င်းကိုယ်စား-မန်နေဂျာဦးသောင်းတင်)

တရားလို **တရားပြိုင်**

ဦးညွန့်သိန်း အမှတ် ၁၄၆/အိုင်၊ ပြည်လမ်း၊ အမှတ် ၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို အာရှနေဘဏ်(၎င်း၏ကိုယ်စား-မန်နေဂျာဦးသောင်းတင်)က ဘဏ်ပေါင်ချေးငွေ ၅၂၃၇၂၇၂၂ ကျပ် ၈၈ ပြားအတွက် အပေါင်ဒီကရီရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သည့် ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၀၄ ခုနှစ် မေလ ၁၀ ရက် (၁၃၆၆ ခုနှစ် ကဆုန်လဆုတ် ၇ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသား ပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်၍ စစ်ဆေးသွားမည် ဖြစ်သည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက် စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဧပြီလ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သိန်းသိန်းညွန့်
တွဲဖက်တိုင်းတရားသူကြီး(၆)
ရန်ကုန်တိုင်းတရားရုံး။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)
အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ကျိုင်းတုံမြို့
တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း သုံးနှစ်လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်

လေလံတင်ရောင်းချရန် ကြော်ငြာ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ လက်ရှိတံတား အသုံးပြုခကောက်ခံနေသော နိုင်ငံတော်ပိုင် တံတားတစ်စင်း၏ ၂၀၀၄-၂၀၀၅ခုနှစ်မှ ၂၀၀၆-၂၀၀၇ခုနှစ်အထိ တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း သုံးနှစ်လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည် ဖြစ်ပါသည်။

(က) လေလံတင်ရောင်းချမည့်တံတား
(၁) သံလွင်တံတား (တာဆန်း)

(ခ) လေလံလျှောက်လွှာဝယ်ယူရရှိနိုင်သည့်နေရာ
ရှမ်းပြည်နယ်(အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဖုန်း-၂၁၀၄၆/၂၁၃၂၁

(ဂ) လေလံလျှောက်လွှာတင်သွင်းရမည့်နေရာ
ရှမ်းပြည်နယ်(အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

(ဃ) လေလံလျှောက်လွှာစတင်ရောင်းချမည့် နေ့၊အချိန်
၂၁-၄-၂၀၀၄ (ဗုဒ္ဓဟူး) နံနက် ၁၀နာရီ

(င) လေလံလျှောက်လွှာပိတ်မည့်နေ့၊အချိန်
၂၈-၄-၂၀၀၄ (ဗုဒ္ဓဟူး) ညနေ ၄နာရီ

(စ) လေလံတင်ရောင်းချမည့် ရက်၊ အချိန်
၂၉-၄-၂၀၀၄ (ကြာသပတေး) နံနက် ၁၀နာရီ

(ဆ) လေလံတင်ရောင်းချမည့်နေရာ
ရှမ်းပြည်နယ်(အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ကျိုင်းတုံမြို့

မှတ်ချက်။ ။ လေလံဆွဲဝယ်ယူခွင့်လျှောက်လွှာနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၁၀၀၀နှုန်းဖြင့် ဝယ်ယူ၍ ရုံးချိန်အတွင်း တင်သွင်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တံတားများအသုံးပြုခွင့်လိုင်စင်
လေလံတင်ရောင်းချရေးကြီးကြပ်အဖွဲ့၊ ကျိုင်းတုံမြို့။

ဝမ်းနည်းကြေကွဲခြင်း

(ကျေးတောရွာ၊ တောင်ငူမြို့)
ဒေါ်ညွန့်ရီ
အသက်(၆၈)နှစ်

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန သင်္ဘောသားအလုပ်အကိုင်ကြီးကြပ်ရေးဌာနခွဲမှ ဦးသောင်းကြိုင် ညွှန်ကြားရေးမှူး၏ မိခင် ဒေါ်ညွန့်ရီသည် ၁၇-၄-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်
ရေကြောင်းဦးစီးဌာနမှ ဝန်ထမ်းများ။

ဦးမြင့်လွင်ဦး

ကျောင်းဆရာကြီး
(အလက၊ ဇီးဖြူပင်၊ ငြိမ်း)
အသက်(၇၄)နှစ်

မကွေးတိုင်း၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့၊ အုတ်ဖိုရပ်နေ (ဦးတင်မောင်-ဒေါ်သိန်းမြ)တို့၏သား၊ စလင်းမြို့နယ်၊ ဇီးဖြူပင်ရွာနေ(ဦးဘဖိုး-ဒေါ်နှင်းကြည်) ဒေါ်သဲတို့၏သားသမက်၊ ဒေါ်ခင်ထွား (အလပြ၊ ငြိမ်း)၏ခင်ပွန်း၊ မမြင့်မြင့်ဦး (Yuzana Super Market)၊ ကိုကျော်လွင်ဦး၊ မကြူကြူချို (JAT အလက၊ ဇီးဖြူပင်)၊ မမေနွယ်စိုး(Final B.M)၊ ဗိုလ်ကြီးရဲမိုး၊ ကိုဇော်ထွန်း (သရုပ်ပြ၊ ကွန်ပျူတာ တက္ကသိုလ်၊ မန္တလေး)တို့၏ဖခင်၊ ခိုင်ဇော်ဟိန်း၏ အဘိုးသည် ၁၂-၄-၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၄-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ဆင်ဖြူကျွန်းမြို့ သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးဇော် (တရားရုံးချုပ်ရှေ့နေ)

အသက်(၅၇)နှစ်

မန္တလေးမြို့၊ အကွက် ၉၄၊ မင်းတဲအီကင်းရပ်၊ အောင်မြေသာစံမြို့နယ်၊ အကယ်ဒမီဂျုံစက်နေ (ဦးဘလှိုင်-ဒေါ်မြညွန့်)တို့၏သား၊ ဦးမျိုးနိုင် (လ/ထ အင်ဂျင်နီယာ၊ မြန်မာ့အသံ၊ ငြိမ်း)-ဒေါ်မြအေးကြည်တို့၏ သားသမက်၊ ဦးထွန်းပိုင်-ဒေါ်စမ်းစမ်းမွန်၊ ဦးဝင်းမောင်-ဒေါ်ခင်မာကြီး၊ ဒေါ်ခင်တင့်၊ ဦးမောင်ဘော် - ဒေါ်ခင်သောင်းတို့၏ညီ/မောင်၊ မောင်ဇေယျာဇော်ထက် (ဥပဒေ၊ တတိယနှစ်)၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ EGTI PR (99) သိန်းသန်း ဂျပ်စက္ကူစက်၊ မမေသူဇော် (ဥပဒေ၊ တတိယနှစ်)၊ မန္တလေးရတနာပုံတက္ကသိုလ်၊ တူ တူမ ၁၅ ယောက်၊ မြေးရှစ်ယောက်တို့၏အဘိုး၊ ဒေါ်မြင့်မြင့်အေး(တွဲဖက်ပါမောက္ခ၊ ရူပဗေဒ၊ လားရှိုးဒီဂရီကောလိပ်)၏ခင်ပွန်းသည် ၁၅-၄-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၄-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် တံတားကျိုးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့ အမှတ် ၃၅၊ လှည်းတန်းလမ်း ကြည့်မြင်တိုင်မြို့နယ်နေ
ဦးတင်မြင့်-ဒေါ်ခင်ထွေး(က-၁ ဗဟိုစံပြငါးဈေး)တို့၏
တစ်ဦးတည်းသောသား
မောင်ဝေမောင်ဦး (Final Year) Geology
နှင့်
တနင်္သာရီတိုင်း အမှတ်(၂)၊ ပိတောက်ရွှေဝါလမ်း (ဈေးအနီး)
ပုလောမြို့နေ ဦးထွန်းယုံ-ဒေါ်တင်လှတို့၏ သမီးထွေး
မသီသီစိုး (B.A) History
တို့သည် ၂၀-၄-၂၀၀၄ ရက်တွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

မောင်ဝေမောင်ဦး-မသီသီစိုး။

ရောင်းရန်ကြော်ငြာစာ

တရားမကျင့်ထုံးကိုဒုပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
ရောဝတီတိုင်းနယ်တရားမရုံးတော်၌
၂၀၀၂ခုနှစ် ဇာရီမှု အမှတ် ၉

အာရှဓနဘဏ်လီမိတက် **နှင့်** ၁။ ဦးတင်ဝင်း
(ပုသိမ်ဘဏ်ခွဲ) ၂။ ဒေါ်ငွေးမြင့်
ဒီကရီရသူ **တရားရှုံး**

နယ်တရားမ ရုံးတော်က ၂၀၀၁ခုနှစ်၊ တရားမမှုအမှတ် ၁၉တွင် စရိတ်အပါအဝင် ငွေကျပ် ၇၁၂၈၆၅၀၊ ၈၅ပြားအတွက် ဒီကရီအတည်ဇာရီပြုရာ စာရင်း၌ဖော်ပြထားသောပစ္စည်းများတွင် တရားရှုံးအကျိုးသက်ဆိုင်ခြင်းကို ၂၀၀၄ခုနှစ် မေလ ၇ ရက်နေ့ မြန်မာသက္ကရာဇ် ၁၃၆၆ ခုနှစ် ကဆုန်လဆုတ် ၄ရက်နေ့ မွန်းမတည့်မီနာရီအချိန်တွင် လေလံတင်၍ရောင်းချလိမ့်မည်။

ရောင်းချခြင်းမှာ အများပြည်သူတို့ရှေ့လေလံတင်ရောင်း၍ ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အစုအပုံများပြုပြီးလျှင် ပစ္စည်းကိုရောင်းချလိမ့်မည်။ ယင်းတွင်ဖော်ပြပါရှိသည့်အတိုင်း အထက်အမည်ပါ တရားရှုံး၏ပစ္စည်းကို ရောင်းချလိမ့်မည်။ အဆိုပါပစ္စည်းပေါ်တွင် တင်ရှိသည့်ကြွေးမြီး ကစိပတ်တာဝန်များမှာ စုံစမ်းသိသာသမျှ၊ အစုအသီးသီးနှင့် ဆိုင်ရာတည့်တည့် ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း ဖြစ်သည်။

ရောင်းချရာတွင် အများပြည်သူတို့မှာ ကိုယ်တိုင်သော်လည်းကောင်း နေရာတကျ အခွင့်အရေးလွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း၊ ဆွဲဝယ်စေရန် ဆင့်ဆိုကြော်ငြာလိုက်သည်။ သို့သော်လည်း အထက်အမည်ပါ တရားနိုင်သော်လည်းကောင်း၊ တရားနိုင်အတွက်သော်လည်းကောင်း၊ ဆွဲဝယ်သည်ကို လက်ခံမည်မဟုတ်သည်သာမက၊ ၎င်းတို့သို့ တစ်စုံတစ်ရာ ရောင်းချခြင်းသည် ရုံးတော်အခွင့်အမိန့်တင်ရင်၍ အတည့်အလင်းမရမရှိလျှင်၊ ခိုင်မာလိမ့် မည်မဟုတ်၊ ရောင်းချရန် နောက်ထပ်စည်းကမ်းချက်များမှာ အောက်၌ဖော်ပြထားသည်။

ရောင်းချရန်နောက်ထပ်စည်းကမ်းအချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ ရုံးတော်ကလည်း သတင်းစကားရရှိသိသာနိုင်သမျှဖြစ်သည်။ သို့သော်လည်း ကြော်ငြာစာတွင် မှားယွင်းခြင်း၊မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကျန်ကြွင်းခြင်း တစ်ခုခုအတွက် ရုံးတော်ကတာဝန်ခံမည်မဟုတ် **တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုကြရန် နှိုးဆော်လိုက်သည်။**

၂။ လေလံဆွဲတက်ရာ မည်မျှမည်ရွေ့တိုးတက်ရမည်ကို ရောင်းချသူအရာရှိက ဆုံးဖြတ် လိမ့်မည်။ဆွဲတက်သည့်ငွေအတွက် စပ်လျဉ်း၍သော်လည်းကောင်း၊ မည်သူကဆွဲတက်သည်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ တစ်ခုခု အငြင်းအခုံဖြစ်ပွားသည့်အချက်တွင် ၎င်းပစ္စည်းစုကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၃။ အများဆုံးတိုးတက်ဆွဲဝယ်သူမှာ ၎င်းပစ္စည်းတစ်ခုခုကို ဆွဲဝယ်ယူသူဖြစ်ကြောင်း ပြဋ္ဌာန်းလိမ့်မည်။ သို့သော်လည်း ၎င်းလူမှာ တရားဥပဒေနှင့်အညီ တိုးတက်ဆွဲဝယ်ရန် အရည်အချင်းနှင့်ပြည့်စုံသူဖြစ်စေရမည့်ပြင်၊ အမြင့်ဆုံးတိုးတက်ဆွဲဝယ်သည့်အဖိုးမှာ နည်းပါးကြောင်းထင်ရှား၍ လက်ခံရန်မသင့်မလျော်ကြောင်း လေလံရောင်းချသည့်အရာရှိက သို့တည်းမဟုတ် ရုံးတော်ကထင်မြင်လျှင် လက်မခံငြင်းပယ်ရန် ရုံးတော်က သို့တည်းမဟုတ် ၎င်းအရာရှိက ချင့်ချိန်တိုင်းတာ၍ ဆောင်ရွက်ခွင့်ရသည်။

၄။ အမိန့်နံပါတ် ၂၁၊ နည်းဥပဒေ ၆၉ပါ ပြဋ္ဌာန်းချက်များကို အမြဲအထောက်အထားပြု၍ ရောင်းချမှုကို ဆောင်ရွက်သူအရာရှိက စဉ်းစားဆင်ခြင်၍ အကြောင်းဖော်ပြရေးမှတ်ပြီးလျှင် ရောင်းချခြင်းကို ရွှေ့ဆိုင်းခွင့်ရသည်။

၅။ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများဖြစ်သည့်အချက်တွင် ပစ္စည်းစုအသီးသီး၏ အဖိုးငွေကို ရောင်းချသည့်အခါတွင် ပေးချေရမည်။ သို့တည့်မဟုတ် ရောင်းချသူအရာရှိက ဆင့်ဆိုသည့်အတိုင်း ရောင်းချပြီးနောက် မြန်နိုင်သမျှ အချိန်အခါတွင် ပေးချေရမည်။ ပေးချေမပြု ပျက်ကွက်လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၆။ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းဖြစ်သည့်အချက်တွင် ဆွဲဝယ်သူအဖြစ်ပြဋ္ဌာန်းခံရသူမှာ ရောင်းချသည့်အရာရှိထံသို့ ဝယ်ငွေတစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကျသည်ကဲ့သို့ ပြဋ္ဌာန်းပြီးသည်နှင့်တစ်ပြိုင်နက် ပေးသွင်းရမည်။ သည်ကဲ့သို့ပေးသွင်းမပြု ပျက်ကွက်လျှင် ပစ္စည်းကိုချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၇။ ဆွဲဝယ်သည့်ငွေအလုံးကိုဆွဲ ဝယ်သူက ပစ္စည်းရောင်းချသည့်နေ့ကိုပယ်၍ ပစ္စည်းကိုရောင်းပြီးနောက် ၁၅ရက်မြောက်နေ့တွင် ရုံးမဆင်းမီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်နေ့မှာ တနင်္ဂနွေနေ့သော်လည်းကောင်း၊ အခြားရုံးပိတ်ရက်သော်လည်းကောင်းဖြစ်လျှင် ၎င်း ၁၅ရက်မြောက်နေ့နောက် ရုံးပထမဖွင့်သည့်နေ့တွင် ပေးဆောင်ရမည်။

၈။ အထက်ခွင့်ပြုသည့်အချိန်ကာလအတွင်း ဆွဲဝယ်ရာကျန်ငွေကို မပေးမဆောင် ပျက်ကွက်ခဲ့လျှင် ရောင်းချရန်ကြော်ငြာစာ အသစ်ထုတ်ယူပြီးနောက် ၎င်းပစ္စည်းကိုတစ်ဖန်ပြန်၍ ရောင်းချလိမ့်မည်။ တင်ထားသည့် ကြေးငွေကိုလည်း ရောင်းချသည့်အတွက် စရိတ်များကို ပေးပြီးနောက် ရုံးတော်က သင့်သည်ထင်မြင်ခဲ့လျှင် အစိုးရမင်းသို့ ဆုံးရှုံးခံစေ၍ ငွေမပေး မဆောင် ပျက်ကွက်သူမှာ ၎င်းပစ္စည်းကိုဖြစ်စေ၊ နောက်တစ်ဖန်ရောင်းချရာ ငွေတစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်မှ ဆုံးရှုံးစေရမည်။

၂၀၀၄ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အုန်းကျော်
တိုင်းတရားသူကြီး

ပစ္စည်းစာရင်း

ပုသိမ်ခရိုင်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ ရွှေတောင်တန်းလမ်း၊ အမှတ်(၂၁)ဟုခေါ်တွင်သော နှစ်ထပ်တိုက်အဆောက်အအုံ၊ ယင်းအဆောက်အအုံနှင့်တွဲလျက်ရှိသော ဆီစက်အဆောက်အအုံနှင့် အဆိုပါပစ္စည်းများတည်ရှိရာ ငါးသိုင်းချောင်းမြို့ အကွက်အမှတ် ၂(က)၊ ဈေးပိုင်းအကွက်၊ ဦးပိုင်အမှတ် (၁၆၇/၁)၊ မြေဧရိယာ (၀ဒသမ၁၁၈)ဧကရှိ မြေကွက်၊
ကြမ်းခင်းဈေး ကျပ်သိန်း(၂၅၀)

ရန်ကုန်စက်မှုတက္ကသိုလ်
၁၉၇၅-၈၁ မြို့ပြအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူများ၏
စတုတ္ထအကြိမ် မြှတ်ဆရာပူဇော်ပွဲ

သူငယ်ချင်းတို့ရေ၊ ရန်ကုန်စက်မှုတက္ကသိုလ်မှာ ၁၉၇၅-၈၁ခုနှစ်အတွင်း မြို့ပြအင်ဂျင်နီယာဘာသာရပ်ကို တက်ရောက်သင်ကြားခဲ့သူများက သင်ကြားပေးခဲ့ကြတဲ့ ဆရာ ဆရာမများကို ပူဇော်ကန်တော့ရင်း ရင်းရင်းနှီးနှီး ပြန်လည်တွေ့ဆုံဖို့အတွက် မပျက်မကွက် တက်ရောက်ကြပါရန် နွေးထွေးတဲ့ စိတ်ထားနဲ့ ဖိတ်ကြားလိုက်ပါတယ်။

အစီအစဉ် - ၂၀၀၄ခုနှစ် မေလ ၁ ရက် ညနေ ၅း၀၀နာရီမှ ၇း၀၀ နာရီထိ (M3, Restaurant)

ဆက်သွယ်ရန် - ကျော်ဦး ၂၀၂၁၉၃၊ အောင်အောင်လှ ၆၄၂၂၄၇၊ အေးကို ၀၉-၅၀ ၀၈၉၇၅၊ သန်းစိုး ၅၇၉၇၀၂၊ စန်းစန်းအေး ၂၄၆၇၁၈၊ ဝင်းသန်း ၅၄၅၅၀၆၊ ထင်ဝင်း-နွယ်နွယ်-၅၂၅၁၅၆၊ ခင်မောင်ထွန်း-ဝင်းဝင်းမြင့် ၀၉-၅၀ ၀၉၃၀၁၊

မိတ္ထီလာစီးပွားရေးတက္ကသိုလ်
စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှု မဟာဘွဲ့ (အမ်ဘီအေ)သင်တန်း ဝင်ခွင့်စာမေးပွဲအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ မိတ္ထီလာစီးပွားရေးတက္ကသိုလ် ဝါဏိဇ္ဇဗေဒနှင့် စီမံခန့်ခွဲမှုပညာဌာနတွင် စတင်ဖွင့်လှစ်မည့် စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုမဟာဘွဲ့ (အမ်ဘီအေ) အစီအစဉ်၏ ၂၀၀၄ခုနှစ်၊ ဇွန်လတွင် စတင်မည့် ပထမနှစ်သင်တန်းအတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသည့်သူများသည် အမ်ဘီအေ သင်တန်းဝင်ခွင့် စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာများကို ဝယ်ယူတင်သွင်းနိုင်ပါသည်။
(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခု တက်ရောက်သူမဖြစ်စေရ။
(ဂ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်တက်ရောက်နိုင်သူ ဖြစ်ရမည်။
(ဃ) စီမံခန့်ခွဲမှု အတွေ့အကြုံရှိသူကို ဦးစားပေးမည်။
၂။ သင်တန်းနှင့် သက်ဆိုင်သောစာရွက်စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို ဝါဏိဇ္ဇဗေဒနှင့် စီမံခန့်ခွဲမှုပညာဌာန၊ H ဆောင် အပေါ်ထပ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာမြို့တွင် ၂၂-၄-၂၀၀၄ ရက်နေ့မှစ၍ ဝယ်ယူနိုင်သည်။
၃။ ဝင်ခွင့်စာမေးပွဲအတွက်လျှောက်လွှာများကို (၇-၅-၂၀၀၄)ရက်နေ့ နောက်ဆုံးထား၍ မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် လာရောက်လျှောက်ထားနိုင်သည်။
၄။ ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၂၀၀၄ခုနှစ်၊ မေလ ၁၀ရက်နေ့ (တနင်္လာနေ့) တွင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် ကျင်းပပါမည်။
၅။ ဝင်ခွင့်စာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။
၆။ သင်တန်းနှင့်ပတ်သက်၍ အောက်ပါဌာနများတွင် ရုံးချိန်အတွင်းစုံစမ်းနိုင်ပါသည်။
(က) ဝါဏိဇ္ဇဗေဒနှင့် စီမံခန့်ခွဲမှုပညာဌာန၊H ဆောင်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်
(ခ) ဌာနမှူး၊ သင်တန်းရေးရာဌာန၊ ဖုန်း-၀၆၄ ၅၀၂၈၂
(ဂ) မော်ကွန်းထိန်း၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ဖုန်း-၀၆၄ ၅၀၂၈၂

(အောင်အောင်စိုး)
မော်ကွန်းထိန်း
မိတ္ထီလာစီးပွားရေးတက္ကသိုလ်



အများသိစေရန်ကြေညာခြင်း

ကျွန်တော် မောင်ကျော်ညွှန့်ဦး ၇/ကတခ(နိုင်) ၀၁၀၂၇၀ ၏ဇနီးဖြစ်သူ မချိုချိုသက် ၇/ကတခ(နိုင်)၀၄၁၆၈၄ သည် ကျွန်တော်ခွင့်မလွှတ်နိုင်သည့် အပြုအမူများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသဖြင့် ၁၉၉၇ ခုနှစ် ကတည်းက တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခြင်း မရှိသည့်အတွက် ၎င်းနှင့်သက်ဆိုင်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းတော့မည်မဟုတ်ကြောင်းလည်း သိစေအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ကျော်ညွှန့်ဦး
၇/ကတခ(နိုင်)၀၁၀၂၇၀
အမှတ် ၁၀/၄၅၊မောင်ခင်လမ်း၊ရွှေချိုရပ်၊ပျဉ်းမနား

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ဥက္ကလာပမြို့ ၇ရပ်ကွက်၊ မင်းရဲကျော်စွာ ၉ လမ်း၊ အိမ်အမှတ် ၅၆၀ နေ ဦးအေးထွင့် S/OKA-၀၆၇၇၃၂-ဒေါ်အေးအေးဝင်း EMDY-၃၅၃၁၅၅ တို့၏သမီးဖြစ်သူ မမေသက်နွယ်သည် မိဘ၏ ဆိုဆုံးမမှုများကို အကြိမ်ကြိမ်လိုက်နာမှုမရှိဘဲ ၎င်း၏သဘောဖြင့် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝကို တာဝန်မယူပါ။

မိဘများ
ဦးအေးထွင့်-ဒေါ်အေးအေးဝင်း

အမြန်ပြန်လာပါ

အဖ ဦးသန်းနိုင်၏သမီး မသက်သက်သန်း ၁၂/ဒပန (နိုင်) ၀၂၆၂၂၆ သည် ၁၉-၄-၂၀၀၄ ရက်တွင် နေအိမ်မှ ထွက်သွားပါသဖြင့် အမြန်ပြန်လာပါ။ ကိစ္စအဝဝနှင့် အပြစ်အားလုံးကို ခွင့်လွှတ်သည်။ လက်ခံထားသူအား ဥပဒေအရအရေးယူမည်။ တွေ့ရှိက အကြောင်းကြား ဆက်သွယ်ပါရန်။ **ကိုနိုင် (ဖုန်း-၇၂၇၆၅၆)**

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၂၉
၂၀၀၀ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၉၁

ဒေါ်ဝင်းဝင်းမာ **နှင့်** ၁။ ဒေါ်ဖြူဖြူမာ
(၎င်း၏အခွင့်ရကိုယ်စားလှယ် ၂။ ဒေါ်စန်းစန်းမာ
စာရသူ ဦးကျော်သန်း) ၃။ ဒေါ်သန်းသန်းမာ
၄။ ဒေါ်သီသီမာ
၅။ ကိုတင်အုန်း
တရားနိုင် **တရားရှုံး**

၂၀၀၀ပြည့်နှစ်၊တရားမကြီးမှုအမှတ်(၉၁)တွင် တရားနိုင်ဒေါ်ဝင်းဝင်းမာက အမွေပစ္စည်းထက်ဝက်၏ (၅)ပုံ (၁)ပုံရထိုက်ကြောင်း ချမှတ်ထားသည့်ဒီကရီအား အတည်ပြုဆောင်ရွက်ရန်အတွက် အောက်ဖော်ပြထားသောပစ္စည်းများကို ၂၀၀၄ခုနှစ်၊ မေ၂၈ရက် နံနက်၁၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာနေရာ၌ လေလံတင်ရောင်းချလိမ့်မည်။

ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်သော်လည်းကောင်း ဆွဲဝယ်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာလည်း ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူ အရာရှိကယူဆလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချခြင်းကို ထိုမရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေတစ်ရာလျှင် နှစ်ဆယ့်ငါးကျပ် လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံတင်ရောင်းချခြင်းကို တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ ၆၉ပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြုလျက် ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။
၆။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ ၁၅ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်နေ့တွင် ပေးရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင်ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၀၄ခုနှစ် ဧပြီ၉ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မျိုးညွန့်
တွဲဖက်တိုင်းတရားသူကြီး(၄)
ရန်ကုန်တိုင်းတရားရုံး။

ပစ္စည်းစာရင်း

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၂ အက်ဖ်၊ လူနေရပ်ကွက်အမှတ်(၃၅)၊ မြေကွက်အမှတ် ပဥ္စမတန်းစား(၁၈) မြေဧရိယာ(၀ဒသမ၀၅၄)ဧက ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ(ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်နောက်ရပ်ကွက်၊ အမှတ်-၁၇၆/၁၇၈၊ မြန်မာ့ဂုဏ်ရည်လမ်း)ဟုခေါ်တွင်သည့် ကန်ထရိုက်တိုက်သစ်၊ သုံးခန်းတွဲ ရှစ်ထပ်တိုက်မှ နှစ်ခန်းတွဲ အခန်းအမှတ်-ပထမအလွှာ(အေ-၂)နှင့် ပထမအလွှာ(ဘီ-၂)၊ သတ္တမအလွှာ(အေ-၇) စုစုပေါင်းသုံးခန်း။ (အခန်းအကျယ်တစ်ခန်းလျှင် ၁၂ပေခွဲX ပေ၇၀)နှင့် မြေထက်ဝက်ပိုင်ဆိုင်မှုနှင့် အကျိုးခံစားခွင့်အရပ်ရပ်။

(လေလံပစ်မည့်အခန်းသုံးခန်းတွင် တရားရှုံး(၁)၊(၂)၊(၃)၊(၄)နေထိုင်လျက်ရှိပါသည်။)

လေလံတင်ရောင်းချမည့်ပစ္စည်းကြမ်းခင်းဈေး

လေလံတင်ရောင်းချမည့်တိုက်ခန်းသုံးခန်းနှင့်
မြေထက်ဝက်ပိုင်ဆိုင်မှုနှင့် အကျိုးခံစားခွင့်အရပ်ရပ်တန်ဖိုးကျပ် သိန်း ၁၁၀၀

ကျေးဇူးတင်ရှိခြင်း

ဘုရား၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ ရဟန်းဒါယိကာမကြီး
ဒေါ်ခင်ကြည်
(ရွှေတောင်)
(မြပိုးထည်တိုက်)
အသက် (၇၂)နှစ်

ရန်ကုန်မြို့ လမ်း ၃၀၊ အမှတ် ၂၃၇၊ ဒုတိယထပ်နေ ဦးမြ-ဒေါ်ညွန့်ညွန့်ခင်တို့၏ညီမ ဒေါ်ခင်ကြည်သည် ၂၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၂-၄-၂၀၀၄ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်းနှင့် ဈာပန အခမ်းအနားအား အဘက်ဘက်မှ ဝိုင်းဝန်း ကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ လမ်းသူလမ်းသားများ၊ ရပ်နီး ရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဦးကိတ္တိဝံသ
ဦးကြည်မောင်(ငါးသိုင်းချောင်း)
ကျန်းမာရေးပညာအရာရှိ (ငြိမ်း)
သက်တော် (၈၃)နှစ်
ဝါတော် (၁၃)ဝါ

ငါးသိုင်းချောင်းမြို့နေ (ဦးဖိုးရှင်း-ဒေါ်အေးခင်)တို့၏သား၊ (ဒေါ်အေးကြည်) အထက်တန်းပြဆရာမ(ငြိမ်း) (မြောင်းမြ) ၏ ခင်ပွန်း၊ ဒေါက်တာသန်းထွန်းဦး (ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ချင်းပြည်နယ်)-ဒေါ်ခင်ပြုံးခိုင်၊ ဦးကျော်မြင့်-ဒေါ်လှလှဝင်း (ကထိက/ဌာနမှူး ရူပဗေဒဌာန သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ရန်ကုန်)၊ ဦးသန်းထွဋ်အောင်-ဒေါ်ခင်နွဲ့နွဲ့၊ ဒေါက်တာသန်းထွဋ်အေး-ဒေါ်ခင်သက်မော်၊ ဒေါက်တာအောင်သူ-ဒေါ်ကြည်ကြည်အေးတို့၏ ဖခင်၊ မြေး ၁၁ယောက်တို့၏ အဘိုး ဦးကိတ္တိ (ဦးကြည်မောင်)သည် ၁၄-၄-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) ည ၉း၁၅ နာရီတွင် မန္တလေးမြို့၌ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်သော ဥတုဇ ရုပ်ကလာပ်ကို ၁၆-၄-၂၀၀၄ရက် ညနေ ၃ နာရီတွင် မန္တလေးမြို့ တောင်မြင့် သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ် သင်္ဂဟများအား သိစေအပ်ပါသည်။ **ကျန်ရစ်သူမိသားစု။**

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
ဦးထွန်း
လုံခြုံရေးကင်းမှူး(ငြိမ်း)၊ဆည်မြောင်း
မိတ္ထီလာမြို့
(ကန်တော့ခံသက်ကြီး)
အသက်(၈၀)

မိတ္ထီလာမြို့၊ စက်မှုဆည်မြောင်းလိုင်း ဝန်ဇင်း ၂ နေ ဒေါ်စိန်ဥ၏ခင်ပွန်း ဦးထွန်း ရာသက်ပန်အသင်းဝင်အမှတ် (၁၉၇)သည် ၁၈-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် မြင်တော်ကန်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။ **အမှုဆောင်အဖွဲ့။**

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်မြင့်-ဒေါ်လှလှဝင်း (ကထိက/ဌာနမှူး ရူပဗေဒဌာန သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ရန်ကုန်) တို့၏ဖခင် မောင်ဝဏ္ဏကျော် (Final B.D.S)၊ မသီဂီကျော်(1^{st} MB IM 1)တို့၏အဘိုး ဦးကိတ္တိဝံသ [ဦးကြည်မောင်(ငါးသိုင်းချောင်း)ကျန်းမာရေးပညာအရာရှိ (ငြိမ်း)]သက်တော် ၈၃နှစ်၊ ဝါတော် ၁၃ ဝါသည် ၁၄-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဆရာမများ
ရူပဗေဒဌာန
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ရန်ကုန်။

နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း

ကျွန်တော် မောင်သက်လင်းဝင်း(Sonny) ၁၂/မရက(နိုင်) ၁၂၆၄၉၅ နှင့် ကျွန်မ မသက်ထက်ဇော် ၁၂/ရကန(နိုင်)၀၆၉၄၀၉ တို့သည် ဇန်နဝါရီ ၂၂ ရက်တွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မရမ်းကုန်းတရားရုံး၌ ဒုတိယမြို့နယ် တရားသူကြီး ဦးမင်းသိန်း၏ ရှေ့မှောက်တွင် နှစ်ဦးသဘောတူ လက်ထပ်ထိမ်းမြား လက်မှတ်ရေးထိုးပြီးစီးပါကြောင်း။

မောင်သက်လင်းဝင်း(Sonny)
မသက်ထက်ဇော်

မင်္ဂလာဆုတောင်း

သက်လင်းဝင်း(Sonny) နှင့် သက်ထက်ဇော် တို့၏ ၂၂–၁–၂၀၀၄ရက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း များစွာ တိုင်အောင် ပျော်ရွှင်ချမ်းမြေ့နိုင်ပါစေ။

အောင်အောင်ဦး၊ သျှားအိဘိုဘိုဟန်၊
သုထက်သီဟနှင့် သူငယ်ချင်းများ။

ယာဉ်မောင်းတကယ်တတ်လိုလျှင် ရွှေမြင်သာနှင့်သင်

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ကြီးမှူးသည့် ရွှေမြင်သာ အခြေခံယာဉ်မောင်းသင်တန်းအမှတ်စဉ် ၁၇/၂၀၀၄ ကို ၂၀၀၄ ခုနှစ် မေလ ၅ ရက်နေ့တွင် ဖွင့်လှစ်ပါမည်။

အထူးအစီအစဉ်အဖြစ် ဝန်ထမ်းများအတွက် ၂၀၀၄ ခုနှစ် မေလ ၈ ရက်နေ့တွင် ဖွင့်လှစ်ပေးပါမည်။ (ရုံးပိတ်ရက် စနေ၊ တနင်္ဂနွေနေ့များတွင် သင်ကြားပေးမည် ဖြစ်ပါသည်။)

- စနစ်တကျယာဉ်မောင်းကျွမ်းကျင်စေရမည်။
- ရွှာသာကြီးကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံး၊ အမှတ်(၂) လမ်းမကြီးတွင် ဖွင့်လှစ်မည်။
- သွားလာမှုလွယ်ကူစေရန် ရွှာသာကြီးသို့ သဃ်န်းကျွန်းမြင်သာရုံးမှ တစ်ဆင့် ကြို/ပို့ယာဉ်များ စီစဉ်ပေးမည်။
- နယ်မှတက်ရောက်လိုသူများအတွက် နေထိုင်ရေး အခမဲ့စီစဉ်ပေးမည်။
- သင်တန်းတက်ရောက်လိုသူများ ၄–၅–၂၀၀၄ ရက်နေ့နောက်ဆုံးထား၍ အမြန်စာရင်းပေးသွင်းပါ။

ဆက်သွယ်စာရင်းပေးရန်လိပ်စာ – ဗဟိုယာဉ်မောင်းလိုင်စင်ဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်) သံသုမာလမ်း၊ မြင်သာ၊ သဃ်န်းကျွန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း – ၅၇၃၁၀၉၊ ၅၇၃၁၀၆၊ ၅၇၀၉၆၇

ကန့်ကွက်ရန်ကြော်ငြာ ရွှေပြည်သာမြို့နယ် မြေတိုင်းရပ်ကွက် ၄၆၊ မြေကွက်အမှတ် ၃၆၄(ခ) ဒေါ်ခင်မေ အမည်ပေါက် မြေချပါမစ် ပျောက်ဆုံးသွားပါသဖြင့် ပါမစ်မိတ္တူမှန် ပြုလုပ်လိုပါ၍ ကန့်ကွက်လိုသူများ သတင်းစာ ပါသည့်နေ့မှ ခုနစ်ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း။ **ဒေါ်ခင်မေ**

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန သင်တန်းများဖွင့်လှစ်ခြင်း

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ကြီးမှူး၍ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း နှင့် Baiyoke Kandawgyi Hotel Co., Ltd,မှ အောက်ဖော်ပြပါ သင်တန်းများကို Kandawgyi Palace Hotelရှိ Hotel and Tourism Training Center တွင် ၁၇–၅–၂၀၀၄ မှ ၁၆–၇–၂၀၀၄ နေ့ထိ ရက်သတ္တပတ်(၈)ပတ် ဖွင့်လှစ်ပါမည်။

(1) **Front Office Operations** တက္ကသိုလ်ဝင်တန်းအောင်
(2) **Housekeeping Operations** ၉ တန်းအောင်
(3) **Food and Beverage Service** ၉ တန်းအောင်
(4) **Food and Beverage Production** ၉ တန်းအောင်
(5) **Hotel Management I**
   (က) **ပညာအရည်အချင်း၊လုပ်ငန်းပညာ** – တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိပြီး ဤသင်တန်းဌာနမှဖွင့်လှစ်ခဲ့သော ဟိုတယ်အခြေခံသင်တန်းတစ်ခုခု အနည်းဆုံးအောင်မြင်ပြီးသူဖြစ်ပြီး
   (ခ) **အတွေ့အကြုံ** – လက်ရှိဟိုတယ် လုပ်ငန်းတွင် Supervisor/ Manager တာဝန်ထမ်းဆောင်နေသူ၊ သို့မဟုတ် ဟိုတယ်လုပ်ငန်း ဆောင်ရွက်ခဲ့သူများ
   (ဂ) ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း MHTSမှ သင့်လျော်သူများဟု ထောက်ခံသူများကို အထူးစဉ်းစားပါမည်။
(6) **Hospitality English(နံနက် ၉း၀၀နာရီမှ ၁၁း၀၀ နာရီအချိန်ပိုင်း)** – တက္ကသိုလ်ဝင်တန်း အောင်ပြီး ဟိုတယ်လုပ်ငန်း အတွေ့အကြုံရှိသူ

လျှောက်လွှာများကို ဤသင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး၊ အမှတ်စဉ် ၁မှ ၄ ထိ ရေးဖြေစာမေးပွဲများကို ၃၀–၄–၂၀၀၄ တွင်ပြုလုပ်ပါမည်။ ဓာတ်ပုံ ၁ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ထောက်ခံစာ ပူးတွဲတင်ရမည်။ သင်တန်း အောင်မြင်သူများကို ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပါမည်။ အသေးစိတ်ကို သင်တန်းဌာနမှ ကြော်ငြာသင်ပုန်းတွင် ကပ်ထားပါမည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန
ကန်တော်ကြီးပဲလေ့စ်ဟိုတယ်
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၂၄၉၂၅၅ လိုင်းခွဲ ၅၄၂၁

ကွာရှင်းပြတ်စဲပြီးစီးခြင်း

ဒိုက်ဦးမြို့ အမှတ်(၅)ရပ်ကွက်၊ မြို့ဝင်လမ်းနေ မအေးအေးသန့်(ဘ) ဦးဝင်းကြည်နှင့် ကိုစိုးလွင်(ဘ) ဦးတင်အေး တို့သည် ဒိုက်ဦးမြို့နယ် တရားရုံး၏ တရားမကြီးမှုအမှတ် ၁၄/၂၀၀၄ တွင် ၁–၄–၂၀၀၄ ရက်က ချမှတ်သည့် စီရင်ချက်နှင့်ဒီကရီအရ တရားဝင်ကွာရှင်းပြတ်စဲပြီး ဖြစ်ပါ၍ ကိုစိုးလွင်သည် ကျွန်မနှင့်မည်သို့မျှ သက်ဆိုင် ပတ်သက်ခြင်း မရှိတော့ပါကြောင်း ကြေညာအပ်ပါသည်။

အေးအေးသန့်
၇/ဒဥန(နိုင်) ဝ၉၅၀၁၄
မြို့ဝင်လမ်း၊ ဒိုက်ဦးမြို့။

ကျေးဇူးဆပ်ပါမည်

၈–၄–၂၀၀၄ ရက် ည ၉ နာရီခန့်က ပါရမီလမ်းနှင့် ဝေဇယန္တာလမ်းထောင့်နားမှ (ကမ္ဘာအေးဘုရားလမ်းပေါ်) ချော်တွင်းကုန်းမီးပွိုင့် အနီးသို့ ငှားရမ်းခဲ့သည့် Taxi ပေါ်တွင် မှတ်ပုံတင်၊ လိုင်စင်နှင့် အခြားအရေးကြီး ကတ်နှစ်ခု ပါဝင်သည့် ပိုက်ဆံအိပ် တစ်အိပ် ပါသွားခဲ့သဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း–၀၉ ၅၀ ၁၂၅၃၇၊ ၂၄၄၃၉၀

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ဆွေစိုး
(ဦးဆောင်ညွှန်ကြားရေးမှူး)
သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်း၊ သမဝါယမဝန်ကြီးဌာန
အသက်(၅၉)နှစ်

ဦးခင်မောင်ဝင်း (ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၏ ဇနီး ဒေါ်ခင်ဆွေစိုး အသက်(၅၉)နှစ်သည် ၂၀–၄–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပညာရေးဝန်ကြီးဌာန။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ဆွေစိုး
(ဦးဆောင်ညွှန်ကြားရေးမှူး)
သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်း

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၏ဇနီးဖြစ်သူ သမဝါယမဝန်ကြီးဌာန၊ သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ခင်ဆွေစိုး အသက်(၅၉)နှစ်သည် ၂၀–၄–၂၀၀၄ရက် ည ၇း၄၀နာရီတွင်ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သမဝါယမဦးစီးဌာနမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ဆွေစိုး
(ဦးဆောင်ညွှန်ကြားရေးမှူး)
သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်း၊ သမဝါယမဝန်ကြီးဌာန
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၃၊ မကြီးကြီးလမ်းနေ ဦးခင်မောင်ဝင်း(ဒုတိယဝန်ကြီး၊နိုင်ငံခြားရေးဝန်ကြီးဌာန)၏ဇနီးသည် ၂၀–၄–၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒါရိုက်တာအဖွဲ့
ရန်ကုန်တိုင်းအထွေထွေစီးပွားရေးလုပ်ငန်း၊သမဝါယမအသင်းစုချုပ်။

မသက်ဆိုင်ပါကြောင်း

ကျွန်မ–ဒေါ်ခွေခန့်ဟုန် (ကေအယ်လ်အိုဗ်–၀၇၂၀၄၀) ကိုင်ဆောင်သူမှ ခင်ပွန်းဖြစ်သူ ဦးထောင်ကျင့်ထန်၊ ၅/ကလထ(နိုင်) ၀၅၉၂၀၀ ကိုင်ဆောင်သူအား စိတ်သဘောထား ချင်းမတိုက်ဆိုင်တော့သဖြင့် ၁၉–၄–၂၀၀၄ နေ့မှစ၍ ကျွန်မနဲ့ မသက်ဆိုင်တော့ပါ၊ နောက်နောင် ဦးထောင်ကျင့်ထန်ဘက်မှ အနှောင့်အယှက်တစ်စုံတစ်ရာ မပြုလုပ်ရန် ကြေညာအပ်ပါသည်။

ဒေါ်ခွေခန့်ဟုန်
ဇနီး

ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၏ဇနီး နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမျိုးသမီးများအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ဆွေစိုး (ဦးဆောင်ညွှန်ကြားရေးမှူး၊ သမဝါယမဝန်ကြီးဌာန)သည် ၂၀–၄–၂၀၀၄ရက် တွင်ကွယ်လွန်ခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

နိုင်ငံခြားရေးဝန်ကြီးဌာန
အမျိုးသမီးများအသင်း (MOFA-WA)

ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၏ဇနီး မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ဝင် ဒေါ်ခင်ဆွေစိုး(ဦးဆောင်ညွှန်ကြားရေးမှူး၊သမဝါယမဝန်ကြီးဌာန)သည် ၂၀–၄–၂၀၀၄ ရက်တွင် ကွယ်လွန်ခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ
ချစ်ကြည်ရေးအသင်း (MAWFA)

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ဆွေစိုး
(ဦးဆောင်ညွှန်ကြားရေးမှူး)
သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်း

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၏ဇနီးဖြစ်သူ သမဝါယမဝန်ကြီးဌာန၊ သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ခင်ဆွေစိုး အသက်(၅၉)နှစ်သည် ၂၀–၄–၂၀၀၄ရက် ည ၇း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်းမိသားစု။**

ဝမ်းနည်းကြေကွဲခြင်း
ဦးမျိုးမြင့်အောင် (မုံရွာ)
(တရားရုံးချုပ်ရှေ့နေ)
တွဲဖက်တိုင်းတရားသူကြီး(ငြိမ်း)
အသက်(၆၁)နှစ်

၂၀–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရန်ကုန်မြို့နေ စတိတ်တူးမိတ်ဆွေများ။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်မော်ဆွေ (လ/ထ ညွှန်မှူး၊ စီးပွား/ကူးသန်း ဝန်ကြီးဌာန၊ငြိမ်း)၏ ခင်ပွန်း ဗိုလ်မှူးချုပ်ခင်အောင် (ရေတပ်–ငြိမ်း)စီမံထူးချွန်(ပထမဆင့်) ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး(ငြိမ်း)၆၄ နှစ်သည် ၁၂–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သံအမတ်ကြီးနှင့် သံရုံးမိသားစု
မြန်မာသံရုံး၊ဟန်ွိုင်းမြို့။

ဦးစောထွန်းအောင်(Ronnie)
အသက်(၇၅)နှစ်

(ဦးစိန်ထွန်းအောင်–ဒေါ်စံမြသူ) တို့၏ သား၊ (သီရိပျံချီ ဒေါက်တာ ဦးသာကျော်–ဒေါ်မိုး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် ၇/က၊ သီရိလမ်း၊ ကျောက်ကုန်းနေ ဒေါ်ခိုင်ခိုင်၏ခင်ပွန်း၊ (ဒေါ်စံကြော့ဦး–ဦးစံရွှေဦး)၊ ဒေါ်စိန်မြမေ–(ဦးအောင်ကျော်ခံ)၊ ဒေါ်နုမေ–(ဦးသာထွန်း) တို့၏ မောင်၊ ဒေါက်တာ ဒေါ်စောသာ–ဒေါက်တာဦးကို၊ ဦးစောလှအောင်–ဒေါ်မြတင်၊ဒေါ်စောသာမေ–(ဦးဘိုအေး) တို့၏အစ်ကိုဦးစောထွန်းအောင်(Ronnie) သည် ၂၀–၄–၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၂း၀၀ နာရီတွင် အကယ်ဒမီ အထူးကုဆေးခန်းတွင် ကွယ်လွန်သွားပြီး ဖြစ်ပါ၍ ယင်းနေ့ မွန်းလွဲ၁၂း၃၀ နာရီ တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ဦးထိန်လင်း(ခ)ဗိုလ်ထိန်
(ကဗျာဆရာ လင်းသူ)
အသက်(၅၈)နှစ်

(ဦးထွန်းမောင်–ဒေါ်ကြည်ညွန့်) တို့၏သား၊ (ဦးချစ်ဦး–ဒေါ်ငွေရှင်)တို့၏ သားသမက်၊ မန္တလေးမြို့၊ စိတ္တာမဟီရပ်၊ ငါးဝင်းနေ ဒေါ်မြင့်မြင့်ဦး(စာရင်းစစ်မှူး၊ ကျောက်ဆည်ခရိုင် စာရင်းရုံး)၏ခင်ပွန်း၊ ကိုခင်ဇော်(စာရင်းစစ်၊ မဟာအောင်မြေမြို့နယ်၊ စာရင်းရုံး)၊ ကိုပြည့်စုံ–မစော ညွန့်ဝင်းတို့၏အစ်ကိုကြီး၊ ကိုနိုင်ဝင်း အောင်–မလှဲ့လှဲ့နှင်းခိုင်တို့၏ဖခင်၊ မခင် ရည်မွန်သန့်၏အဘိုးသည် ၁၁–၄–၂၀၀၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၀ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ကြာနီကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

တောင်ဒဂုံ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်း(ဘုတ်ပြင်း)မှ အောက်ပါဝန်ထမ်းများအလိုရှိသည်
လစာကောင်းကောင်းပေးမည်
(ပြည်တွင်း၌သာခန့်ထားရန်)

တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့နယ်ရှိ တောင်ဒဂုံ ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းတွင် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

၁။ Chemist-B.Sc(IC) (ကျား) ၁ ဦး
၂။ ဆီအုန်းလုပ်သားများ (ကျား) ၈၀ ဦး

စိတ်ပါဝင်စားသူများသည် ဤကြော်ငြာပါသည့်နေ့မှစ၍ ၁၀ ရက်အတွင်း မိမိတို့၏ ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသား စိစစ်ရေးကတ်မိတ္တူ၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်တို့နှင့်အတူ Golden Flower Plazaအမှတ် ၂၁၄၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ် ရန်ကုန်မြို့သို့ လာရောက်လျှောက်ထားနိုင်ပါသည်။



ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
ရန်ကုန်တိုင်းတရားရုံး၊ တရားမရုံး၌
၂၀၀၄ ခုနှစ် တရားမကြီးမှု အမှတ် ၁၈၂

အာရှခနဘဏ်လီမိတက် နှင့် ၁။ ဦးဝင်းရဲထွန်း
(၎င်းကိုယ်စား–ဦးစန်းတင့်အောင် ၂ ။
ဦးမင်းမင်း
မန်နေဂျာ) (ကတ်ဌာန)
အာရှခနဘဏ်လီမိတက်(ရုံးချုပ်)
တရားလို
တရားပြိုင်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ စဉ့်ကူးရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်း၊ အိမ်အမှတ် ၇၂၄/ဘီ နေသူ ဦးဝင်းရဲထွန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်တို့အပေါ်၌ တရားလို အာရှခနဘဏ်လီမိတက် ကတ်ဌာနမှ ငွေ ၃၇၇၀၇၄၂ ကျပ် ၃၅ ပြားရလိုမှုနှင့် လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၀၄ ခုနှစ် မေလ ၅ ရက် (၁၃၆၆ ခုနှစ် ကဆုန်လဆုတ် ၂ရက်)နေ့ နံနက် ၉ နာရီ အချိန်တွင် အထက်က အမည်ရေးသား ပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကြိုတင်၍ တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဧပြီလ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အေးအေးမင်း
တွဲဖက်တိုင်းတရားသူကြီး(၁၄)
[illegible] ရန်ကုန်မြို့။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနား များတွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာ စွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီ အတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်
ဖုန်း–၂၄၅၆၄၅၊ ၂၄၅၆၄၂

ရဟန်းအမ၊ ကျောင်းအမ
ဒေါ်မြင့်တင်
(အဖျောက်မြို့)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) (၂၇) ရပ်ကွက် ဆရာစံလမ်းမ ပိတောက်ရိပ်မွန် အိမ်ရာ၊ တိုက်အမှတ် ၂၊ အခန်း ၃၀၂နေ (ဦးကျော်–ဒေါ်ညီမ) တို့၏ သမီး၊(ဦးထွန်းဖြူ–ဒေါ်ရွှေသွယ်)တို့၏ သမီးချွေးမ၊(ဦးအေးကြိုင်–ဒေါ်တင့်)၊ (ဦးကျော်ညွန့်)–ဒေါ်သန်းနု၊ (ဦးအုံးခိုင်–ဒေါ်ခင်ညွန့်)တို့၏ညီမထွေး၊ ဒုတိယဗိုလ်မှူးကြီး တင်မောင်ဝင်း၏ချစ်ဇနီး၊ (ဦးအောင်ဝင်း)–ဒေါ်မိုးမိုးအေး၊ ဦးဇော်အောင်ဝင်း–ဒေါ်ယဉ်ယဉ်ထွေး၊ ဦးခင်မောင်သန်း–ဒေါ်နုနုရီ၊ဦးဖေဝင်း–ဒေါ်သန်းသန်းထွေး၊(ဦးသက်ဝင်း)တို့၏ မိခင်ကြီး၊ မြေး ၁၀ ယောက်တို့၏ အဘွား၊မြစ်ကိုးယောက်တို့၏ဘွားဘွားကြီး သည် ၂၀–၄–၂၀၀၄ ရက်(အင်္ဂါနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁–၄–၂၀၀၄ရက် နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေး ရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၂၆–၄–၂၀၀၄ ရက် (တနင်္လာနေ့)တွင် အထက်ပါ ဒဂုံမြို့ နေအိမ်တွင် ရက်လည် ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

၁၁–၄–၂၀၀၄ ရက်တွင် ကွယ်လွန်သွားသော ဒေါက်တာဒေါ်လှကြည်၊ အသက်(၈၁)နှစ်၊ ပါမောက္ခ ဌာနမှူး (ငြိမ်း)၊ သားဖွားနှင့် မီးယပ်ပညာဌာန၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်၏ ဈာပနကိစ္စအဝဝတွင် အစစအရာရာ ပံ့ပိုးကူညီပေးခဲ့ကြသော မြန်မာနိုင်ငံဆရာဝန်အသင်း၊ သားဖွားနှင့် မီးယပ်ပညာဌာနမှ ဌာနမှူးများ၊ ပါမောက္ခများ၊ ဆရာဝန်ကြီးများနှင့် စစ်ဘက်နယ်ဘက်မှ ဆရာဝန်များ၊ ဗဟိုအမျိုးသမီးဆေးရုံကြီးမှ ဆရာဝန် ဆရာမများ၊ ဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ အရပ်ရပ်မှ သတင်းမေး အားပေးကြသူများနှင့် လိုက်ပါပို့ဆောင်ပေးကြသူများ အားလုံးကို ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်ဝိုင်း (လယ်ဝေး)
အသက်(၈၃)နှစ်

မန္တလေးတိုင်း၊ လယ်ဝေးမြို့နယ်၊ နောင်ဘိုအရှေ့စုံပြကျေးရွာနေ(ဦးဘိုးမှင်–ဒေါ်အေးကောင်း) တို့၏ သမီးကြီး၊ (ဦးမောင်ပု)၏ဇနီး၊ ကိုသိန်းနိုင်ဦး–မစမ်းကလျာဝင်း၊ မောင်အောင်ဇော်ဖြိုး၊ မစုသွဲ့ဖြူ၊ မလှဲ့ရည်နှင်း၊ မောင်ထူးဇေလင်း၊ မောင်အောင်ဇေလင်း၊ မောင်ဟန်မင်းသိန်း၊မသိမ့်သဉ္ဇာနှင်းလွင်၊မောင်ဟိန်းထက်ဝေယံလွင်တို့၏ဘွားဘွားကြီး ဒေါ်ဝိုင်းသည် ၂၀–၄–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမြေးများ။

ကျေးဇူးတင်လွှာ

ကွယ်လွန်သူ ဒေါ်ခင်ဆွေစိုး(ဦးဆောင်ညွှန်ကြားရေးမှူး၊သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း) နာမကျန်းဖြစ်စဉ်နှင့် ဈာပနကိစ္စတို့တွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီအားပေးခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ နိုင်ငံ့အကြီးအကဲများ၏ဇနီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့်ဇနီး ဒေါ်စံယုံ၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့်ဇနီး ဒေါ်နီနီဝင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်နှင့်အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများအားလည်းကောင်း၊ ဆေးဝါးကုသစဉ် ကြပ်မတ်ညွှန်ကြားပေးပါသော ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့အားလည်းကောင်း၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှ ဆေးရုံ အုပ်ကြီး ဒေါက်တာအောင်ထွဋ်၊ ဆေးဝါးကုသမှုများပြုလုပ်ပေးခဲ့သည့် ပါမောက္ခ ဒေါက်တာစောနိုင်၊ ပါမောက္ခဒေါက်တာရဲမြ၊ ဒေါက်တာညွန့်သိန်း၊ ဒေါက်တာဇော်သန်းထွန်း၊ ဒေါက်တာသီတာဝင်းတို့နှင့် ဆရာဝန်၊ ဆရာမများလည်းကောင်း၊ ဈာပနကိစ္စတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့် သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်းမှ ဝန်ထမ်းများအားလည်းကောင်း၊ စကားပြောကြေးနန်း၊ ဖက်စ်၊ အီးမေးလ်တို့ဖြင့် ဝမ်းနည်းကြောင်းသဝဏ်လွှာများပေးပို့ခဲ့သည့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများ ပေးပို့သူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၏ဇနီးဖြစ်သူ ဒေါ်ခင်ဆွေစိုး အသက်(၅၉)နှစ် (ဦးဆောင်ညွှန်ကြားရေးမှူး၊ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း၊ သမဝါယမဝန်ကြီးဌာန)သည် ၂၀၀၄ခုနှစ် ဧပြီ ၂၀ ရက် ည ၇း၄၀ နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ဖန္စမ်းပင်မြို့ မြန်မာသံရုံးမှ သံအမတ်ကြီး၊သံရုံးဝန်ထမ်းများနှင့်မိသားစုများအားလုံးက ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာသံရုံး၊ဖနွမ်းပင်မြို့။

ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၏ဇနီး ဒေါ်ခင်ဆွေစိုး(ဦးဆောင်ညွှန်ကြားရေးမှူး၊ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း)ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ဆွေစိုး
ဦးဆောင်ညွှန်ကြားရေးမှူး
သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း၊ သမဝါယမဝန်ကြီးဌာန

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၏ဇနီး ဒေါ်ခင်ဆွေစိုး ကွယ်လွန်သည့်အတွက် မိသားစုနှင့်အတူ အဆင့်မြင့်သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂/၂၀၀၄)နံနက်ပိုင်း သင်တန်းသား/သူများမှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အဆင့်မြင့် သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း
အမှတ်စဉ်(၂/၂၀၀၄) နံနက်ပိုင်းသင်တန်းသား/သူများ။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ဆွေစိုး (ဦးဆောင်ညွှန်ကြားရေးမှူး)
သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၏ဇနီး၊ Bagan Cybertech Co.,Ltd. မှ မခင်ဆွေဝင်းကို၊ မောင်မျိုးဇင်တို့၏ မိခင်ဖြစ်သူ ဒေါ်ခင်ဆွေစိုး (ဦးဆောင်ညွှန်ကြားရေးမှူး၊ သမဝါယမဝန်ကြီးဌာန)သည် ၂၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်ခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အုပ်ချုပ်မှုအဖွဲ့နှင့်ဝန်ထမ်းများ
Bagan Cybertech Co.,Ltd.

ဘုရား၊ရဟန်း၊ကျောင်းအမကြီး
ဒေါ်ဝိုင်း
အသက်(၆၅)နှစ်

(ဦးလိုင်ကျင်ဖန်း-ဒေါ်ကျင်မြိုင်)တို့၏ သမီးထွေး၊ (ဦးကျုံယုလင်)-ဒေါ်ဝမ်ရှန်ကျင်တို့၏သမီးချွေးမ၊ ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အမှတ် ၂၂၊ ရွာမကျောင်းလမ်းနေ ဦးကျော်ဝင်း(ကျော်ညွှန့်နှင့်ညီများ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၏ဇနီး၊ ဦးခင်ထွန်း-ဒေါ်ဘေဘီ၊ ဦးထွန်းမြင့်-ဒေါ်ချွေးလေးတို့၏ ညီမ၊ ဦးထွန်းခင်-ဒေါ်ကြည်ဝင်း၊ ဦးသောင်း-ဒေါ်ထွေးကြည်၊ ဦးကောက်-ဒေါ်မော်မော်တို့၏အစ်မ၊ဦးလှဝင်း(ဆရာသွယ်)-ဒေါ်သင်းသင်းလှဲ့၊ ဦးကိုကိုနိုင်-ဒေါ်နီနီဝင်းတို့၏မိခင်၊ မချောသန္တာ၊ မသွယ်မှူးခင်၊ မသွယ်ဖူးဇင်၊မသွယ်ချူးဇင်တို့၏ အဘွားသည် ၂၂-၄-၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၄-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကိုဝင်းဇော်
အသက်(၃၅)နှစ်

ပဲခူးတိုင်း၊ ကဝမြို့နယ်၊ မကြက်ကြီးကျေးရွာနေ (ဦးမောင်တင်-ဒေါ်သိန်း)၊ (ဦးဘတင့်-ဒေါ်နှင်းမြ)တို့၏မြေး၊ ဒေါ်ခင်စိန်၊ ဒေါ်တင်ကြည်တို့၏တူ၊ တိုက်၂၊ အခန်း ၄၊ သံသုမာလမ်း၊ စုပေါင်းအိမ်ရာ သုဝဏ္ဏနေ (ဦးစိန်ဟန်-ဒေါ်ခင်စီ)တို့၏သား၊ ကိုမိုးဇော်၏ညီ၊ မဝါဝါချို (Benhur Co., Ltd.)-မောင်ဇော်လတ်ထူးတို့၏အစ်ကိုသည် ၂၁-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၀၄ရက် (အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ ဇရပ် ဒါယိကာမကြီး
ဒေါ်ဖြူဖြူ (စွန်းလွန်းယောဂီ)
အသက်(၇၁)နှစ်

ဒသမမြောက် တိပိဋကဓရ တိပိဋကကောဝိဒ အရှင်သုန္ဒရ၏ အစ်မကြီး၊ ရန်ကုန်တိုင်း၊တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၅၂၊ ဝေဇယန္တာလမ်း၊ (၈) ရပ်ကွက်နေ (ဦးဖိုးဟန်-ဒေါ်ဂွမ်း)တို့၏ သမီး၊ ဦးဝင်းမောင်(နဂါးမင်း ဒန်သတ္တုလုပ်ငန်း)၏ဇနီး၊ ဒေါ်အေးအေးဝင်း၊ ဦးအောင်ဝင်း-ဒေါ်မူမူချိုတို့၏မိခင်၊မြေး ကိုအောင်ဇော်ဝင်း - မနှင်းသီတာလွင် (သရုပ်ပြ၊ ရူပဗေဒ၊ ပြည်တက္ကသိုလ်)၊ ကိုအောင်ဇော်မိုး-မချောကလျာဗိုလ်ကြီး ဝင်းမင်းထွန်း(တပ်မတော်-ရေ)၊ မောင်ထွဋ်ထွဋ်ဝင်း၊ မဝင်းပပမိုး၊ မချိုဇင်ဝင်းနှင့် မြစ်သုံးယောက်တို့၏အဘွားသည် ၂၁-၄-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)ည ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၀၄ရက်(သောကြာနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (၁၆/၂၊ စွန်းလွန်းဂူ ဝိပဿနာကျောင်းမှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

သုံးဆယ်မြို့အသင်း(ရန်ကုန်)
ဦးကျော်ခိုင်(ခ)ဦးရွှေစိန်
(ရာသက်ပန်အသင်းဝင်)
အသက်(၆၈)နှစ်

သုံးဆယ်မြို့နေ (ဦးကက်ယုံ-ဒေါ်အုန်းရှင်)တို့၏သား၊ အမှတ် ၄၁၃၊ ရွက်လှလမ်း၊အနောက်ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ ဒေါ်ညွန့်ရင်၏ခင်ပွန်းသည် ၂၁-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၉း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၀၄ရက် (သောကြာနေ့)မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါ၍ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့။

ဦးကင်းညွန့် (ချောက်မြို့)
အသက်(၈၅)နှစ်

ရန်ကုန်မြို့နေ ဦးတင်ဝင်း-ဒေါ်ပိကြူး၊ အောင်လံမြို့နေ ဦးထွန်းအေး-ဒေါ်သိဂီ၊ ချောက်မြို့နေ ဦးဝင်းဇော်-မလှမြင့်၊ ရန်ကုန်မြို့နေ ဦးမောင်မောင်တင့်-(ဒေါ်သန်းဌေး)၊ ရန်ကုန်မြို့၊ အောင်မင်္ဂလာအဝေးပြေးကားဝင်းနေ ဦးမောင်မောင်မြင့်-ဒေါ်သန်းသန်းဌေး၊ မခင်နု၊ မန္တလေးမြို့နေ ဦးမောင်မောင်ဆင့်-ဒေါ်တင်တင်မွေး၊ ဦးမောင်မောင်-ဒေါ်မိမိလွင်၊ ရန်ကုန်မြို့နေ ဦးစန်းလွင်-ဒေါ်ဝါဝါတို့၏ကျေးဇူးရှင်ဖခင်၊ ကွယ်လွန်သူ ဒေါ်မွေး၏ခင်ပွန်း၊ မြေး ၂၁ ယောက်၊ မြစ်လေးယောက်တို့၏အဘိုး ဦးကင်းညွန့်သည် ရန်ကုန်မြို့ ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ၂၀-၄-၂၀၀၄ရက် ညနေ ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၄-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ် ၂၈/၃၂ (မြေညီထပ်)၊ ရွှေဘုံသာလမ်းနေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်ရီ (ဗဟန်း)
(ရန်ကုန်ဟိုက်စကူးကျောင်းသူဟောင်း)
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ် ၅၃၊ အခန်း ၁၂၊ မြန်မာ့အလင်းသတင်းစာတိုက်ဝင်းနေ (ဦးစိန်-ဒေါ်ခင်အေးနွယ်)၊ ဒေါ်အေးတင်တို့၏သမီး၊ (ဦးတင်မောင်-ဒေါ်စောကျင်)တို့၏သမီးချွေးမ၊ ဓာတ်ပုံ ဦးသွင်အေး (သတင်းထောက်မှူး၊ ငြိမ်း၊ ကြေးမုံ)၏ဇနီး၊ ဦးလှမြင့်(ညွှန်မှူးစီမံ၊ ငြိမ်း၊ ဆေး/သု ဦးစီးဌာန၊ အုပ်ချုပ်ရေးနှင့် HR မန်နေဂျာ (M.G.S)-ဒေါ်မြင့်မြင့်သန်းတို့၏ညီမ၊ ဦးမြင့်ထွန်း-ဒေါ်သန်းသန်းရွှေ၊ ဦးထွန်းထွန်းဝင်း (ဆေး၊ သုဦးစီး)-ဒေါ်သန်းသန်းအေး(ဆေး/သုဦးစီး)-ဒေါ်အေးအေးမာ (စိုက်ပျိုးရေး)၊ (ဦးအောင်ဇော်တင့်)-ဒေါ်မြင့်မြင့်ဇော်၊ ဦးကျော်ရှင်း-ဒေါ်ချိုချိုလွင်၊ ဦးဇော်လင်း-ဒေါ်ခင်စိုးမြင့်တို့၏အစ်မ၊ [ဦးသိုက်ထွန်း(ကြေးမုံ၊ ငြိမ်း)-ဒေါ်ခင်ညွန့်]၊ (ဦးသိန်းတင်-ဒေါ်မြမြ)၊ ဦးကျော်ဌေး-ဒေါ်သန်းသန်းဆွေတို့၏ညီမ၊ ဦးဉာဏ်ဝင်းထွန်း(GM-Forward Co., Ltd.)-ဒေါ်မိမိသွင်၊ ဦးဇော်ဇော်သွင်-ဒေါ်အေးမိစံ(ဝါနှင့်ပိုးချည်)၊ ဦးမောင်မောင်သွင်-ဒေါ်တင်တင်ဦး(ပုံနှိပ်/ရှင်း)၊ ဒေါ်ညိုမီသွင်(အာရှဓနဘဏ်ရုံးချုပ်)တို့၏မိခင်၊ မဖြိုးရတနာသွင်(လသာ-၂)၊ မဇာခြည်သွင်တို့၏ဘွားဘွားကြီးသည် ၂၂-၄-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၂ နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၀၄ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
အောင်သုခ ဓမ္မရိပ်သာ ယောဂီဟောင်း
ဦးခင်မောင်မြင့်
တာဝန်ခံအယ်ဒီတာ (မဟောသီမဂ္ဂဇင်း)
အသက်(၆၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီ ၁၇ လမ်း၊ အမှတ် ၃၅၈ နေ(ဦးစန်းမောင်-ဒေါ်စန်းရီ)တို့၏သား၊ (ဦးထွန်းခင်-ဒေါ်စောမြိုင်)တို့၏သားသမက်၊ ဒေါ်ခင်အုန်းကြည်၏ခင်ပွန်း၊ ဒေါက်တာဖြိုးသီဟ (အထူးကုဆေးရုံကြီး၊ ဝေဘာဂီ)၊ (မောင်ကျော်ဝဏ္ဏ)၊ မောင်ဖြိုးပိုင်(B.E Electronics)တို့၏ဖခင်၊ ဦးစောလွင် (ဦးစီးအရာရှိ၊ အကောက်ခွန်ဦးစီးဌာန၊ ငြိမ်း)-ဒေါ်သန်းမြင့်(အထက-၁၊ တောင်ဥက္ကလာပ၊ ငြိမ်း)တို့၏ညီ၊ ဒေါ်ခင်စောရီ၏အစ်ကိုသည် ၂၁-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁း၅၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင်ထွက်ပါမည်။) (၃၃ လမ်း၊ လေထန်ကုန်းမှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်သန်းသန်းအေး(ခ)ဒေါ်မာလွင်
အသက်(၇၆)နှစ်

မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်းနာယက ဦးမော်သန်း (ပါမောက္ခချုပ်၊ ငြိမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)၏ဇနီးဖြစ်သူ ဒေါ်သန်းသန်းအေး(ခ)ဒေါ်မာလွင်သည် ၂၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊
မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း။

ဒုအရာခံဗိုလ်အုန်းသွင်
မှတ်တမ်းရုံး(ငြိမ်း)
အသက်(၇၇)နှစ်

ဧရာဝတီတိုင်း၊ ဘိုကလေးမြို့နယ်၊ စိန်ဟိုင်းကျေးရွာနေ (ဦးသာလွင်-ဒေါ်မယ်မြိုင်)တို့၏သား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကမ်းနားလမ်း၊ အမှတ် ၂၄၉ နေ (ဦးမြင့်-ဒေါ်သိန်း)တို့၏သားသမက်၊(ဒေါ်ခင်သန်း)၏ခင်ပွန်း၊(ဦးတင်အောင်)၊ ဦးအောင်နိုင်-ဒေါ်သန်းသန်းရီ၊ (ဦးသန်းထွန်း)၊ ဦးစိုးလွင်-ဒေါ်ဝင်းဝင်းမာ၊ ဦးကျော်ဝင်း-ဒေါ်အေးအေးမိုး၊ ဒုရဲအုပ်ဇော်လင်း - (ဒေါ်ခင်မြတ်သူ)၊ ဦးသန်းစိုး-ဒေါ်တင်တင်နွယ်၊ ဦးထွန်းထွန်းနိုင်-ဒေါ်ဆွေဆွေမာ၊ (ဦးကျော်တင်)၊ ဦးအောင်ကျော်ထွေး-ဒေါ်ခင်ဝင်းမာတို့၏ဖခင်၊ မြေး ၁၈ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၁-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၄-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
နော်ရှည်
(မရမ်းချိုကျေးရွာ၊ ပုသိမ်)
အသက်(၇၃)နှစ်

အင်းစိန်မြို့နယ်၊ အမှတ် ၁၄၈၊ မင်းကြီးလမ်း၊ တောင်သူကုန်းရပ်ကွက်နေ (ဦးဘစိန်-နော်အေးစာ)တို့၏သမီးလတ်၊ ဦးရွှေသိန်း၏ဇနီး၊ (နော်အယ်ထူး)၊ သိက္ခာတော်ရဆရာ စောလယ်ထူး (ယုဒသာန်ကရင် မိသာမာယ)-ဆရာမ မာလင်းအားမူဖိုး (ကရင်နှစ်ခြင်း ဓမ္မတက္ကသိုလ်)၊ နော်အယ်စေး(B.Min-MICT)-စောမောင်မောင်တို့၏မိခင်၊ နော်အဲနာမောင်၊ စောဂျွန်အေးမောင်၊ နော်ဗေရယ်မောင်၊ စောတဲရင့်ကဲဘလုထူး၊ စောကလဲရင့်မားဘလုထူးတို့၏ အဘွားသည် ၂၁-၄-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁း၀၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၅-၄-၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ယုဒသာန်ဘုရားရှိခိုးကျောင်းတွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
စောနေထွန်းဇင်
B.E (EP)
အသက်(၅၂)နှစ်

ဒေါ်သန်းရင်-(ဦးရွှေဖေ)တို့၏သား၊ နော်ထူးပွယ်ဖော၏ခင်ပွန်း၊ နော်ဒေါလ်ရတီထွန်းဇင်၊ စောသောမတ်စ်ထွန်းဇင်တို့၏ဖခင်သည် ၂၂-၄-၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၄-၄-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ဦးရွှေနုလမ်း၊ သမိုင်း ကရင်နှစ်ခြင်းဘုရားရှိခိုးကျောင်း၌ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးအုန်းစိန် (အပေါင်၊ကျွဲခြံ)
အသက်(၉၀)

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ (၁) ရပ်ကွက်၊ တိုက် ၁၃၊ အခန်း ၂ နေ (ဦးဖိုးမြင့်-ဒေါ်မြရင်)တို့၏သား၊ ဒေါ်ခင်ထား၏ခင်ပွန်း၊ ဦးငွေထွန်း(ကျောက်မျက်)-ဒေါ်ဝါဝါမိုး၊ ဒေါ်မြင့်မြင့်သန်း (ကျောက်မျက်)၊ ဦးငွေလင်း-ဒေါ်မူမူ၊ ဦးကျော်နိုင်(AE၊ ရန်ကုန်-စစ်တွေ စီမံကိန်း)-ဒေါ်လှဲ့နှင်းဇင်(AE၊တောင်ငူ အောင်တိုအိပ်ချိန်း)၊ ဦးခင်ဇော်ဝင်းတို့၏ ဖခင်သည် ၂၁-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၀၄ရက် (သောကြာနေ့)ညနေ ၄း၃၀နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်း၊ရေတွင်း ဒါယိကာမကြီး
ဒေါ်စွမ်ကြိုး (ဖျာပုံ)
အသက်(၈၇)နှစ်

(ဦးချန်ရင်ကြိုင်)၏ဇနီး၊ ဖျာပုံမြို့နယ် အမှတ် ၉၂၊ ဒုတိယလမ်းနေ ဒေါ်ကျင်သန်း(ရေလုပ်ငန်းသုံးပစ္စည်းရောင်းဝယ်ရေး)၊ရန်ကုန်မြို့၊ အမှတ် ၂၆၊ ၁၄လမ်း၊ လမ်းမတော်မြို့နယ်နေ ဦးမြင့်ဦး-ဒေါ်သန်းမြင့်(ရေလုပ်ငန်းပစ္စည်းရောင်းဝယ်ရေး)၊ ဖျာပုံမြို့၊ အမှတ် ၇၃၊ ဒုတိယလမ်းနေ ဦးမင်းဇော်-ဒေါ်အေးအေးသန်း (ရတနာပုံ၊ စီပေါင်း၊ ပုစွန်ခြောက်ရောင်းဝယ်ရေး)တို့၏မိခင်၊ မလင်းလင်းထွန်း၊ မောင်သန်းကုဋေဦး၊ မောင်ဌေးခိုင်၊ မောင်အောင်ကျော်စိုး၊ မောင်စိုးလင်းထက်၊ မောင်ဉာဏ်လင်းထက်တို့၏အဘွားသည် ၂၀-၄-၂၀၀၄ရက်(အင်္ဂါနေ့) ည ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၂၆၊ ၁၄ လမ်း၊ လမ်းမတော် နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းအမကြီး
ဒေါ်မြ
အသက်(၈၁)နှစ်

မော်လမြိုင်မြို့၊ မရမ်းကုန်း၊ မဂ္ဂင်လမ်း၊ အမှတ် ၅၉ နေ (ဦးဂင်ချောင်း-ဒေါ်သောင်း)တို့၏သမီး၊ (ဦးကြည်သိန်း)(မြတည်းခိုခန်း)၏ဇနီး၊ ဦးညွန့်လှိုင်-ဒေါ်တင်ကြည်၊ ဦးတိုးအောင်-ဒေါ်လှလှမြင့်၊ ဦးတိုးစိန်-ဒေါ်ဝင်းမြင့်၊ (ဦးစန်းမောင်)-ဒေါ်တင်တင်ဝင်း၊ ဦးစိန်ဌေး-ဒေါ်ငွေအေး၊ ဦးဇော်မင်းဦး-ဒေါ်ဝင်းဝင်းခိုင်၊ ဦးကျော်ရှင်(Tiger Black Head Group)-ဒေါ်စန်းစန်းမော်တို့၏မိခင်၊ မြေး ၂၁ယောက်၊ မြစ် ၁၂ ယောက်တို့၏အဘွားသည် ၂၁-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၅၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၄-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ဝဲကလာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

၂၇-၄-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၇ နာရီတွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးရေစက်ချ တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးမောင်ကျော်
အသက်(၅၆)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်းမြို့နယ်)၊ (၃၅) ရပ်ကွက်၊ အိမ်အမှတ် ၁၀၇၅၊ ကန်သာယာ ၂ လမ်းနေ ဒေါ်ခင်စိန်(ခ)ဒေါ်မီးမီး၏ခင်ပွန်း၊ မောင်ဆန်းနေလင်း၊ မောင်မျိုးနေမင်းထက်၏ဖခင်သည် ၂၂-၄-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၉း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၀၄ရက် နံနက် ၁၁း၄၀ နာရီတွင်နေအိမ်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်သန်းသန်းလွင်(ခ)ဘေဘီ
ကထိက(သတ္တဗေဒဌာန)
ဆေးတက္ကသိုလ်(၂)ရန်ကုန်
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်၊ ဖိုးခေါင်လမ်း၊ အမှတ် ၂၄၀ နေ ဦးတင်အုန်း-(ဒေါ်စိန်မြ)တို့၏ သမီး၊သရက်မြို့နေ (ဦးသိန်းလှိုင်)-ဒေါ်အေးသွင်၊ ဦးလှရွှေ-ဒေါ်မြနွဲ့တို့၏ တူမ၊ဒေါ်တင်တင်စီ(သရက်မြို့)(အထက-၁၊အထက်တန်းပြဆရာမ)၏ညီမ၊ကိုတင့်ဆွေ၊ မစပါယ်၊ မန္တယ်နီ၊ မဝါဝါ၊ ကျော်စွာထက်၊ ဇော်ဇော်ထက်၊ မောင်သက်ဇော်တို့၏အစ်မသည်၂၂-၄-၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၄-၄-၂၀၀၄ရက် နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၇း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းဒါယကာကြီး
ဦးထွန်းအုန်း (သံပန်း၊သံတံခါး)
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် ၆၊ စကြာလမ်း၊ ကျောက်မြောင်း(မြေညီထပ်)နေ (ဦးခင်မောင်-ဒေါ်သိန်းရွှေ)တို့၏သား၊ဒေါ်ညွန့်ညွန့်သန်း၏ခင်ပွန်း၊ မောင်မြင့်ဆွေ-မစန်းယုထွန်း၊ မအေးဖြူခိုင်တို့၏ဖခင်၊ ဒေါ်ခင်ရွှေ၊ ဒေါ်ရွှေရွှေ၊ ဒေါ်ငွေငွေ၊ ဒေါ်ရီရီသိန်း-ဦးကြည်ဝင်း၊ မောင်ခင်စိုးတို့၏အစ်ကို၊ မလှသူဇာမြင့်၏အဘိုးသည် ၂၁-၄-၂၀၀၄ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တ ကုမာရထေရ် (တောင်ကုတ်)
သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါ

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ သိမ်တောင်ကျောင်းကြီး၌ သီတင်းသုံးတော်မူသည့် ကံပိုင်ဂိုဏ်းကြီး၏ ဦးစီးနာယက၊ ဂဏာစရိယ၊ ဂဏပါမောက္ခ၊ လဒ္ဓိပေသလ၊သိက္ခာကာမ၊ဝိနယဂရုကဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တ ကုမာရမဟာထေရ်သည် အထက်ပါကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၇ ရက် (၂၅-၄-၂၀၀၄ရက်)တွင် အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ဈာပနကော်မတီ

သိမ်တောင်ကျောင်းကြီး၊တောင်ကုတ်မြို့၊ရခိုင်ပြည်နယ်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော်ဘဒ္ဒန္တ ဇဋိလ (ရွှေတိဂုံအဖွားခက်ဓမ္မာရုံ)
သက်တော်(၆၉)နှစ်၊ သိက္ခာတော်(၄၉)ဝါ

ရွှေတိဂုံအောက်ပစ္စယာ အဖွားခက်ဓမ္မာရုံ၌ သီတင်းသုံးနေထိုင်တော်မူသော ဆရာတော် ဘဒ္ဒန္တ ဇဋိလ (သာသနဓဇဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ) မကွေးတိုင်း ဆိပ်ဖြူမြို့နယ် လိပ်ခြံရွာဆရာတော်သည် ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၂ ရက် (အင်္ဂါနေ့) ညနေ ၃း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါ၍ ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၆ ရက် (၂၄-၄-၂၀၀၄ရက်) စနေနေ့ မွန်းတည့် ၁၂ နာရီတွင် အဖွားခက်ဓမ္မာရုံ၌ အခမ်းအနားဆင်ယင်ကျင်းပပြီး ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပန ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (အဖွားခက်ဓမ္မာရုံမှ မွန်းလွဲ ၂ နာရီတွင် ကားများထွက်ခွာပါမည်။)

တပည့်သံဃာတော်များနှင့်ဒါယကာ၊ဒါယိကာမများ။

ဦးမောင်ကြည်(ခ) ဦးခီးယား (မြိတ်)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊မလွှကုန်း၊ ငွေကြယ်ရပ်ကွက်၊ သူဌေးလမ်း၊ အိမ်အမှတ် ၁၂၊ လေးလွှာနေ ဒေါ်သိန်း၏ခင်ပွန်း၊ ဦးသက်လွင်-ဒေါ်အာယု၊ ဦးမောင်မောင်-ဒေါ်ခင်ယုလွင် (မော်လမြိုင်)၊ Capt-သိန်းအင် (Skyline Ship Management)-ဒေါ်စပယ်ခိုင်၊ ဦးကျော်ညွန့်-ဒေါ်အေးအေးယု၊ ဦးစင်းအင်-ဒေါ်စောကြည်၊ ဦးဂွမ်အင်-ဒေါ်တင်တင်လှိုင်၊ (ဦးအင်စိုး)၊ (ဦးထွေးအင်)-ဒေါ်သန်းသန်းနွယ်၊ မဆွေဆွေယု၊ မဝေဝေယု (ယုဇနကုမ္ပဏီ)၊ ကိုသက်ထွေး(ယုဇနကုမ္ပဏီ)-မငြိမ်းပပ(နည်းပြ၊ မြန်မာစာဌာန)တို့၏ဖခင်၊ မြေး ၁၅ ယောက်တို့၏အဘိုးသည် ၂၂-၄-၂၀၀၄ ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁၂း၅၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၀၄ရက် (စနေနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးအောင်ကြည်
သက္ကလ(ပဲခူးတိုင်း)
အသက်(၇၇)နှစ်

သက္ကလစံပြကျေးရွာ(ဦးအုံးရှင်-ဒေါ်သိန်း)တို့၏သား၊ (ဦးထွန်းတင်-ဒေါ်ကြည်)၊(ဦးပြား-ဒေါ်ရီ)တို့၏မောင်၊ (ဦးလှရွှေ)-ဒေါ်ရင်မြ၊ (ဦးထွန်းစိန်)-ဒေါ်ရင်နု၊ (ဦးမြသန်း)၊ ဒေါ်ကျင်ဥ၊ (ဦးတိုး)-ဒေါ်တင်မြင့်တို့၏ အစ်ကို၊ အမှတ် ၂၂၊ လေးလွှာ၊ အင်္ဂပူလမ်း၊ စမ်းချောင်းမြို့နေ (ဒေါ်ညွန့်စိန်)၏ ခင်ပွန်း၊ ဦးမြင့်ဆွေ-ဒေါ်မူမူ၊ ဒေါ်သန်းလှ (ပုဇွန်တောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)၊ ဦးထိန်လင်း-ဒေါ်ချိုချိုဝင်း(ဘဏ်ခွဲ-၆)တို့၏ ဖခင်၊ မချိုဇင်သက်၊ မလှဲ့ရည်လင်းတို့၏အဘိုးသည် ၂၁-၄-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၃-၄-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မမ
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အသက်(၆၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊စံပြဖလပလရပ်ကွက်၊တိုက် ၁၀၊ အခန်း ၂၅ နေ (ဦးသိန်းဖေ-ဒေါ်ရန်)တို့၏သမီးကြီး၊ ဦးအောင်ကြွယ်၏ဇနီး၊ မစောယုလင်း (အထက-၄၊ ဗိုလ်တထောင်)၏မိခင်၊ ဦးအောင်မိုး(ခ) ဦးအောင်ဇေယျ(ဆသရ၊ ကွန်ပျူတာ)-ဒေါ်ခတုကလျာ(သ/မကောလိပ်)၊ ဒေါ်အေးအေးသိန်း-ဦးရည်ဝင်း၊ ဦးသက်ထွန်း(ဦးသုမ န)၊ Dr.ဒေါ်ခင်ခင်ဝင်း-Dr. ဦးကိုကိုဇော်တို့၏အစ်မကြီးသည် ၂၁-၄-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်တီ (ပဲခူး)
အသက်(၉၀)

ပဲခူးတိုင်း၊ ကမာစဲရွာနေ (ဦးမြတ်ကျော်-ဒေါ်စိမ်းခင်)တို့၏သမီး၊ ပဲခူးမြို့နေမြို့အုပ်ကြီး(ဦးဘကျော်-ဒေါ်တင်)တို့၏သမီးချွေးမ၊ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ နတ်ချောင်းနေ (ဦးစိန်မောင်)-ဒေါ်လှမြင့်၊ ဦးပါ-ဒေါ်ခင်ခင်တို့၏အစ်မ၊ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ အမှတ် ၄၅၊ ဓမ္မဝိဟာရလမ်းနေ (ဦးစောလှ)(ဒုတိယအတွင်းဝန်၊ နိုင်ငံခြားရေးရုံး)၏ဇနီး၊ (ဦးအုန်းသွယ်)-ဒေါ်ထားကြည်၊ (ဦးလှမြင့်)-ဒေါ်မြမေ၊ (ဦးလှတင့်)-ဒေါ်ညွန့်ညွန့်ခင်၊ ဦးတင်ထွန်း-ဒေါ်ခင်သန်းရီတို့၏အဒေါ်၊ မြေး ၁၇ ယောက်၊မြစ် ၁၅ယောက်တို့၏ဘွားဘွားကြီးသည် တာမွေမြို့နယ်၊ အမှတ် ၄၅၊ ဓမ္မဝိဟာရလမ်းနေအိမ်၌ ၂၂-၄-၂၀၀၄ရက် ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၄-၂၀၀၄ရက် (စနေနေ့) တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ကျန်ရစ်သူမိသားစု။

ဒေါ်ရီရီခင် (တိုက်ကြီး)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် ၃၁၅၊ဘုတာရုံလမ်း၊ကံဘဲ့၊(၁၁)ရပ်ကွက်နေ ကန်တော့ခံ စာပေပညာရှင် အမျိုးသားစာပေ ပထမဆုရ စာရေးဆရာ ညိုဝင်း(ခ)ဦးကျော်ဝင်း၏ဇနီး၊ ဦးဇော်ဝင်း(ခ)ပန်းချီဝေမွန်လင်း-ဒေါ်မြင့်မြင့်ရည်၊ ဦးအောင်ဇင်-ဒေါ်ဒေစီ၊ ဦးအောင်ကြည်(ဥက္ကဋ္ဌ၊ စက်မှုဇုန်(၃)၊ တောင်ဒဂုံ)၊ ဒေါ်ခင်သီတာဝင်း(ပြည်ဖြိုး ဆန်ရောင်းဝယ်ရေး)၊ ဦးအောင်စိုးဝင်း(တွဲဖက်ပညာရေးမှူး၊ ရန်ကင်းမြို့နယ် ရုံးရာပန်းအစည်းအရုံး၊ Royal Artisan Co., Ltd.)-ဒေါ်နွယ်နီ၊ ဦးသိန်းထွန်း-ဒေါ်ခင်မြင့်မြင့်မော်၊ ဦးမြင့်သိန်း-ဒေါ်ခင်စန္ဒာမိုး၊ ဦးနေလင်းနိုင်-ဒေါ်ခင်ဝေလှိုင်၊ ဦးခင်မောင်ညို-ဒေါ်ခင်နုကြည်၊ ဦးရဲမင်းမောင်-ဒေါ်ခင်သူဇာဝင်းတို့၏မိခင်သည် ၂၁-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၄၅ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

မမေသွယ်ခိုင်(ခ)မိုနို
နဝမတန်း(အထက-၁၊ ဒဂုံ)
အသက်(၁၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၉၅၊ ၁၀၁ လမ်းနေ (ဗိုလ်ကြီးစောလှိုင်)(ငြိမ်း)-ဒေါ်ခင်အေးရီ(အထကဆရာမ၊ ငြိမ်း၊ အထက-၁၊ သန်လျင်)တို့၏မြေး၊ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ နိဗ္ဗာန်ကြေမလမ်း၊ အမှတ် ၄၅၊ ငါးလွှာနေ ဦးအောင်စောဦး 2/0(Lister Co.)-ဒေါ်မိမိခိုင်တို့၏သမီးဦး၊ မအိသဲဖြူ (ဆဋ္ဌမတန်း၊ အထက-၁၊ ဒဂုံ)၏အစ်မ၊ ဦးအောင်သန်း၊ ဒေါ်ဥမ္မာစောဦး (ဆည်မြောင်းရုံးချုပ်)၊ (ဦးစိုးမိုးစော)၊ ဦးတင်မိုးစော-ဒေါ်တင်တင်ဝင်း (သစ်တောရုံးချုပ်)၏တူမသည် ၂၂-၄-၂၀၀၄ရက် နံနက် ၉း၃၀ နာရီတွင် ရန်ကုန်မြို့ ကလေးဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၄-၄-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၅၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၀၄) တတိယနေ့တွင် တာဝန်ရှိသူများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအား မှာကြားစဉ်။ (သတင်းစဉ်)

လယ်ယာသုံးစက်ကိရိယာများ စုစည်းပေါင်းစပ်ထုတ်လုပ်စက်မှုကဏ္ဍကုန်ထုတ်လုပ်မှုတိုးမြှင့်နိုင်မှ ရေရှည်ခိုင်မာဖွံ့ဖြိုးမည် စက်ပစ္စည်းကိရိယာအများစု ပြည်တွင်းမှာပင်ထုတ်လုပ်နိုင်ရေးကြိုးပမ်း

ရန်ကုန် ဧပြီ ၂၂

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၀၄)ကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန သင်တန်းခန်းမ၌ ဧပြီ ၂၀ ရက်မှ စတင်ကျင်းပခဲ့ပြီး ယနေ့ညနေပိုင်းတွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

သုံးရက်ကြာကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ဝန်ကြီးများ၊ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့်လုပ်ငန်းကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဌာနအကြီးအကဲများ၊ စက်မှုဇုန် ၁၉ ဇုန်မှ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ စုံညီစွာတက်ရောက်ခဲ့ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

ကမ္ဘာတစ်လွှားထူးထူးခြားခြား

အသက်အန္တရာယ်ရှိသောဂျယ်လီငါး

ဩစတြေးလျ သိပ္ပံပညာရှင်များသည် ဩစတြေးလျ မြောက်ဘက်အပူပိုင်း ကမ်းလွန် ပင်လယ်ပြင်တွင်းမှ အသက် သေစေနိုင်သော ဂျယ်လီငါးမျိုး စိတ်သစ်တစ်မျိုးကို ရှာဖွေတွေ့ရှိခဲ့ကြသည်။ (အပေါ်ပုံ)မှာ ရှာဖွေတွေ့ရှိခဲ့သော အသက်သေစေသည့် ဂျယ်လီငါးမျိုးစိတ်သစ်ကို လူတစ်ဦးက စိတ်ဝင်တစား ကြည့်ရှုနေပုံဖြစ်သည်။ (ဓာတ်ပုံ-အင်တာနက်)

ခေါင်းချင်းဆက်အမြွှာညီအစ်ကို

ယာပုံမှာ ၂၀၀၄ ခုနှစ် ဧပြီ ၂၁ ရက်က ကဗာဟာလာရှိ ကလေး ဆေးရုံ၌ ဒုတိယ မွေးနေ့ပွဲ ပြုလုပ်သော ကလဲရင့်စ် (ယာ)နှင့် ကားလ်အဂ္ဂါရီ ဖိလစ်ပိုင်ခေါင်းချင်းဆက်အမြွှာအား တွေ့ရပုံဖြစ်သည်။ အဆိုပါ နှစ်နှစ်သားအရွယ် အမြွှာညီအစ်ကိုအား အဓိက ခွဲစိတ်မှုသုံးကြိမ်ပြုလုပ်ခဲ့ပြီး ဖြစ်သည်။ ကလေးများ၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း သိရသည်။(ဓာတ်ပုံ-အင်တာနက်)



မန္တလေး ဈေးချိုတော် နှစ်(၁၀၀)ပြည့် အခမ်းအနား ဖွင့်ပွဲ မြင်ကွင်းကို ဤသို့တွေ့ရသည်။

ဓာတ်ပုံ-မိုးသောက်ကြယ်တင်မောင် (မန္တလေး)

မန္တလေးဈေးချိုတော်နှစ်(၁၀၀)ပြည့်ပွဲ

သတင်းဆောင်းပါး-စိန်ရွှေလှိုင်၊ ဓာတ်ပုံ-မိုးသောက်ကြယ်တင်မောင် (မန္တလေး)

ရန်ကုန် ဧပြီ ၂၂

မန္တလေးမြို့သည် မြန်မာနိုင်ငံ၏ အထင်ကရမြို့ကြီးဖြစ်သည်။ မြန်မာဘုရင်မင်းတို့၏ နောက်ဆုံးနန်းစိုက်ရာဖြစ်၍ ကျုံး၊ပြအိုး၊ပစ္စင်၊ရင်တား၊သူရဲခို စသည်တို့ ယနေ့တိုင်ပင် မြင်တွေ့နိုင်သည်။ မြန်မာ့သက္ကရာဇ် ၁၂၂၁ ခုနှစ်စတင်ခဲ့သော အုတ်ကျစ်ကျော်အေး ရတနာပုံ မန္တလေးမြို့သည် နှစ်ပေါင်း ၁၄၀ ကျော်၊ ၁၅၀ ခန့်ပင် ရှိလာပြီဖြစ်သည်။

၁၂၄၇ ခုနှစ်တွင် ဗြိတိသျှတို့သည် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲအပြီး မြန်မာနိုင်ငံကို အပြီးအပိုင်သိမ်းပိုက်၍ မန္တလေးရတနာပုံနေပြည်တော်ကို အခြေစိုက်ကာ အုပ်ချုပ်ခဲ့သည်။မန္တလေးမြို့သည် မြန်မာနိုင်ငံအလယ် ဗဟိုအချက်အချာကျသော ဧရာဝတီမြစ်ကမ်းဘေးတွင်တည်ရှိ၍ သွားလာဆက်သွယ်ရေးကောင်းမွန်ပြီး ရောင်းဝယ်ဖောက်ကားရာတွင် အထူးစည်ကားသော မြို့ဖြစ်သည်။ ဈေးကွက်ကျသော မြို့နေရာဖြစ်သည်။ ဈေးကွက်ကျ၍ ဈေးကွက်ရှိသောမြို့ဖြစ်၍ မန္တလေးမြို့တွင် ဈေးသည်ဈေးဝယ် ပိုမိုအဆင်ပြေ ကောင်းမွန်ရေးအတွက် ဈေးရောင်းချစရာဈေးများကို ဆောင်ရွက်ပေးခဲ့သည်။ *စာမျက်နှာ ၁၃ ကော်လံ ၁* ●

ယနေ့ထုတ် စောင်ရေ ၂၀၁၄၂၉